# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် ၂၀၁၅ ခုနှစ်၊ မေ ၁၆ ရက်၊ စနေနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၂၃]


ဒါန၌ စေတနာမင်္ဂလာ မုတ္တမ်

စွန့်ကြဲပေးကမ်း

လှူဒါန်းခြင်းသည်

မြတ်သောမင်္ဂလာ မည်၏။

# စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူတောင်သူလယ်သမားများအဆင့်ထိ လူ့စွမ်းအားအရင်းအမြစ်များကို ဒေသအလိုက် လေ့ကျင့်ပြုစုပျိုးထောင်သွားရမည်




ဆရာတော်ကြီးများနှင့်အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၁၅**

၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားနှင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပသည်။

ရွှေဦးစွာ ညနေ ၃ နာရီတွင် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းခံယူတော်မူကြမည့် ဆရာတော်ကြီး ၁၀ ပါး၏ သာသနာရေးနှင့် လူမှုရေးဆိုင်ရာ စွမ်းဆောင်ချက်များကို တစ်ပါးချင်းစီအလိုက် ထုတ်နုတ်ဖော်ကျူးပြသသည်။

ထို့နောက် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော်ကြီးများနှင့်အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

*စာမျက်နှာ ၆ ကော်လံ ၁* ✻

## ပြုပြင်ပြောင်းလဲမှုများ၏ တိုးတက်မှုနှင့် အနာဂတ်အလားအလာများ နိုင်ငံတကာနှင့် ပြည်တွင်းပညာရှင်များ ပါဝင်ဆွေးနွေး

စာမျက်နှာ-၃

## မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ ကုန်သွယ်မှုပမာဏ ယမန်နှစ်ထက် ပိုမို

**မူဆယ် မေ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် မြန်မာနိုင်ငံ နိုင်ငံတကာနယ်စပ်သို့ သွင်းကုန်/ပို့ကုန်များအတွက် အဓိကလမ်းကြောင်းဖြစ်သည်။ ယင်းပို့ကုန်များမှာ ဆန်၊ ပဲ၊ ဖရဲ၊ သခွား၊ သရက်၊ ရော်ဘာစသည်တို့ကို တရုတ်နိုင်ငံကို အဓိကပို့ကုန်အဖြစ် တင်ပို့နေခြင်းဖြစ်သည်။ တရုတ်နိုင်ငံမှ ဓာတ်မြေဩဇာ၊ ဘိလပ်မြေနှင့် အခြားစားသုံးကုန်များကို တင်သွင်းခဲ့ကြကြောင်း သိရသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်နေ့လျှင် တစ်ဖက်နိုင်ငံသို့ ပို့ကုန်အဖြစ် ဆန်တင်ကားစီးရေ ၁၅၀-၁၇၀ ဝန်းကျင် တင်ပို့ပြီး ပဲကားအစီးရေ ၁၀၀ ကျော်၊ သရက်သီးကား အစီးရေ ၂၀၀-၃၀၀၊ ရော်ဘာတင်ပို့ကားစီးရေ ၂၀-၃၀ ကြားတွင်ရှိကြောင်း သိရသည်။

တစ်ဖက်နိုင်ငံမှ ဓာတ်မြေဩဇာများကို တစ်နေ့လျှင်

*စာမျက်နှာ ၅ ကော်လံ ၁* ❐


## မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ



ဒေါ်မြစန္ဒာ (MRTV)

ကျွန်မမျက်နှာတစ်ခုလုံးမှာ ဝက်ခြံတွေနဲ့မို့ အရွယ်ရောက်ခါစကတည်းက စိတ်ညစ်ခဲ့ရတာ(၁၅)နှစ်ကျော်ခဲ့ပါပြီ။ လိမ်းဆေး၊စားဆေးအပြင် တိုင်းရင်းဆေး၊နိုင်ငံခြားဆေးတွေပါ ကျွန်မမျက်နှာပေါ်က ဝက်ခြံတွေကို ဆလံသကြရပါတယ်။ ဘယ်ဆေးနဲ့မှကိုမပျောက်ပါဘူးရှင်။ ရိုးရိုးသားသားဝန်ခံရရင် ရွှေပြည်နန်းသနပ်ခါးကြော်ငြာတွေကို နေရာအနှံ့အပြားမှာတွေ့ရပေမယ့် ထူးမခြားနား သီချင်းလိုပဲ သိပ်ထူးခြားမယ်လို့မထင်ခဲ့မိတာအမှန်ပါ။ ဒါပေမယ့်ရွှေပြည်နန်းသနပ်ခါးဟာ ဖိလစ်ပိုင်နိုင်ငံမနီလာမြို့မှာ ချီးမြှင့်တဲ့ ၂၀၀၈ ခုနှစ်ကမ္ဘာလုံးဆိုင်ရာ အကောင်းဆုံးဆု( 2008 GLOBAL EXCELLENCE AWARDS ) ၂၀၀၉ခုနှစ် လူထုရွေးချယ်မှုအကောင်းဆုံးဆု ( 2009 PEOPLE'S CHOICE AWARDS ) ဆိုတဲ့ဆုတွေကိုတောင် ချီးမြှင့်ခံရပြီဆိုကတည်းက စိတ်မဝင်စားလို့ကို မရတော့ဘူးပေါ့။ အဲဒါကြောင့် မိတ်ကပ်နဲ့တစ်ခြားဆေးတွေကို လုံးဝမလိမ်းတော့ဘဲ နောက်ဆုံးကျည်ဆံအဖြစ်နဲ့ ရွှေပြည်နန်းသံပရာသနပ်ခါး တစ်မျိုးတည်းကိုသာ မနက်တစ်ခါ ညတစ်ခါ လိမ်းလိုက်ရုံနဲ့တစ်လအတွင်းမှာပဲ သိသိသာသာထူးခြားလာပြီး အခုဆိုရင် လုံးဝပျောက်ကင်းသွားပါပြီ။ ရွှေပြည်နန်းကောင်းကြောင်း ပြောမယ့်ကြုံဖူးမှသိခဲ့ရပါတယ်။ ရွှေပြည်နန်းလေး အောင်မြင်မှု သရဖူကို ထာဝရပိုင်ဆိုင်နိုင်ပါစေ။

ဒေါ်မြစန္ဒာ ၊ ရုပ်သံကျွမ်းကျင်(၂)၊ MRTV ၊ နေပြည်တော် ၊တပ်ကုန်း။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဦးမိုးနှင်းအောင်၊ အငယ်တန်းလက်ထောက်၊ ကမ္ဘာ့ဘဏ်၊ ကြည်တော်ကုန်းရပ်၊ ရမည်းသင်းမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ် အပ်ပါသည်)

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရန်ကုန်မြို့ပြသန့်ရှင်းမှုအဆင့် မြင့်မားလာနိုင်

မြို့ပြပတ်ဝန်းကျင်သန့်ရှင်းရေးသည် လူမှုဘဝအဆင့်မြင့်မားရေးအတွက်သာမဟုတ်ဘဲ ပြည်သူလူထု တစ်ရပ်လုံး၏ ကျန်းမာရေးအတွက် အဓိကဖြစ်နေသည်ကို တွေ့ရပေသည်။ ပြည်သူလူထုကျန်းမာရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးသည် အရေးကြီးပါသည်။ လူတို့၏ မီးဖိုချောင်စွန့်ပစ်ပစ္စည်းများမှအစ စက်ရုံ အလုပ်ရုံဘေးထွက်ပစ္စည်းများ၊ အမှိုက်များကြောင့် နေ့စဉ်နှင့်အမျှ အမှိုက်တန်ချိန်ပေါင်းများစွာ စွန့်ပစ်နေကြရသည်။

ဤသို့စွန့်ပစ်အမှိုက်များကို စနစ်တကျကိုင်တွယ်သိမ်းဆည်းပေးနိုင်ခြင်းမရှိခဲ့သော် တစ်ချိန်တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်ကာ အများပြည်သူကျန်းမာရေးအတွက် ထိခိုက်လာနိုင်ပါသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ထိရောက်မြန်ဆန်သော အမှိုက်သိမ်းစနစ်ပေါ်ထွန်းလာစေရန် ရည်ရွယ်ကာ စွန့်ပစ်အမှိုက်သိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ပုဂ္ဂလိကကန်ထရိုက်ပေးရန် စီစဉ်လျက်ရှိပြီး ထိုသို့ဆောင်ရွက်ခြင်းအပေါ် ပြည်သူလူထု၏ သဘောထားအဆိုပြုလွှာများကို မေ ၁၈ ရက်မှစတင်တောင်းခံသွားမည်ဖြစ်သော်လည်း ပြည်သူလူထု၏ထောက်ခံမှုရှိမှသာ ထိုစနစ်သို့ ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရသည်။ ဤသို့ ပုဂ္ဂလိက အမှိုက်သိမ်းစနစ်ကို ဆောင်ရွက်ရာတွင် လုပ်ကိုင်ခွင့်ရရှိမည့်ကုမ္ပဏီနှစ်ခုက ခရိုင်နှစ်ခုစီခွဲဝေယူကာ ရန်ကုန်မြို့ အမှိုက်သိမ်း စနစ်ကို တစ်နေ့နှစ်ကြိမ်နှုန်းဖြင့် ယာဉ်ယန္တရားနှင့် လူအင်အားအပြည့်အဝသုံးကာ ဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်တွင် ယခုလက်ရှိ အမှိုက်သိမ်းဆည်းခြင်း ဝန်ဆောင်ခကို အမျိုးအစားသုံးမျိုးခွဲခြားထားပြီး Down Town ၆ မြို့နယ်ကို တစ်လလျှင် ငွေကျပ် ၆၀၀နှုန်း၊ အဆိုပါ မြို့နယ်များနှင့် ဆက်စပ်မြို့များတွင် ငွေကျပ် ၄၅၀ နှုန်း ဆင်ခြေဖုံးမြို့နယ်များတွင် ငွေကျပ် ၃၀၀ နှုန်းဖြင့် ကောက်ခံလျက်ရှိပါသည်။ ပုဂ္ဂလိကလုပ်ပိုင်ခွင့်ရရှိလာပါက မြို့တွင်း Down Town မြို့နယ်များအတွက် တစ်လလျှင်ငွေကျပ် ၁၆၀၀နှုန်း၊ ယင်းနှင့်ဆက်စပ်မြို့များတွင် ငွေကျပ် ၁၄၀၀ နှုန်း၊ ဆင်ခြေဖုံးမြို့နယ်များအတွက် တစ်လလျှင် ငွေကျပ် ၁၂၀၀ နှုန်းဖြင့် ကောက်ခံသွားရန် စီစဉ်လျက်ရှိပါသည်။ အမှိုက်သိမ်းဝန်ဆောင်ခများကို တစ်အိမ်ချင်းသာမက တိုက်ခန်းတစ်ခန်းချင်းစီအရလည်း လစဉ်ကြေး ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ဤသို့အမှိုက်သိမ်းခများ တိုးမြှင့်ကောက်ပြီး ပြည်သူလူထုအတွက် တစ်နေ့နှစ်ကြိမ်နှုန်း အမှန်တကယ် လာရောက်အမှိုက်သိမ်းပေးမည်ဆိုပါက ပေးဆောင်ရသည့် နှုန်းထားသည် မဆိုသာသော်လည်း အဆိုပါနှုန်းထားထက် တိုးမကောက်ရန် အရေးကြီးသည်။ လက်ရှိ ရန်ကုန်မြို့သန့်ရှင်းရေးသည် အလုံးစုံကောင်းမွန်သည်ဟုမဆိုနိုင်သေးရာ ပုဂ္ဂလိကမှ ဝင်ရောက်ကာ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဆိုပါက ရန်ကုန်မြို့သန့်ရှင်းရေးသည် ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်မိပါကြောင်း။ ။

# ကယားပြည်နယ်အတွင်းရှိ ကျေးရွာများသို့ လျှပ်စစ်မီးရရှိရန် ဆောင်ရွက်

**လွိုင်ကော် မေ ၁၅**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်အတွင်းရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းတည်ရှိရာမှ နှစ်မိုင်အတွင်း ကျေးရွာများသို့ ပြည်နယ်အစိုးရ ဘတ်ဂျက်မှ ကျပ်သန်းပေါင်း ၆၀၀၀ သုံးစွဲပြီး ၅၀ကေဗွီအေ ထရန်စဖော်မာ ၃၆ လုံး၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ အလုံး ၆၀၊ ၂၀၀ ကေဗွီအေထရန်စဖော်မာ ၁၁ လုံး စုစုပေါင်း ၁၁ ဒသမ ၄ကေဗွီ ထရန် စဖော်မာ ၁၀၇ လုံးတို့ဖြင့် ရွာပေါင်း ၉၅ ရွာနှင့် အိမ်ခြေ ၇၀၀၀ ခန့်ကို လျှပ်စစ်မီးရရှိစေရန် တည်ဆောက် ပေးလျက်ရှိသည်။

၎င်းတည်ဆောက်ရေးလုပ်ငန်းအား သက်ဆိုင်ရာကုမ္ပဏီများသို့ တင်ဒါများခေါ်ယူကာ ပိုလျှံငွေဖြင့် ပြည်နယ်အစိုးရမှပြည်သူ/ ကျေးရွာများသို့ ၄၀၀ ဗို့ ဓာတ်အားလိုင်းကို ကျေးရွာတစ်ရွာလျှင် ပေ ၁၅၀၀ ဖြင့် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် လျှပ်စစ်မီးမရ သေးသည့် ကျေးရွာအိမ်ခြေများလည်း ရှိနေသေးကြောင်း၊ အချို့ကျေးရွာများမှာ ၄၀၀ ဗို့ ဓာတ်အားလိုင်း၏ သတ်မှတ်ဧရိယာ ကျော်လွန်နေခြင်းကြောင့် ကျေးရွာရှိအိမ်ခြေများမှလည်း မိမိတို့၏ဆန္ဒအရ စုပေါင်း၍ တတ်နိုင်သလောက် စုစည်းပြီး ဓာတ်အားရရှိရန် ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**






# ရန်ကုန်တိုင်းဒေသကြီး ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲဝင်များ တံခွန်စိုက်ဆုဖလား ရင်ဝယ်ပိုက်၍ပြန်လာပြီ

**ရန်ကုန် မေ ၁၅**

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုတံဆိပ်အများဆုံးရပြီး တံခွန်စိုက် ဆုဖလားကြီးချီးမြှင့်ခံခဲ့ရသည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု အောင်ပွဲရပြိုင်ပွဲဝင်များသည် မေ ၁၄ ရက်က ရန်ကုန်ဘူတာကြီးသို့ မြန်မာ့မီးရထားဖြင့် ရောက်ရှိလာကြသည်။

အောင်ပွဲရအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ စီမံ/စီးပွားဝန်ကြီး ဦးသန်းမြင့်၊ တာဝန်ရှိသူများနှင့် ပြည်သူ ၅၀၀ ကျော်တို့က ဒိုးပတ်ဝိုင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များနှင့် လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုခဲ့ကြောင်း သိရသည်။


**အောင်သန်း**
**(မင်္ဂလာတောင်ညွန့်)**

# မြန်မာ့မျက်ပွင့် စာကြည့်တိုက်အတွက် ထောက်ပံ့ငွေလှူဒါန်း

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ မြန်မာ့မျက်ပွင့် စာကြည့်တိုက်အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းပေးအပ်ပွဲ အခမ်းအနားကို မေ ၁၁ ရက်က မြန်မာ့မျက်ပွင့် စာကြည့်တိုက်အစည်းအဝေးခန်းမ၌ ကျင်းပရာ အလှူငွေကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ လှူဒါန်းထား သောထောက်ပံ့ငွေကို မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်မာမာဦးက ပေးအပ်ရာ မြန်မာ့မျက်ပွင့် စာကြည့်တိုက်ဦးစီးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က လက်ခံယူသည်။

အလှူငွေနှင့် စာအုပ်များလှူဒါန်းလိုပါကဖုန်း ၀၉-၂၅၀၃၀၈၈၁၈၊ ၀၉-၉၇၂၃၈၉၇၂၇၊ ၀၉-၄၂၀၁၅၀၃၅၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၅-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၈၅၀၀ |

### စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၀၇-၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၄၀-၁၂၅၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၅-၈၃၅ |
| ထိုင်း | တစ်ဘတ် | ၃၄-၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၈-၁၈ |
| တရုတ် | တစ်ယွမ် | ၁၇၅-၁၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၈ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| ပေါ်ကွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၈၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၂၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၅၀-၁၆၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၄၅၀-၂၅၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၈၀-၆၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၀၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၄၀၀ |
| သကြား | တစ်ပိဿာ | ၁၀၂၀-၁၀၅၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။**

# ဒုတိယသမ္မတ ဦးညွှန့်ထွန်း နှစ်(၇၀)ပြည့် ဒုတိယကမ္ဘာစစ်အောင်ပွဲအောင်မြင်ခြင်း အထိမ်းအမှတ်ညစာစားပွဲတက်ရောက်




ဒုတိယသမ္မတ ဦးညွှန့်ထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး တို့ ပူးပေါင်းကျင်းပသည့် နှစ်(၇၀)ပြည့် ဒုတိယ ကမ္ဘာစစ် အောင်မြင်ခြင်း အထိမ်းအမှတ် ညစာစားပွဲတွင် ဒုတိယ ကမ္ဘာစစ် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွှန့်ထွန်းသည် ယနေ့ညပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေစံအိမ်ဟိုတယ်၌ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့ ပူးပေါင်းကျင်းပသည့် နှစ်(၇၀)ပြည့် ဒုတိယကမ္ဘာစစ်အောင်မြင်ခြင်း အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ညစာစားပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗစ်စလီဘီ ပိုစလုံနှင့် တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟို့လန်၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် ဒုတိယကမ္ဘာစစ် မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုသည်။

ထို့နောက် ရုရှားနိုင်ငံသံအမတ်ကြီးနှင့် တရုတ်နိုင်ငံသံအမတ်ကြီးတို့က နှုတ်ခွန်းဆက် စကားပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် ညစာ အတူတကွသုံးဆောင်ကြပြီး ဒုတိယကမ္ဘာစစ် ဗီဒီယိုမှတ်တမ်းများကို ကြည့်ရှုကြသည်။

**(သတင်းစဉ်)**

# ပြုပြင်ပြောင်းလဲမှုများ၏ တိုးတက်မှုနှင့် အနာဂတ်အလားအလာများ နိုင်ငံတကာနှင့် ပြည်တွင်းပညာရှင်များ ပါဝင်ဆွေးနွေး

**ရန်ကုန် မေ ၁၅**

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအရ တိုးတက်ပြောင်းလဲလာမှုနှင့် ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲများနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ ပညာရှင်များ ပါဝင်ဆွေးနွေးသည့် The Economist Events ၏ Myanmar Summit ကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စထရင်းဟိုတယ်တွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ရှေးဦးစွာ The Economist Events ၏ အရှေ့တောင်အာရှ ဒေသဆိုင်ရာကိုယ်စားလှယ် Richard Cockett က မဟာဗျူဟာပိုင်းဆိုင်ရာ အတွေးအမြင်များ ရှာဖွေနိုင်ရန် နိုင်ငံတကာဆွေးနွေးပွဲများ ကျင်းပသည့် The Economist အဖွဲ့၏ မြန်မာနိုင်ငံတွင် "Taking Stock" ခေါင်းစဉ်ဖြင့် ပထမဆုံးကျင်းပသော Myanmar Summit သည် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများ၊ အနာဂတ်တွင် ကြုံတွေ့ရမည့် အလားအလာများနှင့်စပ်လျဉ်း၍ ပညာရှင်များပါဝင်သည့် ဆွေးနွေးပွဲများမှတစ်ဆင့် အကြံဉာဏ်ကောင်းများ ရရှိကာ ပိုမိုကောင်းမွန်သည့် မြန်မာ့လူမှုပတ်ဝန်းကျင် တည်ထောင်နိုင်အောင် အထောက်အပံ့ ဖြစ်ပါစေကြောင်း စသည်ဖြင့် နှုတ်ခွန်းဆက်ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများ၊ ပြုပြင်ပြောင်းလဲရေးတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများတို့နှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ၏ သမိုင်းဝင် အကူးအပြောင်း ဆက်လက် ဖြစ်ထွန်းအောင် ကြိုးပမ်းရာတွင် အဓိကစိန်ခေါ်မှုအချို့နှင့် အတားအဆီးများကို သိရှိစေရန် "ပြုပြင်ပြောင်းလဲရေး တည်ဆောက်သူများနှင့် စကားဝိုင်းဖွဲ့ခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးဆိုင်ရာ အကြံပေးပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ ဦးရောဘတ်စန်းဖေ၊ ပထမပုဂ္ဂလိကဘဏ် ဥက္ကဋ္ဌ ဦးစိန်မောင်တို့က ဦးဆောင် ဆွေးနွေးခဲ့ကာ The Economist ၏ အရှေ့တောင်အာရှကိုယ်စားလှယ် Richard Cockett ကဆွေးနွေးပွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် စာရင်းအင်းကိန်းဂဏန်းများနှင့် မြန်မာ့အကူးအပြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေး ပဟေဠိပုစ္ဆာများ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလိုအပ်ချက်များ၊ မြန်မာ့ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမည့် နည်းလမ်းများ၊ မြန်မာ့အနာဂတ်မျိုးဆက်သစ်၊ ငြိမ်းချမ်းရေး တည်ဆောက်ထိန်းသိမ်းခြင်း၊ ၂၀၁၅ အလွန် မြန်မာ့အနာဂတ် အလားအလာ ခေါင်းစဉ်များဖြင့် ပြည်တွင်းပြည်ပပညာရှင်များ ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။




ထို့နောက် The Economist Events ၏ Myanmar Summit ကို ဆွေးနွေးပွဲ သဘာပတိအဖြစ် ဆောင်ရွက်သည့် Richard Cockett က နိဂုံးချုပ်စကားပြောကြားသည်။

The Economist သည် ဓမ္မဓိဋ္ဌာန်ကျပြီး ဗဟုသုတရဖွယ် လေ့လာဆန်းစစ်ချက်များပေးနိုင်သည့် နိုင်ငံတကာပညာရှင်များ ပါဝင်သည့် ဆွေးနွေးပွဲများ၊ ညီလာခံများ၊ စီမံခန့်ခွဲရေး အခမ်းအနားများနှင့် အစိုးရ စကားဝိုင်းများကို ဦးဆောင်စီစဉ်ပေးသည့် နှစ်ပေါင်း (၁၆၂) အတွေ့အကြုံရှိ အဖွဲ့အစည်းတစ်ခုဖြစ်ကာ မြန်မာ့ရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် လာရောက်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

အခမ့်ကျွန်ပြုစေခိုင်းခြင်းနှင့် အတိဒုက္ခအမျိုးမျိုးတို့ ကြုံတွေ့ခံစားနေရသဖြင့် ပြီးခဲ့သည့် မေလဆန်းပိုင်းက အင်ဒိုနီးရှားနိုင်ငံမှ သက်ဆိုင်ရာမြန်မာနိုင်ငံသို့ သတင်းပေးပို့ခဲ့သဖြင့် အခုလို ကမ္ဘောဇဘဏ်အုပ်စုမှ လူသားချင်းစာနာထောက်ထားမှုအနေဖြင့် အဆိုပါဒုက္ခသည်များကို အခမဲ့အကုန်အကျခံ ကုသိုလ်ပြု ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ မြန်မာရေလုပ်သားတစ်ဦးလျှင် ကူညီထောက်ပံ့ ငွေကျပ်တစ်သိန်းစီ ပေးအပ်ခြင်း၊ UNICEF မှ ကူညီထောက်ပံ့သော အသုံးအဆောင် ပစ္စည်း ၁၄ မျိုးကို လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာရေလုပ်သားတစ်ဦးစီအား ပေးအပ်ခြင်းများပြုလုပ်ခဲ့သည်။

ကမ္ဘောဇဘဏ်အုပ်စုအနေဖြင့် အဆိုပါမြန်မာနိုင်ငံမှ ဒုက္ခသည် တစ်ဦးကို လေယာဉ်စင်းလုံးငှား အပြည်ပြည်ဆိုင်ရာ လေကြောင်း တစ်ခေါက်လျှင် အမေရိကန်ဒေါ်လာတစ်သိန်း အကုန်အကျခံ သယ်ဆောင်ပေးခဲ့သည့်အပြင်ပြန်လည် ရောက်ရှိလာသည့် ဒုက္ခသည်များ မိမိနေရပ်ပြန်နိုင်စေရန်တစ်ဦးလျှင် မြန်မာငွေကျပ်ငါးသောင်းစီကိုလည်း လှူဒါန်းဒါနပြုခဲ့ကြောင်း သိရသည်။

မေ ၁၅ ရက်ညက ခေါ်ဆောင်လာသည့် ဒုက္ခသည်များအား ရန်ကုန်မြို့မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနအောက်တွင်ထားရှိပြီး လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က လိုအပ်သည်များ လမ်းညွှန်လုပ်ကိုင်ပေးခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ကာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို တချို့တစ်ဝက်ပြန်လည် အပ်နှံပို့ဆောင်ပေးနေပြီ ဖြစ်သည်။

"ကျွန်တော်တို့ ဒီနေ့ဆို လူတော်တော်များများကို သက်ဆိုင်ရာက မေးမြန်းမှုတွေ လုပ်၊ မှတ်တမ်းယူသင့်တာတွေယူ၊ ကျန်းမာရေးစစ်ဆေးမှုတွေကအစ တော်တော်များများကို လုပ်ဆောင်ပေးပြီး သက်ဆိုင်ရာမိမိနေရပ်ကို ပြန်လွှတ်ပေးနေပါပြီ။ မနက်ဖြန်ဆိုရင် အားလုံးနီးပါး အကုန်ပြီးသွားမှာပါ။ နောက်နေ့ဆိုလည်း ဒုတိယအသုတ် ပြန်ရောက်ဦးမှာဆိုတော့ အားချင်း လိုအပ်တာတွေကိုလုပ်ဆောင်ပေးပြီး သက်ဆိုင်ရာ၊ ပြည်နယ်တွေက လူကြီးမိဘတွေဆီ ပြန်အပ်နှံပေးနေပါတယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခု ပြန်လည်ရောက်ရှိလာသော ပထမအသုတ်ဒုက္ခသည်များမှာ ဧရာဝတီတိုင်းဒေသကြီးမှ ၃၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၄ ဦး၊ ရခိုင်ပြည်နယ်မှ ၁၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၄ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၂ ဦး၊ မွန်ပြည်နယ်မှ ၁၄ဦး၊ မကွေးတိုင်းဒေသကြီးမှ ခြောက်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ သုံးဦး၊ ကရင်ပြည်နယ်မှ လေးဦးနှင့် နေပြည်တော်မှ တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

◆ *ကျောဖုံးမှ*

မြန်မာယူ-၂၀အသင်းသည် ပြိုင်ပွဲကျင်းပမည့် နယူးဇီလန်နိုင်ငံသို့ မေ ၂၄ ရက်တွင် ထွက်ခွာမည်ဖြစ် သည်။ မြန်မာယူ-၂၀ အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အချိန်ယူပြင်ဆင်ထားပြီး ဥရောပခြောက်နိုင်ငံသို့ သွားရောက်ကာ လေ့ကျင့်မှုများပြုလုပ်ထားသည်။ မြန်မာယူ-၂၀ အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(က) ၌ နယူးဇီလန်၊ ယူကရိန်း၊ အမေရိကန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

# မြန်မာယူ -၂၃ ဇေယျာရွှေမြေကို ဂိုးပြတ်နိုင်

**ရန်ကုန် မေ ၁၅**

(၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၂၃ အသင်းနှင့် MNL ကလပ် ဇေယျာရွှေမြေအသင်းတို့သည် ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းကစားခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းက ဇေယျာရွှေမြေအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပြိုင်ပွဲအကြို ခြေစမ်းပွဲများ၌ ခြေစွမ်းပြနေသည့် မြန်မာယူ-၂၃ အသင်းမှာ ယခုပွဲတွင်လည်း ခြေစွမ်းပြပြီး ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ အမာခံကစားသမား အစုံအလင်နီးပါးဖြင့် ပွဲထွက်လာသည့် မြန်မာယူ-၂၃ အသင်းမှာ ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပွဲအစပိုင်းမှာပင် မြန်မာယူ-၂၃ အသင်း ဂိုးစရခဲ့ပြီး တောင်ပံကစားသမား စည်သူအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ စောစီးစွာဂိုးရခဲ့၍ ယူ-၂၃ အသင်းက ပွဲကို စိုးမိုးနိုင်ခဲ့သလို ဇေယျာရွှေမြေအသင်းကလည်း ကစားသမားသစ်များကို စမ်းသပ်ပွဲထုတ်ခဲ့၍ ယူ -၂၃ အသင်းကို ယှဉ်မကစားနိုင်ခဲ့ပေ။ ယူ-၂၃ အသင်းမှာ ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းမှသာ ဂိုးများထပ်မံရရှိခဲ့သည်။ ၅၅ မိနစ်တွင် အောင်ကျော်နိုင် ဖြတ်တင်ပေးသည့် ဘောလုံးကို ဇေယျာရွှေမြေနောက်ခံလူ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ယူ-၂၃ အသင်း ဂိုးထပ်မံရရှိခဲ့သည်။ မြန်မာယူ-၂၃ အသင်းအတွက် အနိုင်ဂိုးများကို လူစားဝင်လာသည့် သီဟဇော်က ၇၄ မိနစ်နှင့် သန်းထက်အောင်က ၇၈ မိနစ်တွင် ထပ်မံသွင်းယူပေးခဲ့သည်။

**ညီမြတ်သော်တာ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်နှင့် ကိုရီးယားဧည့်သည်များအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများကဏ္ဍရုံးမှ အမေရိကန်သံအမတ်ကြီး H.E.Mrs. Catherine M. Russell အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများကဏ္ဍရုံးမှ အမေရိကန်သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်လည်း တက်ရောက်ကြသည်။

အလားတူ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကိုရီးယား-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. PARK Byeong – Seug ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့ လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

---

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# လောက်ကိုင်ဒေသအရေးသည် နယ်မြေဒေသတစ်ခု၏ အရေးသာမဟုတ်ဘဲ ပြည်ထောင်စုအရေး၊ နိုင်ငံ့အရေးဖြစ် အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိ

**နေပြည်တော် မေ ၁၅**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၇) အရေးပေါ်အခြေအနေ ကြေညာခြင်းအပေါ် ထပ်မံ၍ ရက်ပေါင်း ၉၀ အထိ ဆက်လက်အတည်ဖြစ်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာတွင် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်က လောက်ကိုင်ဒေသ ဖြစ်စဉ်ဖြစ်ရပ်များနှင့် ပတ်သက်၍ နိုင်ငံတော်အတွက် အဟန့်အတား အနှောင့်အယှက် တစ်ခု ဖြစ်စေပါကြောင်း၊ ယင်းအနှောင့်အယှက် အဟန့်အတားများကို ဖန်တီးပြုလုပ်အားပေးသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများကို ရှုတ်ချကန့်ကွက်ကြောင်းနှင့် အနှောင့်အယှက်အဟန့်အတားများကို ရှင်းလင်းဖယ်ရှားကာကွယ်တားဆီးနေကြသူများကို မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်းနှင့် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၇) အရေးပေါ်အခြေအနေ ကြေညာခြင်းအပေါ် ထပ်မံ၍ ရက်ပေါင်း ၉၀ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက် ရယူခြင်းအပေါ် လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

အလားတူ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မောင်က တိုင်းပြည်ကာကွယ်ရေးအတွက် အသက်စွန့်လှူသွားသည့် မိမိတို့၏ စစ်သည်တော်များ၊ ခန္ဓာကိုယ်ပေးလှူသွားသည့် စစ်သည်တော်များအတွက် မိမိတို့ဂုဏ်ယူရသော်လည်း ၎င်းတို့မိသားစုများနှင့် ထပ်တူ ဝမ်းနည်းရပါကြောင်း၊ လောက်ကိုင်ဒေသထိပါး နှောင့်ယှက်မှုအတွက် တပ်မတော်သည် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် မလုပ်မဖြစ် အရေးပေါ်ပြဋ္ဌာန်းကြေညာချက်ကို မိမိတို့ပြည်ထောင်စုလွှတ်တော်က တစ်ခဲနက်ထောက်ခံခဲ့ကြပြီးဖြစ်ကြောင်း၊ လောက်ကိုင်ဒေသသည် တပ်မတော်အဖွဲ့အစည်း တစ်ခုတည်းကသာ ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ရှိခြင်းမျိုး မဟုတ်ဘဲ အစိုးရအဖွဲ့၊ မိမိတို့လွှတ်တော်၊ တရားစီရင်ရေးအဖွဲ့နှင့် နိုင်ငံသားအားလုံးတွင် တာဝန်ရှိနေသည်ဟု ယုံကြည်သကဲ့သို့ အားလုံးသည်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်သင့်သည်ဟုလည်း ယုံကြည်လက်ခံထားပါကြောင်း၊ လောက်ကိုင်ဒေသမူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် တပ်မတော်က မည်ကဲ့သို့ ဆောင်ရွက်ခဲ့ရသည်၊ မည်ကဲ့သို့သော အခက်အခဲများရှိသည်၊ မည်ကဲ့သို့သော လိုအပ်ချက်များရှိသေးသည်ဆိုခြင်းကို ပြည်သူလူထုထံ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ဖော်ပြသင့်ပါကြောင်း၊ လောက်ကိုင်ဒေသအရေးသည် နယ်မြေဒေသတစ်ခု၏ အရေးသာမဟုတ်ဘဲ ပြည်ထောင်စုအရေးဖြစ်ကြောင်း၊ နိုင်ငံ့အရေးဖြစ်ကြောင်း၊ မိမိတို့အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသည်ဟု ယုံကြည်ထားပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) မှ ဦးမင်းဦးက လောက်ကိုင်ဒေသ ဖြစ်စဉ်များတွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် တပ်မတော်သားအရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများအတွက်သာမက ကျန်ရစ်သူမိသားစုအားလုံးအတွက်လည်း ဝမ်းနည်းပါကြောင်း၊ နိုင်ငံတော်သမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အသက်အိုးအိမ် စည်းစိမ်များကို



ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကာကွယ်စောင့်ရှောက်ရန် အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အပ်နှင်းထားသည့် ပုဒ်မ ၄၁၂ (က)၊ ၄၁၃ (က) (ခ)နှင့် ၄၁၄ (ခ) တို့အရ ရယူသုံးစွဲခဲ့သည်ဆိုခြင်းကို နားလည်သဘောပေါက် လက်ခံပါကြောင်း၊ လောက်ကိုင်ဒေသတွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိရန်၊ ပြည်သူများ စိတ်လုံခြုံမှုရှိစေရန်၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ပြန်လည်တိုးတက်မြင့်မားလာစေရန်နှင့် မူလပကတိ အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်စေရန်အတွက် အရေးပေါ်အခြေအနေ ဆက်လက်အတည်ဖြစ်ရန် လိုအပ်သည့်အချိန် အနည်းဆုံးကာလကိုသာ သတ်မှတ်ပြီး ပြည်ထောင်စုအရေးဟု မှတ်ယူကာ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံးလက်တွဲ ဆောင်ရွက်သွားကြပါစို့ဟု လေးနက်စွာ တိုက်တွန်းပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည်က နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၇)အရေးပေါ်အခြေအနေကြေညာခြင်းအပေါ် ထပ်မံ၍ ရက်ပေါင်း ၉၀ ဆက်လက်အတည်ဖြစ်ရေးနှင့် ပတ်သက်၍ လွှတ်တော်၏ သဘောတူညီချက် ရယူမှုအပေါ် မိမိအနေဖြင့် ထောက်ခံဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာ့တပ်မတော်သည် မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ သတ္တိအရာတွင် မော်ကွန်းထိုးနိုင်ခဲ့သည့် တိုက်ပွဲများစွာ ရင်ဆိုင်ခဲ့ရပါကြောင်း၊ သတ္တိရှိသကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကို ဆောင်ရွက်ကြသည့်အခါတွင် သတ္တိနှင့် ပြည့်စုံသကဲ့သို့ သတိလည်း ရှိကြရမည်ဖြစ်ပါကြောင်း၊ အရေးပေါ်အခြေအနေ ကြေညာခြင်းနှင့် ပတ်သက်၍ မိတ္ထီလာ၊ ရခိုင်စသည့် ဒေသများတွင် ဆောင်ရွက်ခဲ့ဖူးပြီးဖြစ်ပါကြောင်း၊ ပြည်တွင်းစစ်ဖြစ်သည့်အတွက် နှစ်ဖက်စလုံးမှ မည်သည့်ကျဆုံးမှုမျိုးကိုမဆို မိမိတို့အနေဖြင့် ကြေကွဲဝမ်းနည်းကြရပါကြောင်း၊ ယင်းအားနည်းချက်၊ အားသာချက်များကို ကြည့်ကာ ဆုံးဖြတ်ကြရမည်ဖြစ်ပါကြောင်း၊ ယခုဖြစ်စဉ်တွင် အချင်းချင်းဖြစ်ပွားနေကြရသည့် ကိစ္စရပ်များအတွက် အလွန်ဝမ်းနည်းရပါကြောင်း၊ အမြန်ဆုံးချုပ်ငြိမ်း စေလိုပါကြောင်း၊ စစ်ဘေးရှောင်ပြည်သူများနှင့်တကွ ရှေ့တန်းတွင် ရွပ်ရွပ်ချွံချွံဖြင့် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများအတွက် ဤစစ်ပွဲများကို အမြန်ဆုံးချုပ်ငြိမ်းစေလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က လောက်ကိုင်ဒေသအတွင်း စစ်ရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေ၊ လောက်ကိုင်ဒေသ၏ လုံခြုံရေးအခြေအနေ၊ စီးပွားရေးအခြေအနေ၊ တရားစီရင်ရေးအခြေအနေ စီမံခန့်ခွဲမှုများအပေါ် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၇) အရေးပေါ်အခြေအနေကြေညာခြင်းအပေါ်ထပ်မံ၍ ရက်ပေါင်း ၉၀ ဆက်လက်အတည်ဖြစ်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပပြုလုပ်မည့် အစီအစဉ်ကို ကြေညာပေးသည်။

**(သတင်းစဉ်)**

---

# လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား ရေလုပ်သားများကို မိဘရပ်ထံနေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်

**ပုသိမ် မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ လူကုန်ကူးခံရသူ မြန်မာနိုင်ငံ ရေလုပ်သားများကို ပြန်လည်ခေါ်ယူ၍ မိဘရပ်ထံနေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ခြင်းအခမ်းအနားကို မေ ၁၅ ရက် ညနေ ၃ နာရီက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူကုန်ကူးခံရသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ခရိုင်ခြောက်ခရိုင်မှ ရေလုပ်သား ၂၈ ဦးတို့ တက်ရောက်ကြသည်။

အင်ဒိုနီးရှားနိုင်ငံ တူရယ်ကျွန်းတွင် လူကုန်ကူးခံရသူ ၂၈ ဦးအား ထောက်ပံ့ငွေကျပ် ၂၈၀၀၀၀ ကို လူမှုရေးဝန်ကြီးက ခရိုင်အလိုက် ထောက်ပံ့ပေးအပ်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် ရေလုပ်သားများ ကိုယ်စား ဟင်္သာတခရိုင်မှ ရေလုပ်သားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြန်လည်ရောက်ရှိလာသော ရေလုပ်သားများကို ခရိုင်အလိုက် စာရင်းရေးသွင်းကြပြီး စားသုံးရန် ထမင်းဘူးများပေးဝေကာ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

---

**ထစ်ချုန်းရွာနိုင်**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **(မိုး/ဇလ)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၁၅**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ H.E. Mr. PARK Byeong-Seug ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အဆောက်အအုံ (J)ဆောင်၌ လာရောက်တွေ့ဆုံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားလွှတ်တော် ထမင်းစားခန်းမဆောင်၌ အလွတ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(ယာပုံ)**



အဆိုပါ နေ့လယ်စာစားပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ရေးရာ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသော ဦးပီမောင်စိုး၊ ဦးကော်ရိုင်း၊ ဦးကျွန်ခဲန်း၊ ဦးဌေးယိန်း၊ ဦးစိုးဝင်းနှင့် ဦးညွန့်လှိုင်တို့ တက်ရောက်ကြ သည်။

**(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ယှဉ်ပြိုင်ရာတွင် သုံးပွဲစလုံးအနိုင်ရရှိသောကြောင့် အုပ်စုပထမဖြင့် နောက်တစ်ဆင့်သို့ ဆက်လက်တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

အခြားပွဲစဉ်များဖြစ်သည့် တရုတ်(တိုင်ပေ) နှင့်တရုတ်တို့ပွဲစဉ်တွင် တရုတ်(တိုင်ပေ) က တရုတ်ကို ၂၂-၂၅ မှတ်၊ ၂၅-၂၃ မှတ်၊ ၂၅-၂၀ မှတ်၊ ၂၅-၂၁ မှတ်ဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ပြီး အနိုင်ရရှိခဲ့သည်။ ကာတာနှင့် အီရန်တို့ယှဉ်ပြိုင်ကစားသည့်ပွဲစဉ်တွင် အီရန်က ကာတာကို ၂၅-၁၂ မှတ်၊ ၂၅-၁၈ မှတ်နှင့် ၂၅-၁၈ မှတ်တို့ဖြင့် သုံးပွဲပြတ် အနိုင်ရရှိခဲ့သည်။ အင်ဒိုနီးရှားနှင့် ကာဇက်စတန်တို့ပွဲစဉ်တွင် အင်ဒိုနီးရှားက ၂၅-၁၉ မှတ်၊ ၂၅-၂၁ မှတ်၊ ၂၃-၂၅ မှတ်၊ ၂၅-၂၀ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စုပဥ္စမနေ့ပွဲစဉ်များကို မေ ၁၆ ရက် **(ယနေ့)**တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါပွဲစဉ်တွင်ဆော်ဒီအာရေဗျနှင့် မော်လ်ဒိုက်၊ ကာတာနှင့်အိန္ဒိယ၊ ဖိလစ်ပိုင်နှင့်အီရန်၊ ဗီယက်နမ်နှင့်သြစတြေးလျ ၊ ဂျပန်နှင့် ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပုဗ္ဗသီရိမြို့နယ်ရှိ ရေပြာကျေးရွာတွင် သောက်ရေ၊ သုံးရေ လုံလောက်စွာ ရရှိတော့မည်

**နေပြည်တော် မေ ၁၅**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ရေပြာကျေးရွာသည် ယခုအခါ နေပြည်တော်ကောင်စီ၏ ကြီးကြပ်ဆောင်ရွက်ပေးမှုကြောင့် လိုအပ်လျက်ရှိသည့် သောက်ရေ၊ သုံးရေများ လုံလောက်ဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ပုဗ္ဗသီရိမြို့နယ်တာဝန်ခံ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးသည် မေ ၁၄ ရက် ညနေ ၅ နာရီက သပြေကုန်းကျေးရွာအုပ်စု ရေပြာကျေးရွာသို့ရောက်ရှိပြီး နေပြည်တော်ကောင်စီ၏အစီအစဉ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည့်နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျေးရွာအတွင်းရှိ ရွာလယ်ဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီ၏စီစဉ်ဆောင်ရွက်ပေးမှုကြောင့် အိမ်ထောင်စု ၃၄၇ ရှိ ရေပြာကျေးရွာသည် နှစ်ပေါင်းများစွာတိုင်အောင် ရေရှားပါးမှု အခက်အခဲများမရှိတော့ဘဲ သောက်ရေ၊ သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ရာ ဒေသခံပြည်သူမျာ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ **မောင်လွင်**

နိုင်ငံဘက်စုံတည်ဆောက်ဖို့ မှန်မှန်ကန်ကန် အခွန်ပေး

❒ *ရှေ့ဖုံးမှ*

ကားအစီးရေ ၁၅၀-၂၀၀ နှင့် ဘိလပ်မြေမှာလည်း ၃၀-၅၀ကြားတွင် တင်သွင်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ သွင်းကုန်၊ ပို့ကုန်တိုးတက်မှုများမှာ ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၁၂ ရက်အထိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ပို့ကုန်ပမာဏ ၁၇၈ ဒသမ ၃၃၀ ဒေါ်လာသန်းရှိပြီး သွင်းကုန်ပမာဏမှာ ၁၈၆ ဒသမ ၅၆၅ ဒေါ်လာသန်းရှိသည်။ ကုန်သွယ်မှု ပမာဏအနေဖြင့် ၃၆၄ ဒသမ ၈၉၅ ဒေါ်လာသန်းရှိသည်။ ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၁၂ ရက်ထိ ပို့ကုန်ပမာဏတန်ဖိုး ၁၁၃ ဒသမ ၁၅၈ ဒေါ်လာသန်းရှိပြီး သွင်းကုန်ပမာဏများမှာ ၁၆၀ ဒသမ ၂၉၆ ဒေါ်လာသန်းရှိသည်။ ယမန်နှစ်၏ ကုန်သွယ်မှုတန်ဖိုးပမာဏမှာ ၂၇၃ ဒသမ ၄၅၄ ဒေါ်လာသန်းရှိသည်။ ယခုနှစ်နှင့် ယမန်နှစ် ကုန်သွယ်မှုပမာဏကို နှိုင်းယှဉ်ကြည့်ရာတွင် ပို့ကုန်ပမာဏမှာ ၆၅ ဒသမ ၁၇၂ ဒေါ်လာသန်းရှိပြီး၊ သွင်းကုန်ပမာဏမှာ ၂၆ ဒသမ ၂၆၉ ဒေါ်လာသန်းရှိသည်။ စုစုပေါင်း ကုန်သွယ်မှုပမာဏ ၉၁ ဒသမ ၄၄၁ ဒေါ်လာသန်းအထိ အမြတ်ထွက်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းမောင်က ပြောကြားသည်။ **ကိုမိုင်း(iprd)**



# အစာအဆိပ်သင့်ပြီး လူ ၅၀ ကျော် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွား

**ရေတာရှည် မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှကျေးရွာအုပ်စုရှိ ဘာသာရေးကျောင်း၌ အလှူရှင်ကျွေးသည့် ရွှေရင်အေးကို စားရာမှ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၂၉ ဦး အစာအဆိပ်သင့်ကာ မြို့လှတိုက်နယ်ဆေးရုံ၌ အရေးပေါ် ကုသမှုခံယူနေရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် ညနေ ၄ နာရီတွင် မြို့လှကျေးရွာအုပ်စု ချောင်းမကြီး(၂) ရပ်ကွက်ရှိ ဘာသာရေးကျောင်း၌ အလှူရှင်တစ်ဦးက ရွှေရင်အေးကို ကလေးလူကြီး ၁၄၀ ခန့်ကိုကျွေးမွေးခဲ့ရာ မေ ၁၅ ရက် နံနက် ၁၀ နာရီက အော့အန်၍ ဝမ်းပျက် ဝမ်းလျှောရောဂါများ ဖြစ်ပွားပြီး မြို့လှတိုက်နယ်ဆေးရုံသို့ ရောက်ရှိလာခဲ့သည်။ အဆိုပါလူနာများကို မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်သူသူလွင်၊ မြို့လှတိုက်နယ်ဆရာဝန် ဒေါက်တာ ပန်းအိအိသန့်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြပ်မတ်ကုသပေးနေသည်ကို တွေ့ရှိရသည်။

"ဖြစ်တာက ညပိုင်းကတည်းက ဖြစ်နေကြတာ၊ ရသေးတယ်ဆိုပြီး ဒီအတိုင်းပဲ ဆေးသောက်ကြတာ၊ မနက်ကျတော့ ဝမ်းက လုံးဝ မရပ်တော့ဘူး၊ အန်တာကလည်း တအားပဲ" ဟု မြို့လှဒေသခံတစ်ဦးက ပြောသည်။ ထို့အတူပင် မြို့လှကျေးရွာအုပ်စု၏အရှေ့ဘက် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ဥသျှစ်ပင်ကျေးရွာ၌လည်း အဆိုပါဘာသာရေးကျောင်းမှစားပြီး ပြန်သွားသူများအနက် ခုနစ်ဦးခန့် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားနေသည့်အတွက် ရေနီကျေးလက်ကျန်းမာရေးဌာနက ကွင်းဆင်းကုသပေးလျက်ရှိကြောင်း သိရသည်။

"ဖြစ်တာကတော့ ပြင်းထန်တယ်၊ ဒါပေမယ့် မစိုးရိမ်ရပါဘူး၊ ချက်တဲ့ပြုတ်တဲ့နေရာကို သွားစစ်ဆေးကြည့်မှာပါ။ ရေကြောင့်လား၊ ဒါမှမဟုတ် ဘာထည့်ချက်မိလို့လဲဆိုတာကို သိဖို့ပါ"ဟု မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ခင်သူသူလွင်က ပြောကြားသည်။

**ကိုလွင်(ဆွာ)**





# ကော့သောင်းမြို့၌ ဒီဇယ်ဆီတင်သင်္ဘောမီးလောင်မှုဖြစ်ပွား

**ကော့သောင်း မေ ၁၅**

ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာအုပ်စု သောင်ဖြူကျေးရွာ သင်္ဘောလွှန်းကျင်း၌ ဆိုက်ကပ်ထားသည့် ဒီဇယ်ဆီတင်သင်္ဘော တစ်စင်း၏ စက်ခန်းအတွင်းမှ မီးလောင်ကျွမ်းမှု မေ ၁၅ ရက် နံနက်ပိုင်းက ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ အဆိုပါ သင်္ဘောလွှန်းကျင်း၌ အသေးစားပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ရန် ဆိုက်ကပ်ရပ်နားထားသည့် အမ်တီ-မိခြည်လီ- ၉ အမည်ရှိ ဒီဇယ်ဆီတင်သင်္ဘောစက်ခန်းအတွင်း ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်စဉ်အတွင်း လျှပ်စစ်ဝရိန်ဆော်ရာမှ သင်္ဘောကြမ်းပြင်၌စိုစွတ်နေသည့် ဒီဇယ်ဆီများမှတစ်ဆင့် သင်္ဘောစက်ခန်းအတွင်း နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က မီးစတင် ကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်။

အခင်းဖြစ်ပွားရာသို့ ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးနှင့် မီးသတ်ယာဉ်များ ချက်ချင်းရောက်ရှိပြီးအနီးအနားရှိ ပြည်သူများပါ ပူးပေါင်းဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် သင်္ဘောစက်ခန်းအတွင်း မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ပျက်စီးဆုံးရှုံးမှု အနည်းငယ်သာရှိပြီး သင်္ဘောစက်ခန်းအုပ် ဦးစိုးပိုင်ကို ကော့သောင်းမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ မီးပေါ့ဆမှုဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(iprd)**

# နိုင်ငံ့စွမ်းဆောင်ရည်ဆုရ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ လူ့စွမ်းအားအရင်းအမြစ်များတိုးပွားလာရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)

**ရှေ့ဖုံးမှ**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံကုမာရာဘိဝံသ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် တောင်စလင်းတိုက်သစ်ဘာဝနာဌာန ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိက္ခ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံလုံးဆိုင်ရာလယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်တောင်တန်း သာသနာပြုအဖွဲ့ ဩဝါဒါစရိယ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သာသနာ့နုဂ္ဂဟအဖွဲ့ နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒ၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နာယက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူ (ပုဂ္ဂိုလ်ရေးဆိုင်ရာ)ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(ဓာတ်ပုံ-သတင်းစဉ်)

အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့သည် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယနေ့ နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းခံယူတော်မူကြသည့် ဆရာတော်ကြီးများမှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တ မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူကလေးဝတောရကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသ(ဒွိပိဋကကောဝိဒ)၊ အလိုတော်ပြည့်ကျောင်းတိုက်များ ပဓာနနာယက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ရခိုင်အမျိုးသားလူမှုကယ်ဆယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစိန္တိတာ လင်္ကာရ၊ တောရတပ်ဦး ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သင်္ဃန်းကျွန်းမြို့နယ် ပရိယတ္တိပဋိပတ္တိသာသနာပြု မူလဆယ်တောင်ပြည့် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဒ္ဒိဗလ၊ မဇ္ဈိမဝံသ မြန်မာရဟန်းတော်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကျောင်း မဇ္ဈိမဂုဏ်ရည် ဓမ္မကထိက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကောဝိဒ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာပြန့်ပွားရေး(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ကုန်းမြင့်သာရပ်ကွက် ဓမ္မရုံသီမိုးကုတ်ရိပ်သာ ကျောင်းတိုက်ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုနန္ဒတို့ ဖြစ်ကြသည်။

ထို့နောက် ၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အခမ်းအနားသို့ ဖိတ်ကြားထားသူများ၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ရရှိကြသူများ၊ ဘက်စုံ ထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီများ၊ ကင်းထောက်လူငယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ၌ မိမိတို့အစိုးရအနေဖြင့် လွှတ်တော်၊ တပ်မတော်၊ ပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲပြီး ခေတ်သစ်စနစ်သစ်နှင့် နိုင်ငံသစ်ထူထောင်တည်ဆောက်ရသည့် တာဝန်ကိုထမ်းဆောင်ခဲ့သည်မှာ လေးနှစ်ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ ခေတ်ဟောင်း၊ စနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်နှင့် ဒီမိုကရေစီနိုင်ငံသစ်သို့ ပြောင်းလဲထူထောင်ရာတွင် ယခင်အစိုးရ၏ ဒီမိုကရေစီမျိုးစေ့ ချပေးမှုအပေါ် မိမိတို့အစိုးရအနေဖြင့် ဒီမိုကရေစီ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းနိုင်ခဲ့မှုကြောင့် ရှင်သန်ဖွံ့ဖြိုးမှု အရှိန်အဟုန်ရစပြုနေပြီ ဖြစ်ပါကြောင်း၊ ရှင်သန်ဖွံ့ဖြိုးမှုမှ အသီးအပွင့်ရရှိခံစားမှုအဆင့်အထိ မိမိတို့အားလုံး ဆက်လက်ပြုစုပျိုးထောင် ကြိုးပမ်းသွားကြရဦးမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး စသည့်ကဏ္ဍအသီးသီးတွင် အရည်အချင်း၊ အရည်အသွေးမြင့်မားသည့် စွမ်းဆောင်ရှင်များစွာလိုအပ်သလို အလုပ်လုပ်သည့်၊ အလုပ်ကြိုးစားသည့် ပြည်သူများ၏အခန်းကဏ္ဍသည် တိုင်းပြည်ထူထောင် တည်ဆောက်မှုအတွက် အရေးအပါဆုံး လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြပါကြောင်း။

ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအဖြစ် "နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် စွမ်းဆောင်ကြိုးပမ်းနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ရန်" မျှော်မှန်းချက်ထားရှိပြီး လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံသစ် ထူထောင်တည်ဆောက်ရန် စတင်တာဝန်ယူခဲ့ရသည့် မိမိတို့အစိုးရအတွက် အတွေ့အကြုံအသစ်၊ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ကျော်လွှားခဲ့ရသော်လည်း နိုင်ငံပြောင်းလဲတိုးတက်အောင် လုပ်ဆောင်မည်ဆိုသည့် စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် သန္နိဋ္ဌာန်ချမှတ်ပြီး ကြိုးစားဆောင်ရွက်ခဲ့ခြင်းကြောင့် ခေတ်သစ်စနစ်သစ်တစ်ရပ်ကို ညင်သာချောမွေ့စွာပြောင်းလဲနိုင်ခဲ့မှုကြောင့် အပြောင်းအလဲကို စောင့်ကြည့်နေကြသည့် နိုင်ငံတကာနှင့် ပြည်သူများက ယုံကြည်လက်ခံခဲ့ကြခြင်း ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံနှင့် မရှေးမနှောင်းကာလများတွင် ဒီမိုကရေစီနိုင်ငံသစ်အဖြစ် ပြောင်းလဲခဲ့ကြသည့် နိုင်ငံများထဲတွင် အောင်မြင်သော နိုင်ငံရခြင်းအပေါ် မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်မှုအဖြစ် ဂုဏ်ယူရမည်ဖြစ်ပါကြောင်း။

နိုင်ငံရေးစနစ် အလှည့်အပြောင်းတစ်ရပ်ကို ညင်သာချောမွေ့စွာ ထိန်းကျောင်း ပြောင်းလဲနိုင်ခဲ့သော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို စေ့စပ်ဆွေးနွေး ညှိနှိုင်းမှုများနှင့် အောင်မြင်အောင် ဆက်လက် ကြိုးပမ်းတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ အမြင်သဘောထားများ မတူကွဲပြားသည့်ကြားက တူညီသည့် သဘောထားအမြင်များကို ဦးစားပေး အပြုသဘောဆောင်၍ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အဆင့်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အဆင့်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်တက်လှမ်း ဆောင်ရွက်ကြရမည်မှာ မိမိတို့ တိုင်းရင်းသား



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အများပြည်သူဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူ(ပုဂ္ဂိုလ်ရေးဆိုင်ရာ) ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(ဓာတ်ပုံ-သတင်းစဉ်)

များရှိသကဲ့သို့ မအောင်မမြင်၊ မတည်မငြိမ်နှင့် ပြည်သူများ ဘေးဒုက္ခကြုံတွေ့နေရသည့် နိုင်ငံအချို့ရှိနေသည့်အချိန်တွင် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲမှုသည် ပြည်သူအားလုံး၏ ညီညွတ်သော စွမ်းဆောင်မှုကြောင့်သာ အောင်မြင်ချောမွေ့စွာ ပြောင်းလဲနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ဒီမိုကရေစီအတွေ့အကြုံ နည်းပါးသော်လည်း ဒီမိုကရေစီနိုင်ငံသစ်အဖြစ် ပထမဆုံးခြေလှမ်းများကို တက်လှမ်းနိုင်အောင် စွမ်းဆောင်ခဲ့သည့် အစိုးရတစ်ရပ်အဖြစ် ကမ္ဘာ့အလယ်တွင် မှတ်ကျောက်တင်ခံပြည်သူအားလုံး၏ ညီညွတ်သည့် စွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်သောကြောင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်သူအားလုံးက ဝိုင်းဝန်းအားပေး ပူးပေါင်းကူညီဆောင်ရွက်ကြပါဟု မေတ္တာရပ်ခံနှိုးဆော်အပ်ပါကြောင်း။

မိမိတို့ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အသွင်ကူးပြောင်းရေးကာလအတွင်းတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ အချိန်ယူကာ တစ်ပြိုင်နက်

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

တည်ဆောက်ခဲ့ကြရ ပါကြောင်း၊ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အသစ်ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများကို ဆောင်ရွက်ခဲ့ရပါကြောင်း၊ ဤနေရာတွင် နိုင်ငံနှင့် လူမျိုးအတွက် အရေးကြီးမှုနှင့် ဦးစားပေးအစီအစဉ်များ ရေးဆွဲ၍ ဆောင်ရွက်ခဲ့ရခြင်းကြောင့် လုပ်ငန်းအချို့ ပြီးစီးသွားသော်လည်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအချို့လည်း ကျန်ရှိနေသေးကြောင်း၊ အဆိုပါ လုပ်ငန်းအားလုံးသည် ဒီမိုကရေစီစနစ်သစ်နှင့် လိုက်လျောညီထွေရှိပြီး ပြည်သူများ၏ အဓိကဆန္ဒနှစ်ခုဖြစ်သည့် အေးအေးချမ်းချမ်း နေထိုင်လိုမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လိုမှု ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ရန် အခြေခံအုတ်မြစ်တည်ဆောက်ပေးခြင်း ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် မိမိတို့အစိုးရအနေဖြင့် လွှတ်တော်၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူ လက်တွဲကာ နိုင်ငံအတွက် ထူးခြားသည့် စွမ်းဆောင်မှုနှစ်ရပ်ကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်ကို ပြောကြားလိုပါကြောင်း၊ စွမ်းဆောင်မှုတစ်ရပ်မှာ လွတ်လပ်ရေးရပြီး နှစ်(၄၀)ကျော်အတွင်း မကျင်းပနိုင်ခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့အားကစားစွမ်းဆောင်ရှင်များအနေဖြင့် နိုင်ငံအတွက် ဆုတံဆိပ်များစွာကို ဆွတ်ခူးရယူနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

နောက်ထပ် စွမ်းဆောင်မှုတစ်ရပ်မှာ အာဆီယံဥက္ကဋ္ဌတာဝန်ယူရင်း နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်များတွင် မြန်မာနိုင်ငံကို ကမ္ဘာကအလေးထားဆက်ဆံလာအောင် ကြိုးပမ်းနိုင်ခဲ့ပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

နိုင်ငံရေး အလှည့်အပြောင်း မှန်ကန်မှုနှင့်အတူ နိုင်ငံတကာ ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပြောင်းလဲတိုးတက်လာအောင်ကြိုးပမ်း စွမ်းဆောင်နိုင်ခြင်းသည် မိမိတို့တစ်မျိုးသားလုံး၏ အမျိုးသားစီးပွား ပြောင်းလဲတိုးတက်မှုအတွက် တံခါးဖွင့်ပေးနိုင်ခြင်းသာဖြစ်ပါကြောင်း။

စီးပွားရေးတံခါး ဖွင့်ခါစတွင် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးမူဝါဒများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝါဒများ၊ အခြေခံအဆောက်အအုံ ဖြည့်ဆည်းမှုများကို နှစ်နှစ်၊ သုံးနှစ်အတွင်း အရှိန်အဟုန်ဖြင့် ဖြေလျှော့ပြောင်းလဲမှုများ လုပ်ခဲ့ရသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ၏ ကြိုးပမ်းမှုကြောင့် စီးပွားရေးဝန်းကျင် အခြေခံကောင်းအဖြစ်နှင့် အုတ်မြစ်ချပြောင်းလဲထူထောင်ပေးနိုင်ခဲ့ပါကြောင်း။

မည်သည့်စီးပွားရေးမဆို စတင်ရင်းနှီးမြှုပ်နှံသည့် သုံး၊ လေးနှစ်ကာလအတွင်း အကျိုးအမြတ် အသီးအပွင့် ချက်ချင်းမခံစားနိုင်သေးသော်လည်း ထိုကာလလွန်မြောက်လျှင် အကျိုးအမြတ်အသီးအပွင့်ရရှိခံစားလာနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရတာဝန်ယူရသည့် ကာလအတွင်း အသွင်ကူးပြောင်းရေးကာလ ပြင်ဆင်ရခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း၊ အခြေခံအုတ်မြစ်ချခြင်း အဆင့်များကို ဦးစားပေးလုပ်ရသည့်အတွက် ချက်ချင်းလက်ငင်းအသီးအပွင့် ခံစားရရှိနိုင်ရန် အခက်အခဲရှိသည်ကို ပြည်သူအားလုံးက သိရှိနားလည်ပြီး မိမိတို့အစိုးရနှင့်အတူ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

တိုင်းပြည်၏ အနာဂတ်တွင် ပြည်သူများမျှော်လင့်သကဲ့သို့ လူမှုစီးပွားအသီးအပွင့်များ ခံစားရရှိနိုင်မည်ဖြစ်သည်ဆိုသည်ကို နိုင်ငံတကာ အဖွဲ့အစည်းများ၏ မြန်မာ့စီးပွားရေးအပေါ် ခန့်မှန်းလေ့လာသုံးသပ်ချက်များအား ကောက်နုတ်ပြောကြားလိုပါကြောင်း။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(UNESCAP)၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့(OECD) စသည့် နိုင်ငံတကာအဖွဲ့အစည်းများက မိမိတို့နိုင်ငံ၏ လက်ရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်အလားအလာအပေါ် ခန့်မှန်းသုံးသပ် အကြံပြုရေးသားဖော်ပြချက်များကို လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများကို ရှုထောင့်အသွယ်သွယ်မှ တွေ့မြင်နေရကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ကာလလတ်အတွင်း ခုနစ်ရာခိုင်နှုန်းမှ ရှစ်ရာခိုင်နှုန်းအကြားရှိနေ၍ ၂၀၃၀ ပြည့်နှစ်တွင် ၉ ဒသမ ၅အထိ မြင့်တက်လာနိုင်ကြောင်းနှင့်လူတစ်ဦးချင်း၏ ဝင်ငွေသည်လည်း ယနေ့ဒေါ်လာ ၉၀၀ မှ အမြင့်ဆုံးဒေါ်လာ ၅၀၀၀ နီးပါးအထိ တိုးတက်နိုင်ကြောင်း။

အစိုးရ၏ မှန်ကန်သည့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကြောင့် လက်ရှိစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ရရှိနေခြင်းဖြစ်ကြောင်း၊ ယခုလိုဖွံ့ဖြိုးတိုးတက်မှုများ ရရှိရန် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများအပါအဝင် အဖွဲ့အစည်းများနှင့်လည်း နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဝင်ရောက်လာမှုကြောင့် ၂၀၁၄ ခုနှစ်မှစ၍ ရက်သတ္တတစ်ပတ်လျှင် အထည်ချုပ်စက်ရုံတစ်ရုံနှင့်အထက် တိုးတက်ဖွင့်လှစ်လျက်ရှိကြောင်း၊ ဝန်ဆောင်မှုကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ခရီးသွားကဏ္ဍအလျင်အမြန် ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများကြောင့် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကြွယ်ဝသည့် သဘာဝသယံဇာတအရင်းအမြစ်နှင့်မဟာဗျူဟာကျမှုကို ထိထိရောက်ရောက်အသုံးချပြီး ခရီးသွားလုပ်ငန်းနှင့် ဝန်ဆောင်မှုကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ရန် လိုကြောင်း သုံးသပ်ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

အတွေ့အကြုံရှိသည့်နိုင်ငံတကာ အဖွဲ့အစည်းများ၏ ခန့်မှန်းသုံးသပ်ချက်တိုင်းသည် အလိုအလျောက်ဖြစ်ပေါ်လာခြင်းမျိုးမဟုတ်ဘဲ တစ်မျိုးသားလုံးက တကယ်အလုပ်လုပ်ပြီး တကယ်ကြိုးစားမှုသာ မိမိတို့မျှော်မှန်းသည့်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ကို ရောက်ရှိနိုင်မည် ဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံအပေါ် သုံးသပ်ထားသည့် McKinsey Global Institute ၏ လေ့လာသုံးသပ်ချက်ပါ အဓိကကျသည့် အချက်များအနက် တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုနှစ်ဆတိုးတက်ရေး၊ ဆက်သွယ်ရေး ဒီဂျစ်တယ်စနစ် ခုန်ပျံကျော်လွှားတိုးတက်ရေး၊ စွမ်းအင်ကဏ္ဍတိုးတက်ရေးနှင့် မြို့ပြ၊ ကျေးရွာ အခြေခံ အဆောက်အအုံတိုးတက်ရေးအပိုင်းများကို ဦးစားပေးဆောင်ရွက်နိုင်လျှင် တိုးတက်မှုအလားအလာကောင်းများ ရှိမည်ဖြစ်သည်ဟု အကြံပြုဖော်ပြထားပါကြောင်း။

ယခုဆိုလျှင် ဆက်သွယ်ရေး ဒီဂျစ်တယ်စနစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှု အရှိန်အဟုန်သည် မြို့ပြနှင့် ကျေးလက်ပြည်သူအလွှာမျိုးစုံတွင် လက်ကိုင်ဖုန်းများ တွင်ကျယ်စွာ သုံးစွဲနိုင်မှုကြောင့် ပြည်သူများ၏လူမှုစီးပွားရေးနယ်ပယ်များတွင် သိသာထင်ရှားသည့် အကျိုးရလဒ်များ ခံစားနေရပြီဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံများ လိုအပ်ချက်အတွက် တစ်နှစ်ထက်တစ်နှစ် တိုးတက်တည်ဆောက်ပေးလျက်ရှိပြီး စွမ်းအင်၊ လျှပ်စစ်ကဏ္ဍတိုးတက်နှုန်းနှင့် စက်မှုလက်မှုကုန်ထုတ်လုပ်မှု တိုးတက်နှုန်းများသည် အပြန်အလှန် ဆက်စပ်နေသည့်အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆဲ ဖြစ်ပါကြောင်း။

မြို့ပြကျေးရွာအခြေခံအဆောက်အအုံ တိုးတက်ရေးအပိုင်းအနေဖြင့် ဒေသတိုင်းတွင် မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဌာနဆိုင်ရာများ၊ မြို့နယ် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများနှင့် ဒေသခံပြည်သူများ ပူးပေါင်းရေးဆွဲဆောင်ရွက်မှုသည် အရှိန်ရစ ပြုလာပြီဖြစ်ပါကြောင်း၊ ပြည်သူများ ပူးပေါင်းပါဝင်မှုနှင့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို အများဆန္ဒနှင့်အညီ မြို့ပြစီမံကိန်းများအား စနစ်တကျရေးဆွဲ အကောင်အထည်ဖော်သွားကြမည်ဆိုပါက မြေသယံဇာတ၊ ရေသယံဇာတ၊ သစ်တောသယံဇာတ၊ သတ္တုတွင်းထွက်သယံဇာတများကို ပြည်သူများအတွက် အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲအသုံးပြုဆောင်ရွက်သွားနိုင်မည်ဖြစ်သည့်အတွက် နောင်အနာဂတ် သားစဉ်မြေးဆက်အထိ ရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ဖြစ်အောင် ထူထောင်တည်ဆောက်သွားနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံ၏ အရေးကြီးဆုံးနှင့် အခြေခံအကျဆုံး စီးပွားရေးကဏ္ဍဖြစ်သည့် လယ်ယာသားငါးသစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်နှစ်ဆမြှင့်တင်မှသာလျှင် ကုန်ထုတ်လုပ်မှုနှစ်ဆတိုးတက်ရေးမျှော်မှန်းချက်ကို အထောက်အကူပြုမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ထိရောက်အောင်မြင်မည် ဖြစ်သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ ဌာနဆိုင်ရာများအားလုံးက ပြည်သူများနှင့် နီးနီးကပ်ကပ်ထိတွေ့ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများကို ထိထိရောက်ရောက် အားပေးပြီး စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များနှင့် ချိတ်ဆက်မြှင့်တင်ပေးရမည့် အစီအမံများကို ကုန်သွယ်မှုနှင့် ရင်းနှီး



မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနစရိယအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရာဘိဝံသ(ဒွိပိဋကကောဝိဒ)ထံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုမှတ်တမ်းလွှာကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထုတ်လုပ်ရောင်းချမှုထူးချွန် အသေးစားစီးပွားရေးလုပ်ငန်းရှင်ဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတဦးဉာဏ်ထွန်း စိုက်ပျိုးထုတ်လုပ်မှုထူးချွန် တောင်သူလယ်သမားဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

## ၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်ဆုရရှိမှုစာရင်း

### နိုင်ငံတော်သမ္မတ၏နိုင်ငံ့စွမ်းဆောင်ရည်ဆု

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ/ဒေသအမည် |
|---|---|---|
| ၁။ | ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆု | စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် |
| ၂။ | ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး စံပြကျေးရွာဆု | မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်မှ ကူမဲကျေးရွာ |
| ၃။ | စွမ်းဆောင်မှုအကောင်းဆုံး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဆု | မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ |
| ၄။ | စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ် စည်ပင်သာယာရေးကော်မတီဆု | ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးကော်မတီ |
| ၅။ | စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားဆု | ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မိုးကောင်းကျေးရွာမှ ဦးသန်းမြင့် |
| ၆။ | စိုက်ပျိုးထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆု | ရှမ်းပြည်နယ်နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာမှ ဦးတင်မောင်ဦး |
| ၇။ | မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ပုဂ္ဂိုလ်ဆု | မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မအူကျောက်ဖူးကျေးရွာမှ ဦးဇော်နိုင် |
| ၈။ | မွေးမြူထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆု | ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာမှ ဦးသန်းမြင့် |
| ၉။ | နိုင်ငံတော်နှင့်ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှုအကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု | ကမ္ဘောဇအုပ်စု အနာဂတ် အလင်းတန်းဖောင်ဒေးရှင်း |
| ၁၀။ | အများပြည်သူဘေးအန္တရာယ် ကျရောက်မှုအားသက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူ (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု) | ကယားပြည်နယ် ဒီမောဆိုမြို့နယ်မှ ဦးဖရေးရယ် |
| ၁၁။ | နိုင်ငံဂုဏ်ဆောင်အားကစားစွမ်းဆောင်ရည်ဆု (အသင်းအဖွဲ့အလိုက်) | U-19 မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း |
| ၁၂။ | နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆု | အေးရှားဝေါလ်ကုမ္ပဏီလီမိတက် |
| ၁၃။ | အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု | ရန်ကုန်တိုင်းဒေသကြီးမှ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း |
| ၁၄။ | အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု | မန္တလေးတိုင်းဒေသကြီးမှ အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်းလီမိတက် |
| ၁၅။ | ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆု | ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိုးပိုင် (ပိုင်မိသားစုအပြည်ပြည်ဆိုင်ရာကုမ္ပဏီ) |
| ၁၆။ | တန်ဖိုးမြှင့်ထုတ်ကုန်ထူးချွန်ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု | တနင်္သာရီတိုင်းဒေသကြီးမှ ဒေါက်တာအောင်လွင် (ပြည့်ဖြိုးထွန်းအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်) |
| ၁၇။ | ထုတ်လုပ်ရောင်းချမှု ထူးချွန်အသေးစားစီးပွားရေးလုပ်ငန်းရှင်ဆု | ကချင်ပြည်နယ်မှ ဦးဘရမ်မွန်း(လပ်ကီးမုန့်မျိုးစုံလုပ်ငန်း) |
| ၁၈။ | ထုတ်လုပ်ရောင်းချမှု ထူးချွန်အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု | မန္တလေးတိုင်းဒေသကြီးမှ ဦးမောင်အေး(Good Brother Co.,Ltd) မန္တလာလက်တွန်းထွန်စက်၊ လယ်ယာသုံးစက်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ရေးလုပ်ငန်း |
| ၁၉။ | ဝန်ဆောင်မှုထူးချွန်အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု | ရန်ကုန်တိုင်းဒေသကြီးမှ ဦးထွန်းထွန်းနိုင် (Blue Ocean Operation Management) |
| ၂၀။ | နိုင်ငံအကျိုးပြုအသုံးချသုတေသနစွမ်းဆောင်ရည်ဆု | တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တက္ကသိုလ်မှ ဒေါက်တာ နန်းမြဟန် |

### နိုင်ငံတော်သမ္မတ၏ သီးသန့်အထူးဆု

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ/ဒေသအမည် |
|---|---|---|
| ၁။ | နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့်ပြည်သူများလိုလားနေသည့် နိုင်ငံတည်ငြိမ်အေးချမ်းရေးတို့အတွက် အသက်သွေးချွေးများပေးဆပ်ပြီး ကာကွယ်စောင့်ရှောက်နေကြသည့် တပ်မတော်သားများကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်သမ္မတ၏ သီးသန့်အထူးဆု | မြန်မာ့တပ်မတော် |

### နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင်ဆု

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ/ဒေသအမည် |
|---|---|---|
| ၁။ | အများပြည်သူဘေးအန္တရာယ်ကျရောက်မှုအားသက်စွန့် ကြိုးပမ်းကယ်တင်စွမ်းဆောင်သူ (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု) | ရခိုင်ပြည်နယ်ကျောက်ဖြူမြို့နယ်တွင်ဖြစ်ပေါ်ခဲ့သည့် အောင်တံခွန်ရေယာဉ်တိမ်းမှောက်မှုအားသက်စွန့်ကြိုးပမ်းကယ်တင်ခဲ့သူ ရခိုင်ပြည်နယ် မြေပုံမြို့နယ်မှ ဦးကျော်ဆန်းမြင့်၊ မောင်အောင်မျိုးသန်း၊ မောင်သန်းကျော်မြင့်၊ မောင်ဇော်မျိုးသန်းနှင့် အမ်းမြို့နယ်မှ ဦးသန်းအောင်၊ ဦးကျော်မြင့်ဌေး၊ ဦးမောင်ဝိုင်းကြည်၊ ဦးအောင်မြထွန်း၊ ဦးသံချောင်း၊ ဦးဇော်ဝင်း၊ ဦးမောင်ဝင်းချေ၊ ဦးကျော်တင်အေး ၊ ဦးငထီး၊ ဦးမောင်မောင်ထွန်း |
| ၂။ | အများပြည်သူဘေးအန္တရာယ်ကျရောက်မှုအားသက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူ (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု) | ကွမ်းလုံမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ တပ်စုမှူး ဦးမိုးကျော်သန်း၊ တပ်သား ဦးဇော်မင်းထိုက်နှင့် လောက်ကိုင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးမှူး (ဒုတိယတန်း)ဦးကျော်ဇောထူး |
| ၃။ | နိုင်ငံတော်၏တန်ဖိုးကြီးမားသောဘဏ္ဍာဖြစ်သည့်သစ်တောသယံဇာတများမဆုံးရှုံးစေရန်တားဆီးကြိုးပမ်းဆောင်ရွက်ခဲ့သည့် နိုင်ငံတော်သမ္မတ၏အထူးဂုဏ်ထူးဆောင်ဆု | မြန်မာ့တပ်မတော် |
| ၄။ | နိုင်ငံတော်၏တန်ဖိုးကြီးမားသောဘဏ္ဍာဖြစ်သည့် သစ်တောသယံဇာတများ မဆုံးရှုံးစေရန် တားဆီးကြိုးပမ်းဆောင်ရွက်ခဲ့သည့် နိုင်ငံတော်သမ္မတ၏အထူးဂုဏ်ထူးဆောင်ဆု | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန |
| ၅။ | နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ထူးချွန်ထမ်းဆောင်သည့်လုပ်ငန်းရှင်ဆု | ကမ္ဘောဇဘဏ်လီမိတက် |

### နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများ (မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/ မွေးဆိုင်ရာဆုများ)

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ/ဒေသအမည် |
|---|---|---|
| ၁။ | ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆု | ပဲခူးတိုင်းဒေသကြီးမှ တောင်ငူမြို့နယ် |
| ၂။ | ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆု | ကချင်ပြည်နယ်မှ မြစ်ကြီးနားမြို့နယ် |
| ၃။ | ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးစံပြကျေးရွာဆု | မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် မြစ်ခြေကျေးရွာ |
| ၄။ | ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးစံပြကျေးရွာဆု | စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဆိတ်ခွန်ကျေးရွာ |
| ၅။ | စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဆု | မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ |
| ၆။ | စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဆု | ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ |
| ၇။ | စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ်စည်ပင်သာယာရေးကော်မတီဆု | ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် စည်ပင်သာယာရေးကော်မတီ |
| ၈။ | စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ်စည်ပင်သာယာရေးကော်မတီဆု | ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် စည်ပင်သာယာရေးကော်မတီ |
| ၉။ | စိုက်ပျိုးထုတ်လုပ်မှုထူးချွန်တောင်သူလယ်သမားဆု | မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် တောဘိုကုန်းကျေးရွာမှ ဒေါ်ဝင်း |
| ၁၀။ | စိုက်ပျိုးထုတ်လုပ်မှုထူးချွန်တောင်သူလယ်သမားဆု | ရှမ်းပြည်နယ် ကလောမြို့နယ် ဟဲဟိုးမြို့မှ ဦးအောင်သန်းကျော် |
| ၁၁။ | မွေးမြူထုတ်လုပ်မှုထူးချွန်လူပုဂ္ဂိုလ်ဆု | ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာမှ ဦးအိုက်ကျုံး |
| ၁၂။ | မွေးမြူထုတ်လုပ်မှုထူးချွန်လူပုဂ္ဂိုလ်ဆု | ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် ဟာကျားမုနိုးကျေးရွာမှ ဦးကျဟေး |
| ၁၃။ | မွေးမြူထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆု | တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကုန်းဖောက်ကျေးရွာမှ ဦးကျော်ကျော် |
| ၁၄။ | မွေးမြူထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆု | ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာမှ ဦးရဲဝင်း |

### နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများ (လူမှုရေးနှင့် စီးပွားရေးဆိုင်ရာဆုများ)

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ/ဒေသအမည် |
|---|---|---|
| ၁။ | နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှုအကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု | စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ကာယကံမေတ္တာလူမှုကူညီရေးအသင်း |
| ၂။ | နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှုအကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု | ကရင်ပြည်နယ် မြဝတီမြို့မှ စေတနာ(မြဝတီ)လူမှုကူညီရေးအသင်း |
| ၃။ | နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆု | ကမ္ဘာ့ရတနာဘဏ်လီမိတက် |
| ၄။ | နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆု | မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် |
| ၅။ | အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု | မန္တလေးတိုင်းဒေသကြီးမှ ပွဲစား၊ ကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း |
| ၆။ | အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု | တနင်္သာရီတိုင်းဒေသကြီးမြိတ်မြို့မှကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း |
| ၇။ | အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု | ရှမ်းပြည်နယ်မှ တက်နေဝန်း စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက် |
| ၈။ | အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု | မကွေးတိုင်းဒေသကြီးမှ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် |
| ၉။ | ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆု | ရှမ်းပြည်နယ်မှ ဦးကျော်ဆန်းဦး (ဘုန်းရောင်ခြည်ကုမ္ပဏီလီမိတက်) |
| ၁၀။ | ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆု | တနင်္သာရီတိုင်းဒေသကြီးမှ ဦးထွန်းထွန်းဝင်း ( PHO LA MIN TRADING CO., LTD) |
| ၁၁။ | တန်ဖိုးမြှင့်ထုတ်ကုန်ထူးချွန်ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု | ပဲခူးတိုင်းဒေသကြီးမှ ဦးထင်ဇော်လှိုင် ( ပြည့်စုံအောင်မြင် အဆင့်မြင့် ပေါင်းဆန်စက်) |

စာမျက်နှာ ၉ သို့



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်းတို့ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ သီးသန့်အထူးဆု၊ အထူးဂုဏ်ထူးဆောင်ဆု ရရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၇ မှ*

မြှုပ်နှံမှုကဏ္ဍက မောင်းနှင်အားအဖြစ် မဏ္ဍိုင်ပြုဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ယနေ့ချီးမြှင့်မည့် စွမ်းဆောင်ရည်ဆုအသီးသီးသည် ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်ကူးသန်းရောင်းဝယ်မှုလုပ်ငန်းအသီးသီးတွင် စွမ်းဆောင်ရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဆုအမျိုးအစားများ ခွဲခြားသတ်မှတ်ချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ ယခင်နှစ်က ဝန်ဆောင်မှုလုပ်ငန်းနှင့် အသုံးချသုတေသန လေ့လာတီထွင်ကြံဆဆောင်ရွက်နိုင်မှုအတွက် ဆုများ မပါဝင်ခဲ့သော်လည်း ယခုနှစ်တွင် ၎င်းဆုများကို ထည့်သွင်းချီးမြှင့်မည်ဖြစ်ပါကြောင်း။

ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ရန်အတွက် လုပ်နိုင်ကိုင်နိုင်စွမ်းရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာကျွမ်းကျင်သူများ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူတောင်သူလယ်သမားများ အဆင့်ထိ လူ့စွမ်းအားအရင်းအမြစ်များကို ဒေသအလိုက် လေ့ကျင့်ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း မကြာမီကာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသအစိုးရအစီအစဉ်နှင့် ရင်းနှီးမြှုပ်နှံခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်နှင့် လုပ်ငန်းပမာဏကို သတ်မှတ်ဆောင်ရွက်စေတော့မည်ဖြစ်ပါကြောင်း၊ ထိုအခါတွင် အခြားဒေသမှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှုသာမကဘဲ မိမိဒေသခံလုပ်ငန်းရှင်နှင့် ပြည်သူများက ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်သည့် စွမ်းအားများရှိအောင် ပြင်ဆင်ကြရမည်ဖြစ်ပါကြောင်း၊ တစ်ဦးချင်းအားဖြင့် မစွမ်းဆောင်နိုင်သည့် ကိစ္စတွင် အများအားဖြင့် အများပိုင်ကုမ္ပဏီများ ထူထောင်ပြီး လုပ်နိုင်ကိုင်နိုင်စွမ်းရှိအောင် ကြိုးစားကြရန်ပြောကြားလိုပါကြောင်း၊ ထိုမှသာ နောက်တစ်ဆင့်အနေဖြင့် အာဆီယံလွတ်လပ်သည့်ကုန်သွယ်မှုတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရစတင်တာဝန်ယူချိန်ကတည်းက အဓိကကျသည့်ပြည်သူ့ရေးရာမူဝါဒတစ်ရပ်ကို ချမှတ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ၎င်းမှာ ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးမူဝါဒဖြစ်ပါကြောင်း။

ပြည်သူများ၏ အဓိကလိုလားချက် နှစ်ခုရှိသည့်အနက် အေးအေးချမ်းချမ်းနေလိုမှုဆန္ဒကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်သည် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ သို့သော်လည်း အမျိုးသားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ဘာသာရေးအရ စိန်ခေါ်မှုများကို မိမိတို့ရင်ဆိုင်နေရဆဲဖြစ်ပါကြောင်း၊ အမျိုးသားရေးစိန်ခေါ်မှုများအနေနှင့် ဒေသတွင်းနိုင်ငံများနှင့်အတူ ရင်ဆိုင်နေရသည့် မူးယစ်ဆေးဝါး၊ အရက်သေစာနှင့် လောင်းကစားမှုများကို လူငယ်များအတွင်းတွင် ပျံ့နှံ့မလာရန် အမျိုးသားရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် ဆောင်ရွက်ကြပါစို့ တိုက်တွန်းပြောကြားလိုပါကြောင်း။

ပြည်ထောင်စုအတွင်း အေးအတူပူအမျှ တစ်လှေတည်းစီးတစ်ခရီးတည်းသွားများအဖြစ် ညီညီညွတ်ညွတ်မျှမျှတတ နားလည်မှုရှိစွာ နေထိုင်နိုင်ရန်၊ မတူကွဲပြားမှုများကို အားနည်းချက်အဖြစ် မယူဆဘဲ အားသာချက်နှင့် အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်သည့် လူ့အသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာရန် မိမိတို့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယနေ့ဆုချီးမြှင့်ပွဲတွင် ဘာသာစုံ၊ လူမျိုးစုံ၊ အယူအဆမျိုးစုံနှင့် နေထိုင်ကြသော်လည်း မိမိမြို့ရွာဖွံ့ဖြိုးတိုးတက်ရေးကို ညီညီညွတ်ညွတ် ထူးထူးချွန်ချွန် ဆောင်ရွက်နိုင်ကြသည့် ကျေးရွာများ၊ မြို့များနှင့် ထိုကဲ့သို့ဖွံ့ဖြိုးတိုးတက်အောင် ဦးစီးဦးဆောင်ပြုနိုင်သည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် ဂုဏ်ပြုလက်မှတ်များကို ချီးမြှင့်ပေးခြင်းဖြစ်ပါကြောင်း။

နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိကြသည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့အစိုးရ၏ ရည်မှန်းချက်နှင့် စေတနာကို သိရှိကြပြီးဖြစ်သည့်အတွက် နိုင်ငံနှင့် လူမျိုးအကျိုး၊ ဒေသအကျိုး တိုးတက်ထမ်းဆောင်ပေးကြပါရန်နှင့် မိမိတို့နှင့် လုပ်ဖော်ကိုင်ဖက် ဒေသခံပြည်သူများကို ထပ်ဆင့်ပညာပေးလက်တွဲခေါ်ယူပြီး နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လည်း ဂုဏ်ပြုပြောကြားလိုပါကြောင်း။

ယနေ့ ဆုချီးမြှင့်သည့် အခမ်းအနားတွင် အများပြည်သူအတွက် သက်စွန့်ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသူများကို အထူးဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ရန်စီစဉ်ထားပါကြောင်း၊ ထိုပုဂ္ဂိုလ်များမှာ ကိုးကန့်ဒေသတိုက်ပွဲများကြားတွင် ဒုက္ခသည်ပြည်သူများကို သက်စွန့်ကယ်ဆယ်ကူညီခဲ့သည့် ကြက်ခြေနီစွမ်းဆောင်ရှင်များ၊ ရခိုင်ပြည်နယ်အတွင်း သင်္ဘောတိမ်းမှောက်နစ်မြုပ်စဉ်တွင် ခရီးသည်များကို အသက်ဘေးမှ စွန့်စားကယ်ဆယ်ခဲ့ကြသူများကို ဂုဏ်ပြုသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသားပြည်သူများသည် လူမှုရေး စိတ်ဓာတ်အရင်းခံရှိကြသူများဖြစ်သည့်အတွက် ယခင်နှစ်များကလည်း မီးသတ်၊ ကြက်ခြေနီ၊ လူမှုရေးကူညီမှုအသင်းများ၊ ဌာနဆိုင်ရာလူပုဂ္ဂိုလ်အဖွဲ့အစည်းများကို အလားတူ ဆုများချီးမြှင့်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဆုချီးမြှင့်ရာတွင် မပါဝင်သော မီးသတ်၊ ကြက်ခြေနီ၊ ကင်းထောက်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာနှင့် အခြားလူမှုရေး၊ စီးပွားရေးအဖွဲ့အစည်းအသီးသီးသည်လည်း နိုင်ငံနှင့်ဒေသ၏ အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် အစဉ်အမြဲပါဝင်လှုပ်ရှားဆောင်ရွက်ပေးနေကြသည့်အတွက် ပြည်သူအားလုံး၏ကိုယ်စား ဂုဏ်ယူပါသည်ဟု ပြောကြားလိုပါကြောင်း။

ထိုကဲ့သို့ နိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူများလိုလားနေသည့် နိုင်ငံတည်ငြိမ်အေးချမ်းရေးတို့အတွက် အသက် သွေးချွေးများစွာပေးဆပ်၍ ကာကွယ်စောင့်ရှောက်နေကြသည့် တပ်မတော်သားများကို ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်သီးသန့်အထူးဆုကို ချီးမြှင့်သွားမည်ဖြစ်သကဲ့သို့ တပ်မတော်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့က နိုင်ငံတော်၏ တန်ဖိုးကြီးမားသည့်ဘဏ္ဍာဖြစ်သော အဖိုးတန် သစ်တောသယံဇာတများ မဆုံးရှုံးရအောင် တားဆီးကြိုးပမ်းဆောင်ရွက်ခဲ့သည့် အတွက်လည်း အထူး ဂုဏ်ထူးဆောင်ဆုများနှင့် ချီးမြှင့်ဂုဏ်ပြုသွားမည် ဖြစ်ပါကြောင်း။

ယနေ့ပြုလုပ်သည့် ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားတွင် ပါဝင်တက်ရောက်ပြီး ဆုအသီးသီးရရှိခဲ့ကြသည့် ပုဂ္ဂိုလ်များအပါအဝင် နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုနှင့် ထူထောင်ရေးလုပ်ငန်းများတွင် မိမိကျရာနေရာမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေကြသည့် လူထုလူတန်းစားအလွှာအသီးသီးမှ ပြည်သူအားလုံးကိုလည်း နိုင်ငံတော် သမ္မတအနေဖြင့် များစွာ အလေးထား ဂုဏ်ပြုအပ်ပါသည်ဟု ထပ်လောင်းပြောကြားလိုပါကြောင်း၊ ထို့အပြင် နိုင်ငံ၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍအသီးသီးတွင် ဦးဆောင်ဦးရွက်ပြုနေကြသူများ၊ နိုင်ငံ့အရေးအရာကိစ္စများကို အလေးထားဆွေးနွေးဆုံးဖြတ်အတည်ပြုဆောင်ရွက်ပေးနေသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၏ တိုင်းကျိုးပြည်ပြုစွမ်းဆောင်ခဲ့မှုများကိုလည်း ဂုဏ်ပြုအပ်ပါကြောင်း။

ယနေ့ဂုဏ်ပြုပွဲတွင် နိုင်ငံတော်အဆင့်နှင့်အညီ အကဲဖြတ်ချက်များနှင့် ရွေးချယ်ခဲ့သောကြောင့် မပါဝင်နိုင်ခဲ့သည့် ထူးချွန်သူများကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ အစီအစဉ်ဖြင့် ထိုက်တန်သည့်ဂုဏ်ပြုဆုများ ချီးမြှင့်သွားကြရန်မှာကြားလိုပါကြောင်း။

နောင်အနာဂတ်တွင် နိုင်ငံတော်ကာကွယ်ရေး၊ လူမှုရေး၊ စီးပွားရေးတာဝန်များကို ထမ်းဆောင်ကြမည့် ထူးချွန်စီးပွားရေး စွမ်းဆောင်ရှင်လူငယ်များ၊ အမျိုးသမီးများ၊ ထူးချွန်ကျောင်းသား လူငယ်မောင်မယ်များ၊ ကင်းထောက်လူငယ်များနှင့် လူမှုအဖွဲ့အစည်းအသီးသီးမှ ထူးချွန်ထက်မြက်သည့်လူငယ်များသည်လည်း တစ်ချိန်တွင် နိုင်ငံ၏လိုအပ်ချက်များကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးမည့် နိုင်ငံ၏ မျိုးဆက်သစ်အင်အားများဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် စဉ်ဆက်မပြတ် အလေးထား ပြုစုပျိုးထောင်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများ၏ ဆောင်ရွက်ချက်များနှင့် အဆင့်သတ်မှတ်ချက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိကြသည့် မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုရရှိသူ ၁၄ ဦး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆုရရှိသူ ၁၉ ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် သီးသန့်အထူးဆုနှင့် အထူးဂုဏ်ထူးဆောင်ဆုရရှိသူများ၏ စွမ်းဆောင်ရည်ပြကွက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အထူးဂုဏ်ထူးဆောင်ဆုရရှိသူ ၂၀ တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူ ၂၀ နှင့် သီးသန့်အထူးဆုရရှိသူတစ်ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်းတို့သည် နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ သီးသန့်အထူးဆု၊ အထူးဂုဏ်ထူးဆောင်ဆုရရှိသူများနှင့် လည်းကောင်း၊ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူများနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတက ဆုရရှိကြသူများနှင့် တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားတိုးတက်ရေးတို့အတွက် စွမ်းဆောင်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့် စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ၊ အဖွဲ့အစည်းများ ပေါ်ထွန်းလာစေရန်၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြို့ပြ၊ ကျေးရွာများဖွံ့ဖြိုးတိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအကြိမ်သည် တတိယအကြိမ်ဖြစ်သည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၈ မှ*

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ/ဒေသအမည် |
|---|---|---|
| ၁၂။ | တန်ဖိုးမြှင့်ထုတ်ကုန်ထူးချွန်ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု | ရန်ကုန်တိုင်းဒေသကြီးမှ ဦးဝေဖြိုး(ချိုချိုအသင့်စားကြာဆံလုပ်ငန်း) |
| ၁၃။ | ထုတ်လုပ်ရောင်းချမှုထူးချွန် အသေးစားစီးပွားရေးလုပ်ငန်းရှင်ဆု | ရန်ကုန်တိုင်းဒေသကြီးမှ ဦးကိုလေး (JKL အဆင့်မြင့်ထုပ်ပိုးမှုလုပ်ငန်း) |
| ၁၄။ | ထုတ်လုပ်ရောင်းချမှု ထူးချွန်အသေးစားစီးပွားရေးလုပ်ငန်းရှင်ဆု | စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးတင်မောင်ကြည် (အေးငြိမ်းသီတာတိုင်းရင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်း) |
| ၁၅။ | ထုတ်လုပ်ရောင်းချမှုထူးချွန် အသေးစားစီးပွားရေးလုပ်ငန်းရှင်ဆု | မွန်ပြည်နယ် မှ ဒေါ်စိန်မမ ( ဆွိတီ အထက်တန်း ဟင်းမွှေးမဆလာထုတ်လုပ်မှုလုပ်ငန်း) |
| ၁၆။ | ထုတ်လုပ်ရောင်းချမှုထူးချွန် အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု | ဧရာဝတီတိုင်းဒေသကြီးမှ ဦးလှဦး ( စုပေါင်းလယ်ယာဆန်စက်) |
| ၁၇။ | ထုတ်လုပ်ရောင်းချမှုထူးချွန် အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု | ရန်ကုန်တိုင်းဒေသကြီးမှ ဦးသိန်းကြည် (NIBBAN လျှပ်စစ်နှင့်အီလက်ထရွန်နစ်လုပ်ငန်း) |
| ၁၈။ | ဝန်ဆောင်မှုထူးချွန် အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု | ရှမ်းပြည်နယ်မှ ဦးအုန်းမောင် ( Inlay Princess Hotel) |
| ၁၉။ | ဝန်ဆောင်မှုထူးချွန် အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု | မွန်ပြည်နယ်မှ ဒေါက်တာမျိုးမြင့်စိန်၊ စိမ်းလဲ့တင် (Adventure Land) |

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးကို ရန်ကုန်မြို့ရှိ Summit Parkview ဟိုတယ်၌ ယနေ့နံနက် ၈ နာရီခွဲက ကျင်းပသည်။ **(အပေါ်ပုံ)**

ပူးပေါင်းညှိနှိုင်းမှုဆိုင်ရာ အစည်းအဝေး၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပရန် နီးကပ်လာပြီဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းပြည့်စုံ မှန်ကန်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုစုဆောင်ရွက်နေရာ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် အရေးကြီးသည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ နိုင်ငံတကာကလည်း စောင့်ကြည့်လျက်ရှိကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် မိမိပါတီအနိုင်ရရှိရေးအတွက် အရည်အချင်းပြည့်ဝသော ကိုယ်စားလှယ်လောင်းများကို ရွေးချယ်လျာထားရန်လိုအပ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကျား၊ မ ခွဲခြားမှုမရှိသော်လည်း နိုင်ငံရေးအခန်းကဏ္ဍတွင် အမျိုးသမီးများ ပါဝင်မှုနည်းပါးနေကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းလျာထားရာတွင် အရည်အချင်းရှိသည့် အမျိုးသမီးများကို တိုးမြှင့်လျာထားပါမှ လွှတ်တော်အတွင်း အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ပွင့်လင်းမြင်သာစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရန် နိုင်ငံရေးပါတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို သိရှိအောင်လေ့လာပြီး လိုက်နာဆောင်ရွက်ကြရန်နှင့် မိမိနှင့် ယှဉ်ပြိုင်ဘက်ပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် စောင့်ကြည့်လေ့လာထောက်ပြပြီး Check and Balance ပြုလုပ်၍ ဥပဒေ၏အကာအကွယ်ကို ရယူဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကြည်က တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်း တိုးတက်ပြီးစီးမှု အခြေအနေများကို နိုင်ငံရေးပါတီများအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှတာဝန်ရှိသူများနှင့် ဆွစ်ဇာလန်သံရုံးမှ Ms. Tatiana Monney တို့က နိုင်ငံရေးပါတီများ၏ ကျင့်ဝတ်ဆိုင်ရာကို ညှိနှိုင်းဆွေးနွေးကြပြီး မဲပေးခြင်း၊ မဲရုံနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ်များကို သရုပ်ပြသသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများဖြေရှင်းခြင်း လုပ်ငန်းစဉ်ကို ရှင်းလင်းပြောကြားပြီးနောက် နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆေးဝါး၊ အသုံးအဆောင်ပစ္စည်းများ၊ ရေဒီယိုနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်း

**ဘားအံ မေ ၁၅**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ တွေ့ဆုံပွဲကို မေ ၁၄ ရက် ညနေ ၅ နာရီက ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက မိတ်ဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်ခင်မာထွန်းက အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ အမျိုးသမီးများ၏လုပ်အားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းဆောင်ရွက်ရေး၊ အမျိုးသမီးများဘဝ လုံခြုံရေး၊ ဘဝရပ်တည်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့အား ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ညွှန့်ညွှန့်ဝေက လက်ခံခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ နာယကနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ အမှတ်(၆)ရပ်ကွက်ရှိ ပညာအိမ်စာကြည့်တိုက်တွင် ရေဒီယိုနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို တက်ရောက်ခဲ့ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဘဏ္ဍာရေးရာဌာနကြီးခေါင်းဆောင် ဒေါ်ခင်စန္ဒာထွန်းက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရေဒီယိုနှင့် စာအုပ်စာစောင် ၄၀၀ ကျော် ပေးအပ်လှူဒါန်းသည်။ ထို့နောက် စာကြည့်တိုက်တွင် ပရိဘောဂပစ္စည်း ဝယ်ယူနိုင်ရန်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက ငွေကျပ် ၅၀၀၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် ၂၀၀၀၀၀၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ပန်ကာတစ်စုံကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**




# သာစည်မြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် မိုးခေါ်လွန်ဆွဲ

**သာစည် မေ ၁၅**

သာစည်မြို့နယ်တွင် နေ့အပူချိန်လွန်ကဲမြင့်တက်နေမှုကြောင့် အပူဒဏ်သက်သာရန် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများမှာ အရိပ်ကောင်းသည့်သစ်ပင်ကြီးများအောက်နှင့် အေးမြမှုရှိသည့် ဘုရားကျောင်းကန်များသို့သွားရောက်၍ နားခိုနေကြရသည်။ မိုးရွာသွန်းမှုမရှိခြင်းကြောင့် ကျေးရွာများရှိ ကျေးလက်တောင်သူတို့မှာ အချိန်အခါရာသီချိန်အမီ စိုက်ပျိုးကြရမည့်သီးနှံများ စိုက်ပျိုးရေမရရှိမှုကြောင့် မစိုက်ပျိုးနိုင်ခဲ့ကြသဖြင့် သီးနှံစိုက်ပျိုးမှုတွင် အခက်အခဲတွေ့နေကြသည်။



ထိုသို့ တစ်မြို့နယ်လုံး မိုးရွာသွန်းမှုကိုလိုလားနေချိန်တွင် အမှတ်(၇) ရပ်ကွက် မန်ကျည်းအုပ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိလာသ (သဒ္ဓမ္မဇောတိက)၏စီစဉ်မှုဖြင့် ရပ်ကွက်အတွင်းရှိ လူငယ်မောင်မယ်များက ကျောင်းဝင်းအတွင်း၌ မေ ၁၄ ရက် ညနေ ၅ နာရီက မိုးခေါ်လွန်ဆွဲပွဲများ ပြုလုပ်နေကြသည်ကို တွေ့ရသည်။

မိုးရွာစေရန်အတွက် မိုးခေါ်လွန်ဆွဲပွဲများကို မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်များတွင်လည်း နေ့စဉ်ရက်ဆက်ပြုလုပ်နေကြကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# မြစ်ကြီးနားမြို့၌ မျက်နှာဖုံးတပ် လုယက်မှုဖြစ်

**မြစ်ကြီးနား မေ ၁၅**

မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များတွင်ဆိုင်ကယ်များဖြင့် မကြာခဏ လုယက်မှုဖြစ်ပွားလျက်ရှိရာ အဆိုပါဒုစရိုက်မှုကျူးလွန်သူများသည် မျက်နှာတွင် နှာခေါင်းစည်း၊ ဖုန်ကာမျက်နှာဖုံး (Mask) တပ်ဆင်ပြီး ရုပ်ဖျက်ကာဒုစရိုက်မှုများကျူးလွန်လေ့ရှိသဖြင့် ၎င်းဒုစရိုက်မှုများပပျောက်ရေးနှင့် ပြည်သူများ၏ သွားလာရာတွင် လုံခြုံစိတ်ချမှုရှိစေရန်ရည်ရွယ်ပြီး မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မေ ၄ ရက်တွင် မြစ်ကြီးနားမြို့ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းနှာခေါင်းစည်း ဖုန်ကာ Mask ကိုတပ်ဆင်ခြင်း မပြုရန် ဒေသန္တရ အမိန့်ကိုထုတ်ပြန်ခဲ့ရာ မေ ၁၁ ရက်မှစတင်၍ အမိန့်တည်ခဲ့သည်။

အထက်ပါဒေသန္တရအမိန့်ထုတ်ပြန်ပြီးနောက် မြစ်ကြီးနားမြို့နယ် လုံခြုံရေး တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ ညှိနှိုင်းဆုံးဖြတ်ရေးအရ ရပ်ကွက်အုပ်ချုပ်ရေး၊ နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်များပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များတွင် ကင်းလှည့်၊ ရပ်ကင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက် ည ၉ နာရီ ၁၅ မိနစ်က မြေမြင့်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် စည်ပင်သာယာလမ်းထောင့်၌ ဘက်ထရီဆိုင်ကယ်စီးနင်းလာသူ အမျိုးသမီးနှစ်ဦးကို 125 ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသားနှစ်ဦးက လုယက်မှုဖြစ်ပွားရာ မြေမြင့်ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် နယ်ထိန်းခေါင်းဆောင်များကအချိန်နှင့်တစ်ပြေးညီ ရာဇဝတ်မှုကျူးလွန်သည့်သူများ ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူအား လုယက်မှု၊ ထိခိုက်နာကျင်စေမှုအပြင် မျက်နှာတွင် မျက်နှာဖုံးတပ်ဆင်၍ ပြစ်မှုကျူးလွန်သောကြောင့် ဒေသန္တရအမိန့်ကျူးလွန်ဖောက်ဖျက်မှုအပေါ် သီးခြားစီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်းနှင့်ဆက်လက်၍ အလားတူ ဒေသန္တရအမိန့်အား ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိန်ဝင်း**(iprd)



# မင်းပြားမြို့အလယ်ပိုင်း ဦးစိုးတင့်ရပ်ကွက် ဆန်စက်တန်း မီးလောင်မှုဖြစ်ပွား

**နေပြည်တော်  မေ  ၁၅**

ရခိုင်ပြည်နယ် မင်းပြားမြို့ အလယ်ပိုင်း ဦးစိုးတင့် ရပ်ကွက် ဆန်စက်တန်း မြို့လယ်ဓမ္မာရုံအနီး၌ ယနေ့ နံနက် ၁ နာရီခွဲတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ် ၁၂ လုံး၊ ဆန်စက်ရှစ်လုံး၊ သစ်စက်နှစ်လုံး၊ အပ်ချုပ်ဆိုင် သုံးဆိုင်၊ လက်ဖက်ရည်ဆိုင် သုံးဆိုင်၊ ပန်းပဲဆိုင် တစ်ဆိုင်၊ အခြား ဆိုင်ခန်းနှစ်ခန်း မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ကျွမ်းရာသို့ မြို့နယ်မီးသတ်ဌာနမှ မီးသတ်ယာဉ် သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီကျော်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးနှင့် မီးဘေးသင့်လူဦးရေ အတိအကျကို စာရင်းကောက်ယူဆဲဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**ဓာတ်ပုံ-ဇော်နိုင်ထွန်း(iprd)**

# Public Digital Library Service စက်များတွင် ထည့်သွင်းအသုံးပြုရန် ဝတ္ထု၊ သုတ၊ ရသ၊ ကာတွန်း၊ စာအုပ်စာစောင်များ၏ Electronic Version များ လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာ

**နေပြည်တော် မေ ၁၅**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စာကြည့်တိုက်များ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များနှင့် လူစည်ကားရာနေရာများ (သဘော်ဆိပ်၊ လေဆိပ်၊ ဘူတာရုံ၊ ကားဂိတ်၊ ဆေးရုံ၊ တက္ကသိုလ်) စသည်တို့တွင် Laptop များ၊ Mobile Phone များ၊ Tablet များဖြင့် Wifi စနစ်ကိုအသုံးပြု၍ အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ရန်အတွက် Public Digital Library Service (PDLS) စက်ကို စာအုပ် ၇၁၂၅ ပါဝင်သော စက်စုစုပေါင်း အလုံးရေ ၆၀၀ အား ဝယ်ယူတပ်ဆင်ပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးမှ မြို့နယ်အသီးသီးရှိ လူစည်ကားရာ နေရာများတွင် ပြည်သူများအနေဖြင့် စာပေဗဟုသုတများ အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန်အတွက် Public Digital Library Service စက် အလုံး ၂၀၀ ကိုထပ်မံတပ်ဆင်ဆောင်ရွက်ပေးသွားရန်ရှိပြီး စာဖတ်ရှုလေ့လာသူများအနေဖြင့် မိမိတို့ကိုယ်တိုင် လေ့လာဖတ်ရှုရန်အတွက်သာ အသုံးပြုပါရန် (Fair Use ) နှင့် တစ်ဆင့်ဖြန့်ဝေခြင်း၊ ကူးယူပုံနှိပ်ထုတ်ဝေခြင်း၊ တစ်ဆင့် ဖြန့်ဖြူးရောင်းချခြင်းတို့မပြုရန် မေတ္တာရပ်ခံဖော်ပြသွားမည်ဖြစ်ပါသည်။

၃။ ပြည်သူများ စာပေဗဟုသုတ အလွယ်တကူ ဖတ်ရှုနိုင်ရန်အတွက် ရည်ရွယ်၍ စာရေးဆရာကြီး၊ ဆရာမကြီးများအနေဖြင့်လည်းကောင်း၊ စာပေထုတ်ဝေသူများအနေဖြင့်လည်းကောင်း စာအုပ် Electronic Version (Soft Copy-PDF)များကို လှူဒါန်းမှုပြုလုပ်နိုင်ပါရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ဌာနခွဲ၊ (ရန်ကုန်)၊ ဦးစန်းဝင်း(စာတည်းမှူး) ဖုန်းနံပါတ် (၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၂ ) အမှတ် (၂၂၈)သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် စာအုပ်များ၏ Electronic Version များကို စာရေးဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ရောင်းချလိုပါကလည်း ရောင်းချနိုင်မည့် မျှော်မှန်းဈေးနှုန်းဖော်ပြ၍ အဆိုပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ရောင်းချနိုင်ပါကြောင်း ရိုသေလေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

# ရိုးမတောင်ပေါ်ကားလမ်း ဖိုးကျားအတက်တွင် ဝါးတင်ယာဉ်နောက်ပြန်ကျတိမ်းမှောက်ပြီး ရှစ်ဦးဒဏ်ရာရ

**ရေတာရှည်  မေ  ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း ဖိုးကျားအတက်တွင် မေ ၁၄ ရက် ညနေ ၅ နာရီခွဲက ဝါးတင်ယာဉ် နောက်ဘီးပေါက်ရာမှ နောက်သို့ပြန်လိမ့်ဆင်းကာ တိမ်းမှောက်သွားခဲ့၍ ယာဉ်ပေါ်၌ လိုက်ပါလာသူ ရှစ်ဦး (နှစ်ဦးစိုးရိမ်ရ) ဒဏ်ရာများ ရရှိသွားခဲ့ကြောင်း သိရသည်။



အခင်းဖြစ်ပွားသည့် နေရာသို့ ဆွာနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်သောင်းစံ၊ ဒုရဲအုပ်ဝင်းနိုင်နှင့် အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်မောင်း ကျွဲမ(ခ)သန်းလွင်မိုး (၃၃ နှစ်) ဆွာမြို့တောင်ပိုင်း ၄(ခ) ရပ်ကွက်နေသူ မောင်းနှင်ပြီး ဝါးတင်လုပ်သား ခုနစ်ဦး တင်ဆောင်မောင်းနှင်လာသော ၈ဆ/--- ၁၀ ဘီး ဝါးတင်ယာဉ်သည် အနောက်မှ အရှေ့သို့ မောင်းနှင်လာစဉ် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင်အမှတ် (၉/၇) နှင့် (၁၀/၀)ကြား ဖိုးကျားဆင်စခန်း မြောက်ဘက်အတက်တွင် နောက်ပြန်ကျကာ ကားလမ်း၏ လမ်းမြောက်ဘက်သို့ တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ကျွဲမ(ခ)သန်းလွင်မိုး အပါအဝင် ဝါးတင် လုပ်သားခုနစ်ဦး ဒဏ်ရာများ ရရှိခဲ့ပြီး ဖြိုးကျော်ဇင် (၂၀နှစ်)ဆွာမင်းလမ်းကျေးရွာနေသူ နှင့် အောင်သူဝင်း (၂၅ နှစ်) ဆွာမင်းလမ်းကျေးရွာနေသူ နှစ်ဦးတို့ စိုးရိမ်ရသဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ တင်ပို့ပေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆွာနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ရွှေးကောက်ပွဲဆိုင်ရာလုံခြုံရေး အသိပညာပေး

**ရန်ကုန်  မေ  ၁၅**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့၏ ကြီးကြပ်မှုဖြင့် လှိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၁၅) ဖွင့်ပွဲကို မေ ၁၁ ရက်ကကျင်းပရာ အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးငွေထွန်းဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးတေဇာကြည်၊ လှိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဦးဇော်လင်း၊ လှိုင်မြို့မရဲစခန်းမှူး ဒုရဲမှူး တင်ထွေးနှင့် သင်တန်းသား စုစုပေါင်း ၄၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**မောင်မောင်**


**ဖခင်အမည်မှန်**

ဖျာပုံခရိုင်၊အမာမြို့နယ်၊ဒေါင်ငြိမ်းကျေးရွာ အထက်တန်းကျောင်း သတ္တမတန်း(A)မှ ပညာသင်ကြားနေသော မောင်နိုင်ခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်သိန်း ၁၄/ဖပန(နိုင်) ၁၀၂၃၂၇ ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဏ/၄၇၁၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

**မိဘအမည်မှန်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဦးသန်းစိန် ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်း(အောင်)ဖြင့် ပညာသင်ကြားခဲ့သော မောင်ကောင်းထက်စံ၏ မိဘအမည်မှန်မှာ ဦးအောင်မြင့်သိန်း ၁၂/အစန(နိုင်)၁၈၀၉၁၉နှင့် ဒေါ်အိအိမော် ၁၂/အစန(နိုင်)၁၃၃၆၄၇တို့ ဖြစ်ပါကြောင်း။


**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်**
**စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန်ဖိတ်ခေါ်ပါသည်။

(က) 315 KVA, 11/0.4 KV Transformer & Two Pole 6 Lot Structure တည်ဆောက်ခြင်းလုပ်ငန်း
(ပဲခူး၊ ညောင်လေးပင်၊ ဘိုကလေး၊ လပွတ္တာ၊ မုံရွာ၊ စစ်တွေ)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၅-၂၀၁၅ ရက်မှ ၁၃-၆-၂၀၁၅ ရက်နေ့အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၆-၂၀၁၅ ရက်နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း၊ ၀၆၇-၇၉၄၈၃၊ ၀၆၇- ၇၉၁၃၅၊ ၀၆၇- ၇၉၄၁၁**

**ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရေကူးအသံလွှင့်စက်ရုံဝင်းနေရာတွင် မီဒီယာနှင့်ပတ်သက်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် လက်ရှိအသံလွှင့်စက်ပစ္စည်းများကို ပြောင်းရွှေ့တည်ဆောက်ရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားပိုင် ရေကူးထပ်ဆင့်လွှင့်စက်ရုံဝင်းနေရာသည် လူနေထူထပ်သည့်နေရာသို့ရောက်ရှိလာပြီး Radio Frequency Radiation ကြောင့် ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်နိုင်ခြင်းနှင့် မြို့ပြအဆောက်အအုံများကြောင့် အသံထုတ်လွှင့်မှုပိုင်းဆိုင်ရာအနှောင့်အယှက်များဖြစ်ပေါ်စေခြင်းစသည်တို့ကြောင့် လက်ရှိတည်ဆောက်ထားသည့် စက်ရုံ၊ စက်ပစ္စည်းနှင့် ဝန်ထမ်းအိမ်ရာများကိုထပ်ဆင့်လွှင့်စက်ရုံများအတွက် သင့်လျော်သောနေရာသို့ ပြောင်းရွှေ့နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် ရေကူးစက်ရုံဝင်းအတွင်း မီဒီယာဆိုင်ရာ လုပ်ငန်းများလုပ်ကိုင်ခွင့်ရမည်ဖြစ်ရာ ဆောင်ရွက်လိုသော ပြည်တွင်းကုမ္ပဏီများအား တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

(က) **တည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရေကူးအသံလွှင့်စက်ရုံဝင်းမြေနေရာ
(ခ) **မြေဧရိယာ။** လက်ရှိ Studio များ၏မြေနေရာချန်လှပ်ပြီး ကျန်မြေ ဧက (၈၀) ကျော်

၂။ တင်ဒါပုံစံများကိုပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့တွင် ငွေကျပ်(၁,၀၀၀,၀၀၀/-)(ကျပ်ဆယ်သိန်းတိတိ)ဖြင့် ၁၈-၅-၂၀၁၅ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာကို ၁၉-၆-၂၀၁၅ ရက်နေ့ (၁၄း၀၀)နာရီ နောက်ဆုံးထား၍ မြန်မာ့အသံနှင့်ရုပ်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ဆောင်ရွက်လိုသည့် အသေးစိတ်စီမံချက်နှင့်အတူ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ ဖုန်းနံပါတ် (၀၆၇-၇၉၄၅၆၊ ၀၆၇-၇၉၄၇၄၊ ၀၆၇-၇၉၄၄၃ ) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ e-mail လိပ်စာ management.mrtv.npt @gmail.com သို့လည်း စုံစမ်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းကော်မတီ**

# ဒိုင်အီချီနျူကလီးယားဓာတ်ပေါင်းဖို ပိုမိုကောင်းမွန်စေရေး IAEA ကြည့်ရှု

**ဗီယင်နာ မေ ၁၅**

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA)သည် ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖို ဖျက်သိမ်းမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ဒေသခံပြည်သူများ၊ အစုရှယ်ယာ ပါဝင်သူများနှင့် အရေးတကြီးဆွေးနွေးခဲ့သည်။

IAEA သည် ကျွမ်းကျင်ပညာရှင်များအဖွဲ့၏ တွေ့ရှိချက်များကို ကြာသပတေးနေ့က နောက်ဆုံးအစီရင်ခံစာတွင်ဖော်ပြခဲ့သည်။ ပညာရှင်များသည် ဖေဖော်ဝါရီလအတွင်းက ဂျပန်သို့သွားရောက်ခဲ့ပြီး ဖျက်သိမ်းမှုကို ပြန်လည်သုံးသပ်ရန် ဧပြီလက ထပ်မံသွားရောက်ခဲ့သည်။



အစီရင်ခံစာ၌ ချွတ်ယွင်းဓာတ်ပေါင်းဖိုဖျက်သိမ်းမည့် မဟာဗျူဟာတွင် တိုးတက်မှုရှိကြောင်း အသိအမှတ်ပြုခဲ့သည်။ သို့သော်ဓာတ်ပေါင်းဖိုရှိ အခြေအနေများမှာ ရှုပ်ထွေးနေဆဲဖြစ်ပြီး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ထောက်ပြခဲ့သည်။

ရေဒီယိုသတ္တိကြွ ရေများ ပင်လယ်ထဲသို့ ယိုစိမ့်သည်ဟူသော အချက်ကိုဖော်ပြရန် နှောင့်နှေးကြန့်ကြာမှုအပေါ် ဝေဖန်မှုများပေါ်ထွက်လျက်ရှိသည်။

ဓာတ်ပေါင်းဖို အမှတ်(၂) အဆောက်အအုံအမိုးပေါ်၌ စုပုံလာသောမိုးရေများသည် ရေဆိုးစွန့်ပစ်သည့် မြောင်းမှတစ်ဆင့် ယိုစိမ့်လာသည်ဟု ဆိုသည်။ **(ကျိုဒို)**

# ပျောက်ဆုံးအမေရိကန်ရဟတ်ယာဉ်အပျက်အစီးများတွေ့ရှိ

**ခတ္တမန္ဒူ မေ ၁၅**

လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်က ဒုတိယမြောက် အကြီးဆုံး ငလျင်တစ်ခုသည် ဟိမဝန္တာအနီးရှိ နိုင်ငံတစ်ခုဖြစ်သော နီပေါနိုင်ငံတွင် လှုပ်ခတ်ခဲ့သောကြောင့်လူသေဆုံးမှုနှုန်း မြင့်တက်လျက်ရှိစဉ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန် မရိန်းတပ်သား ခြောက်ဦးနှင့် နီပေါစစ်သား နှစ်ဦးတို့ပါသော တပ်မတော်ရဟတ်ယာဉ်တစ်စင်းသည် နီပေါနိုင်ငံအရှေ့ဘက်သို့ အင်္ဂါနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီက ပျံသန်းထွက်ခွာလာခဲ့စဉ် ပျောက်ဆုံးခဲ့ရာယခုအခါတွင် အဆိုပါ ပျောက်ဆုံးရဟတ်ယာဉ်ကို တရုတ်နယ်စပ်အနီးတွင် တွေ့ရှိခဲ့ကြောင်း နီပေါ ဗိုလ်ချုပ်တစ်ဦးက သောကြာနေ့က ပြောကြားခဲ့သည်။

အသက်ရှင်ကျန်ရစ်သူ ရှိ မရှိ အတည်ပြုနိုင်ခြင်း မရှိသေးကြောင်း ရဟတ်ယာဉ်အပျက်အစီးများကို ဝေဟင်မှသာ တွေ့မြင်ရခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ် အပျက်အစီးများ တွေ့ရာ အဆိုပါဒေသသို့ ဆင်းသက်ရန် ကြိုးစားနေကြောင်းနှင့် သတင်းအချက်အလက်များပိုမိုရရှိရန် လုပ်ဆောင်နေကြောင်း ဗိုလ်ချုပ်ဘီနော့ချ်ဘာ့စ်နက်တ်က အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။



အဆိုပါရဟတ်ယာဉ် UH-1Y Huey ကို အမြင့်ပေ ၁၁၂၀၀ (၃၄၀၀ မီတာ)တွင် တည်ရှိသော ဂိုတာလီရွာတွင် တွေ့ရှိခဲ့ကြောင်း ဗိုလ်ချုပ်ဘီနော့ချ်က ရိုက်တာသတင်းတစ်ရပ်သို့ ပြောခဲ့သည်။ ၎င်းတို့ မြေပြင်တပ်ဖွဲ့များသည် အဆိုပါ ရဟတ်ယာဉ်ပျက်ကျရာဒေသသို့ သွားရောက်ရန် ကြိုးစားနေကြကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ပျက်ကျမှု မဖြစ်ပွားခင် အဆိုပါ ရဟတ်ယာဉ်မှ ဒုက္ခရောက်နေသည့် သတင်းပေးပို့ချက်ကို ရေဒီယိုမက်ဆေ့ချ်မှတစ်ဆင့် ကြားသိခဲ့ရသည်။

၇ ဒသမ ၃အဆင့်ရှိ နီပေါနိုင်ငံတွင် လှုပ်ခဲ့သော ဒုတိယမြောက် ငလျင်ကြောင့် ကျောင်းများနှင့် ကောလိပ်များကို ပိတ်ထားခဲ့ရပြီး ၎င်းငလျင်ကြောင့် လူပေါင်း ၁၁၇ ဦးသေဆုံးခဲ့ပြီး ၂၈၀၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

# လက်ဖက်စိမ်းနှင့် ဝိုင်နီသုံးဆောင်ခြင်းဖြင့် အအေးမိ၊ချောင်းဆိုးခြင်းကို သက်သာစေနိုင်

**ဝယ်လ်လင်တန် မေ ၁၅**

အော့ကလန်တက္ကသိုလ် လေ့လာမှုတစ်ခုအရ လက်ဖက်စိမ်း၊ ပန်းသီး၊ ဘလူးဘယ်ရီသီး၊ ကိုကာ၊ ဝိုင်နီနှင့် ကြက်သွန်နီတို့တွင် ရောဂါကာကွယ်သောဓာတ်တိုးပစ္စည်းများပါရှိသောကြောင့် ထိုအစားအစာများကို စားသုံးခြင်းဖြင့် အအေးမိခြင်းနှင့် ချောင်းဆိုးခြင်းကို သိသိသာသာသက်သာစေနိုင်ကြောင်း သိရသည်။

ယင်းဖြည့်စွက်စာများကို စားသုံးခြင်းဖြင့် မစားသုံးသောသူများထက် ဖော်ပြပါဝေဒနာကို ၃၃ ရာခိုင်နှုန်းမက ကာကွယ်နိုင်ကြောင်း လေ့လာဆန်းစစ်ချက်တစ်ခုအရ သိရသည်။

အဆိုပါအစားအစာများကို စားသုံးပါက နာမကျန်းမှုကိုပါ ကောင်းသွားနိုင်ကြောင်း အာဟာရသုတေသနပညာရှင် Andrea Braakhuis က ဆိုသည်။

အရွယ်ရောက်ပြီးသူ အများစုသည် တစ်နှစ်လျှင်နှစ်ကြိမ်၊ သုံးကြိမ် အအေးမိတတ်ပြီး ကလေးများမှာမူ ငါးကြိမ်အထိဖြစ်တတ်သည်။ ရောဂါလက္ခဏာများမှာ လည်ချောင်းနာခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်းနှင့် နှာစေးခြင်းတို့ဖြစ်သည်။

အာဟာရဆိုင်ရာ သိပ္ပံပညာရှင်များသည် ခုခံအားစနစ်ကို တိုးမြှင့်စေနိုင်ပြီး အအေးမိချောင်းဆိုးခြင်းကို လျှော့ချစေနိုင်၍ ရောဂါပိုးကိုတိုက်ဖျက်နိုင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်သည့်အစားအစာများကို သုတေသနပြုလျက်ရှိသည်။ **(ဆင်ဟွာ)**

# ကျောင်းကားပေါ်တွင် ဖလော်ရီဒါကျောင်းသူနှစ်ဦး အပစ်ခံရပြီးဒဏ်ရာရ

**နယူးယောက် မေ ၁၅**

ကြာသပတေးနေ့က ကျောင်းသားအပြည့်ပါသောဖလော်ရီဒါကျောင်းကားတစ်စီးကို လူတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာစီးနင်းလိုက်ပါလာသော ဆယ်ကျော်သက် ကျောင်းသူနှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သက်ဆိုင်ရာက ပြောကြားသည်။

ဒေသစံတော်ချိန် ညနေ ၄ နာရီခန့်က ဖြစ်ပွားသော အဆိုပါ ပစ်ခတ်မှုနှင့်ပတ်သက်ပြီး မြို့နယ်တရားရုံးက အသေးစိတ်ထုတ်ပြန်ကြေညာခြင်းမရှိပေ။ အသက် ၁၄ နှစ်နှင့် ၁၅ နှစ်အရွယ်ရှိ မိန်းကလေးနှစ်ဦးပစ်ခတ်ခံရပြီး အာဏာပိုင်များက သံသယရှိသူ အမျိုးသားနှစ်ဦးကို စုံစမ်းရှာဖွေလျက်ရှိသည်။

အဆိုပါ မိန်းကလေးနှစ်ဦးကို ဆေးရုံသို့ပို့ပေးခဲ့ကြောင်း၊ အသက်အန္တရာယ်မစိုးရိမ်ရကြောင်း တာဝန်ရှိသူကပြောသည်။

ကျောင်းကြီးကြပ်ရေးမှူး နီကိုလေဗစ်တီက ပစ်ခတ်ခံရမှုသတင်း ကြားသိရသောအခါ ဒေါသကြီးစွာထွက်ကြောင်း အကြောက်တရားများ၊ စိတ်ရှုပ်စရာများ ဖုံးလွှမ်းနေသောကြောင့် ကလေးများမှာ ကလေးကဲ့သို့မနေရ၊ ကျောင်းသားများမှာလည်း ကျောင်းသားကဲ့သို့ မနေရကြောင်း ဖလော်ရီဒါတိုင်းမ်ယူနီယံ သတင်းစာသို့ ပြောကြားခဲ့သည်။

ဒေသတွင်း အကြမ်းဖက်မှုများ တစ်ဟုန်ထိုး ကြီးထွားလာနေသည်ဟု ၎င်းက ဆက်လက်ပြောသည်။ **(ရိုက်တာ)**

# အစ္စရေးညွန့်ပေါင်းအစိုးရ ကျမ်းသစ္စာကျိန်ဆို

**ဂျေရုဆလင် မေ ၁၅**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ လက်ယာယိမ်း ညွန့်ပေါင်းအစိုးရသစ်သည် ကြာသပတေးနေ့နှောင်းပိုင်းက ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ အစ္စရေးနိုင်ငံ၏ (၃၄)ကြိမ်မြောက် အစိုးရကျမ်းသစ္စာကျိန်ဆိုပွဲသည် ဝန်ကြီးများရွေးချယ်ခန့်ထားမှုအပေါ် သဘောထားကွဲလွဲခဲ့ကြသဖြင့် နှစ်နာရီကြာ အချိန်နောက်ကျခဲ့ရသည်ဟု ဆိုသည်။

နေတန်ယာဟု၏ စတုတ္ထမြောက်အစိုးရသည် ငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးကွာဟမှု ကျဉ်းမြောင်းရေးတို့အတွက် လုပ်ဆောင်သွားရန် ကတိပြုပြောကြားလိုက်သည်။ နေတန်ယာဟု၏ အတိုက်အခံ လေဘာပါတီခေါင်းဆောင် အိုဆက်ဟာဇိုသည် ညွန့်ပေါင်းအစိုးရတွင်ပါဝင်မည်ဖြစ်သည်။ ညွန့်ပေါင်းအစိုးရအဖွဲ့ဝင် ၆၁ ဦးတွင် အများစုမှာ လက်ယာယိမ်းလီကွတ်ပါတီမှဖြစ်သည်။

လက်ယာယိမ်းလီကွတ်ပါတီသည် မတ် ၁၇ ရက်က ရွေးကောက်ပွဲတွင် အနိုင်ရပြီးနောက် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် ၄၂ ရက်ကြာ ရုန်းကန်ကြိုးစားခဲ့ရသည်။ **(ဆင်ဟွာ)**


## တစ်ချက်တည်းနှင့်ကျင်းဝင်

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးဇေယျာအောင်သည် ကစားဖော်များဖြစ်သော ဦးချစ်၊ ဦးသိန်းအောင်၊ ဦးလှရွှေ၊ ဦးငွေးဝင်းအောင်တို့နှင့်အတူ ၁၂-၅-၂၀၁၅ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Srixon No. (4) ဘောလုံးကို Taylormade Iron No. (7) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ ကိုက်ရှိ ကျင်းအမှတ် (၅)တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

## ဂျပန်ဘာသာ

အရေး၊ အဖတ်၊ အပြော

၀၉-၂၅၀၀၂၃၅၂၀၊

၀၉-၂၅၁၁၆၉၉၂

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုကျော်နိုင် ၁၂/ထတပ(နိုင်) ၀၇၆၇၈၈၏ စက်ခန်းအုပ်လက်မှတ်အမှတ် ၄၆၄/၂၀၁၃ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၅၈၁၀၁၂

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)တွင် ၁၈-၅-၂၀၁၅ရက်မှ ၂၀-၅-၂၀၁၅ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၁-၅-၂၀၁၅ရက် နံနက် ၁၀နာရီမှ ၁၁ နာရီအတွင်း ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်တင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါ ဘေးထွက်ပစ္စည်းအမျိုးအမည်၊အရေအတွက်နှင့် မျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၅၇-၂၇၅ ၂၅၊၀၅၇-၂၇၅၂၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)**
**ဆည်မြောင်းလမ်း၊ ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၅၀၈၇၀ Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၈/ပခက(နိုင်)၀၇၂၈၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇Bᵓ လူနေရပ်ကွက်အမှတ် ပန်းလှိုင်အိမ်ရာ၊မြေကွက်အမှတ်၆၊ဧရိယာ ၀ဒသမ၀၅၄ ဧကရှိ နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးသန်းဝင်း-ဒေါ်ဖြူဖြူသန်းဖြစ်ပါသည်။ အဆိုပါမြေနှင့် နှစ်ထပ်တိုက် အပါအဝင်အား အရောင်းအဝယ်စာချုပ်အမှတ် (၁၇၅၈/၂၀၁၅) တင်ပြ၍ ဒေါ်ချစ်စုလွင် ၁၂/အလန(နိုင်) ၀၄၁၄၆၅ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်းအပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄ အိပ်ချ်ဒိုင်)၊ မြေကွက်အမှတ် (၁၇၆)၊ နှစ်(၆၀)ဂရန်မြေကွက်၊ အကျယ်အဝန်း(၄၀ပေ×၆၀ပေ)၊ ဧရိယာ(၀. ၀၅၅)ဧက၊ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်၊ စက်မှု(၃)လမ်း၊ အမှတ်(၁၇၆)ဟုခေါ်တွင် တစ်ထပ်အဆောက်အဦးအပါအဝင် အခွင့်အရေးအရပ်ရပ်အားလုံးကို ပိုင်ရှင်ဦးခင်မောင်ဝင်းထံမှ အပြီးဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးတင်ထွန်းက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်း (B.A, LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၀၉)
ဖုန်း ၀၉-၅၁၅၁၇၈၄

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသောင်းရွှေ၏သားဖြစ်သူ ၁၂/မဘန(နိုင်)၁၁၄၈၂၅ ကိုင်ဆောင်သူ မောင်ပြည့်စုံအောင်နှင့် ပြည့်စုံထွန်းမှာ တစ်ဦးတည်း ဖြစ်ပါသည်။

# နိုင်ငံခြားငွေကြေးဈေးကွက်ထိန်းချုပ်မှု မှန်ကန်တဲ့နည်းလမ်း သုံးစွဲနိုင်ပြီလား

**ရန်ကုန် မေ ၁၅**

မြင့်တက်လျက်ရှိသော နိုင်ငံခြားငွေဈေးကွက်သည် သက်ဆိုင်ရာငွေကြေးအဖွဲ့အစည်းများဆောင်ရွက်မှုကြောင့် ပြန်လည်ကျဆင်းလာသည်ကို တွေ့ရသည်။ သို့သော် မြန်မာ့ငွေကြေးတန်ဖိုးကျဆင်းကာ နိုင်ငံခြားငွေတန်ဖိုးမြင့်တက်လာခြင်းကို ရေရှည်ထိန်းချုပ်ကာကွယ်နိုင်ရန် မှန်ကန်တည့်မတ်သည့် နည်းလမ်းများကို စုပေါင်းအဖြေရှာလျက်ပင် ရှိသည်ကိုမြင်တွေ့ရသည်။

"ဒေါ်လာဈေးက အလွန်လှုပ်ခတ်နေတာဖြစ်ပါတယ်။ အရင်နေ့ကထက် ဒေါ်လာဈေးနှုန်း ၁၀ ကျပ်ဝန်းကျင် ပြန်ကျဆင်းလာတာက ဈေးနှုန်းကန့်သတ်မှုတွေကြောင့်ဖြစ်သလို အရောင်းအဝယ်လည်း ရပ်ဆိုင်းနေတာကြောင့်ဖြစ်ပါတယ်။ ပို့ကုန်ဝင်ငွေတန်ဖိုးက ကျပ် ၁၁၀၀ ဝန်းကျင်သာ ရှိပါတော့တယ်။ ဒေါ်လာဈေးကလည်း ၁၁၀၇ ကျပ်ဝန်းကျင်ဆိုတော့ ဈေးနှုန်းကျလာတာပါ"ဟု နိုင်ငံခြားငွေကြေးရောင်းဝယ်သူတစ်ဦးက ပြောကြားသည်။

ဗဟိုဘဏ်၏ ဝင်ရောက်ထိန်းချုပ်မှုနှင့် ဝန်ကြီးဌာန ထုတ်ပြန်ချက်များကြောင့်လည်း နိုင်ငံခြားငွေကြေးဈေးကွက် အတက်ကြမ်းမှုကို ထိန်းထားနိုင်ကြောင်း ကုန်သည်များက ခန့်မှန်းကြသကဲ့သို့ အချို့ကလည်း ပြည်တွင်းဒေါ်လာဈေး မြင့်တက်ရခြင်းကို အမျိုးမျိုးအဖြေထုတ်ဝေဖန်နေကြသည်။

"သွင်းကုန်တွေ ဈေးတက်တာက ဒေါ်လာဈေးတက်တော့ သွင်းကုန်ပစ္စည်းအားလုံး လိုက်မြင့်တက်တယ်။ ဒီရက်ပိုင်းမှာတော့ စီးပွား/ကူးသန်းကလည်း ညှိနှိုင်းဆောင်ရွက်နေတော့ ဈေးငြိမ်သွားမယ်လို့ ယူဆပါတယ်။ သို့သော် ဒါကစစ်မှန်တဲ့ ထိန်းချုပ်ကွပ်ကဲမှုဖြစ်မလား။ ရေရှည်တည်တံ့မလား စောင့်ကြည့်ရမှာပါ။ ဝန်ကြီးဌာနက နိုင်ငံတကာမှာ အလုပ်လုပ်ကိုင်နေကြသူတွေရဲ့ လုပ်ခလစာနဲ့တင် နိုင်ငံခြားဝင်ငွေပမာဏများပြားတယ်လို့ ဆိုထားပေမယ့် လက်ရှိပြည်တွင်းဈေးကွက်က ဒေါ်လာတွေကို ဘယ်သူတွေက အများဆုံးဝယ်နေကြသလဲဆိုတာ ဆန်းစစ်ဖို့လိုပါတယ်။ အိမ်ခြံမြေငြိမ်သက်လာတော့ ခိုင်မာတဲ့ ရွှေနဲ့ နိုင်ငံခြားငွေကို လှည့်လာကြမှာပါ။ သို့သော် မှန်ကန်တဲ့ ဈေးကွက်ဖော်ဆောင်မှုမဟုတ်ဘဲ ဈေးကစားလိုတဲ့စိတ်မျိုးနဲ့ လုပ်ဆောင်နေကြသူတွေကိုတော့ ဖော်ထုတ်သင့်တယ်"ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စီးပွားရေးလုပ်ငန်းရှင်အများစုနှင့် နိုင်ငံခြားငွေအရောင်းအဝယ်လုပ်နေကြသူအများစုက ဗဟိုဘဏ်မှ ရည်ညွှန်းနှုန်းအတိုင်း ဒေါ်လာများကို ဈေးကွက်လိုအပ်ချက်အရ ဖြည့်ဆည်းပေးရန် မျှော်လင့်နေကြပြီး ဈေးနှုန်းကို ရည်ညွှန်းနှုန်းထက် ဒသမ ဂရာခိုင်နှုန်းအတိုးအလျှော့ရောင်းချရမည်ဟု သတိပေးချက်အပေါ် ဝေဖန်ချက်များရှိနေသည်ကိုတွေ့ရသည်။

"ဗဟိုဘဏ်ကန့်သတ်ချက်ကြောင့် ဈေးတွေကို ငွေလဲကောင်တာတွေမှာ

> **ထိန်းချုပ်မယ်ဆိုရင် ပေးနိုင်တဲ့ပမာဏကို ချထားပေးတာထက် ပုဂ္ဂလိကဘဏ်တစ်ခုချင်းစီက ဘယ်လောက်ဈေးနဲ့ ဘယ်ပမာဏလိုချင်တယ်ဆိုတာကိုမေးပြီး လိုအပ်သလောက်ရောင်းချပေးမယ်ဆိုရင် ထိရောက်တဲ့ ထိန်းချုပ်မှုဖြစ်မယ်. . .**

ကပ်ထားတယ်။ ရည်ညွှန်းနှုန်းထက် သိပ်မကွာဘူး။ ဒါပေမယ့် အရောင်းအဝယ်ကို ပုံမှန်လိုမလုပ်ကြဘူး။ ကျွန်တော်တို့အနေနဲ့ ဗဟိုဘဏ်ရဲ့ ထိန်းချုပ်မှုကို လက်ခံတယ်ထား။ ဗဟိုဘဏ်အနေနဲ့ ထိန်းချုပ်နိုင်မယ့် ငွေကြေးအင်အားရှိထားမယ်လို့ ခန့်မှန်းရပါတယ်။ ဒါကြောင့် ထိန်းချုပ်မယ်ဆိုရင် ပေးနိုင်တဲ့ပမာဏကို ချထားပေးတာထက် ပုဂ္ဂလိကဘဏ်တစ်ခုချင်းစီက ဘယ်လောက်ဈေးနဲ့ ဘယ်ပမာဏလိုချင်တယ် ဆိုတာကိုမေးပြီး လိုအပ်သလောက်ရောင်းချပေးမယ်ဆိုရင် ထိရောက်တဲ့ထိန်းချုပ်မှုဖြစ်မယ်။ အခုထိတော့ ရည်ညွှန်းဈေးကကန့်သတ်ထားတယ်၊ လိုသလောက်ကလည်းမရဘူးဆိုတော့ ဈေးခဏငြိမ်ကောင်းငြိမ်မယ်၊ ရေရှည်ဖြေရှင်းတဲ့နည်းလမ်းတော့ မဟုတ်သေးဘူး"ဟု သမဝါယမဘဏ်မှ မန်နေးဂျင်းဒါရိုက်တာ ဦးဖေမြင့်က ပြောကြားသည်။

➤ ➤ ခင်ရတနာ - ရေးသည်

နိုင်ငံခြားငွေဈေးနှုန်းမြင့်တက်ရခြင်း၏ အခြေခံအကြောင်းတရားများကို အရင်ဆုံးလေ့လာကာ မြန်မာ့ငွေတန်ဖိုး ပြန်လည်မြင့်တက်လာနိုင်မည့် နည်းလမ်းများကိုလည်း ဗဟိုဘဏ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းရှင်များ ညှိနှိုင်းကာ အဖြေရှာရန်လိုအပ်နေပြီဖြစ်ကြောင်း စီးပွားရေးအတိုင်ပင်ခံ ဒေါက်တာသူရထွန်းသက်က ပြောကြားသည်။

လက်ရှိတွင် နိုင်ငံခြားငွေကြေးမြင့်တက်လာခြင်းကြောင့် အခြေခံလူသုံးကုန်၊ ဆေးဝါး၊ ရွှေ၊ စက်သုံးဆီစသည့် နိုင်ငံရပ်ခြားမှ တင်သွင်းသောသွင်းကုန်များအားလုံးနှင့် ဆက်စပ်ကုန်များ ဈေးနှုန်းမြင့်တက်လာခဲ့ပြီး ပြည်ပသို့ ပြန်လည်တင်ပို့သော ပို့ကုန်များမှာ ဈေးနှုန်းမငြိမ်သက်သဖြင့် လုပ်ငန်းရှင်များ အကြပ်ရိုက် အခက်တွေ့လာကြခြင်းကြောင့် ဈေးနှုန်းများတည်ငြိမ်စေရန် ဗဟိုဘဏ်က ဝင်ရောက်ထိန်းချုပ်ရခြင်းဖြစ်သည်။

"ဒေါ်လာဈေးမြင့်တက်တာကို ထိန်းချုပ်ပေးမယ်ဆိုတာကလည်း အားလုံးအတွက်မျှော်မှန်းဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ဒေါ်လာဈေးတက်အောင် ဆွဲတင်ဈေးကစားသူတွေ၊ ကုန်ဈေးနှုန်းမြင့်တက်အောင် နောက်ကွယ်ကကြိုးကိုင်သူတွေကို ဖော်ထုတ်အရေးယူသွားဖို့ရှိပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ စီးပွားရေးတည်ငြိမ်ဖို့ အဓိကလိုအပ်နေချိန်ဖြစ်ပါတယ်။ အားကောင်းမယ့်အချိန်မှာ မလိုလားအပ်တဲ့ အမှားအယွင်းကြီးကြီးမားမားမကြုံရအောင် အားလုံးထိန်းညှိသွားနိုင်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်း မေးမြန်းချက်ကို ဖုန်းဖြင့် ဖြေကြားသည်။ **(မြန်မာ့အလင်း)**

# ရန်ကုန်မြို့ ရပ်ကွက်လမ်းများ မြို့တော်စည်ပင်က ကွန်ကရစ်အခမဲ့ခင်းပေးနေ

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြို့ ရပ်ကွက်လမ်းများကို ယခင်က ကိုယ့်အားကိုယ်ကိုးခင်းကြသော်လည်း ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူခင်းပေးလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်နှစ်လောက်ကစပြီး ရန်ကုန်မြို့ ရပ်ကွက်တွေက အဓိက လမ်းမကြီးတွေကို ကွန်ကရစ်လမ်းတွေခင်းပေးခဲ့ပြီး ယခုနှစ်အတွင်းမှာ ရပ်ကွက်တွေ အတွင်းက လမ်းတို၊ လမ်းရှည်တွေအားလုံးကို သတ်မှတ်အစီအစဉ်အလိုက် ခင်းပေးသွားမှာဖြစ်ပါတယ်။ ခရိုင် လေးခရိုင်ရှိရာမှာ ခရိုင်တိုင်းမှာ ခင်းပေးနေတာပါ။ သာကေတမြို့နယ်ထဲမှာ လမ်းပေါင်း ၅၆ လမ်းကို အခမဲ့ခင်းပေးသွားဖို့ ရှိပါတယ်။ လောလောဆယ် ၁၀ လမ်းလောက်တော့ ခင်းပေးပြီးပါပြီ" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရပ်ကွက်များအတွင်း လမ်းခင်းပေးရာတွင် စီနီယာမဲနှိုက်ရပြီး မဲပေါက်သည့် လမ်းများကို ဦးစွာခင်းပေးကြောင်း သိရသည်။

စည်ပင်မှ လမ်းခင်းပေးရာတွင် အဆင်သင့် ခင်းပေးနိုင်ရန်အတွက် လမ်းသူလမ်းသားများက ဖောင်ဒေးရှင်း အုတ်ကျိုးနှင့် ဒါးဗစ်ကျိုးများ၊ သဲများ ကြိုခင်းပေးထားရပြီး ယင်းသို့ အခြေခံလမ်းခင်းသည့်လုပ်ငန်းများအတွက် လမ်းတွင်နေထိုင်သည့် အိမ်ထောင်စုများက စုပေါင်းထည့်ဝင်ပေးရကာ စည်ပင်က ကွန်ကရစ်အချောခင်းပေးခြင်းဖြစ်သည်။

**သတင်း-မောင်နွေသစ်၊ ဓာတ်ပုံ-သဏ္ဌ**



သာကေတမြို့နယ်မှ လမ်းတစ်လမ်းတွင် ကွန်ကရစ်ခင်းနေစဉ်။


**စစ်ကိုင်းတိုင်းဒေသကြီး**
**လမ်းဦးစီးဌာန**
**ကလေးခရိုင်၊ ကလေးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

**ရက်စွဲ ။ ၂၀၁၅ခုနှစ် မေ ၁၂ရက်**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ကလေးခရိုင်အတွင်း ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လမ်းခင်းကျောက်မျိုးစုံ၊ ဘိလပ်မြေ၊ သံချောင်းရှယ်စုံတို့အား မြို့နယ်အလိုက်၊ လမ်းအလိုက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၅-၅-၂၀၁၅ရက်
၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၈-၅-၂၀၁၅ရက်
၄။ **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** - ထပ်မံကြေညာပါမည်။
၅။ တင်ဒါလျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်လိပ်စာ**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**လမ်းဦးစီးဌာန**
**ကလေးခရိုင်၊ ကလေးမြို့၊**
**ဖုန်း-၀၇၃-၂၁၀၅၄**



**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မော်တော်ယာဉ်များ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား ၁၅-၅-၂၀၁၅ရက်မှစတင်၍ ကချင်ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဌာနရုံးတွင်ဝယ်ယူလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**စက်ကိရိယာပစ္စည်းများ**
(က) Toyoto Hylux Double Cab (250) ကျပ်သိန်းခန့် (၁)စီး
(ခ) Toyoto Hylux Double Cab (200) ကျပ်သိန်းခန့် (၂)စီး
၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၁၅-၅-၂၀၁၅ ရက်မှ ၁၅-၆-၂၀၁၅ရက်အထိ
၃။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
၄။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၅။ အသေးစိတ်သိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့ စိုက်/မွေးဝန်ကြီးဌာန ဖုန်း-၀၇၄-၂၉၅၁၄၊၀၉-၄၇၀၀၃၁၇၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



# ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေးနေလိုသူများအတွက် သန်လျင်၊ ဗိုလ်ချုပ်နေဝင်းလမ်းမကြီးပေါ်၊ မြေအကျယ်(၅၅' ×၁၄၅')၊ ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော ရှေးအိမ်ကြီးတစ်လုံးပါ အေးချမ်းစွာနေထိုင်ရန်၊ ဘဏ်ဖွင့်ရန်၊ တည်းခိုခန်းဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန်အချက်အချာကျနေရာကောင်း၊ လုံးချင်းအိမ်ဖြင့်နေထိုင်လိုသူများအတွက် ကွန်ဒိုတိုက်ခန်းဈေး တစ်ခန်းမျှသာရှိသော အလွန်သက်သာသောဈေးနှုန်း။ ရေ၊ မီး၊ အပြည့်အစုံပါ၊ ဖုန်းပါ။

**ကျပ်သိန်း (၃၅၀၀)၊**

**ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၁-၅၇၂၂၂၄၊ ၀၁-၅၆၀၇၈၇**



**Y.E.S.** Since 1994 ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-1:00-3:00 pm 11 May
Mon to Thurs-7:30-9:30 am 18,25 May
Sat & Sun - 9:00-12:00 am 23 May
Mon to Thurs-5:30-7:00 pm 25 May
Mon to Thurs-7:30-9:30 am 1 Jun
Mon to Thurs-10:00-12:00 am 1 Jun

**Grammar Foundation Course**
Mon to Thurs - 10:00-12:00 am 11 May
Sat & Sun - 90:00-12:00 am 16 May
Mon to Thurs-3:30-5:00 pm 8 Jun

**Vocabulary Enrichment Course**
Mon to Thurs-3:30-5:00 pm 18 May

**Pre-Intermediate English**
Mon toThurs 5:00-7:00 pm 4 May
Mon to Thurs-10:30-12:30 am 11 May
Mon to Thurs-7:30-9:30 am 18 May
Sat & Sun - 12:30-3:30 pm 30 May

**Structure & Written Expression**
Mon to Thurs-4:00-5:30pm 18 May
Mon to Thurs-5:30-7:00pm 18 May

**Basic Writing Course**
Sat & Sun - 12:30-3:30 pm 9 May

TOEFL,IELTS,SAT,API,AWC,IE

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

# မြန်မာတို့၏ ပုဂံ

**ခရမ်းစိုးမြင့်**



မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်အရှေ့ဘက် ကမ်းပေါ်ရှိဒေသတဝိုက်တွင် ရှေးဟောင်းအဆောက်အအုံများသည် လက်ညှိုးထိုးမလွဲ မြေပြင်အနှံ့ တည်ရှိနေလေသည်။ အရေအတွက်အားဖြင့် ၂၀၀၀ ခန့်နှင့် အကျယ်အဝန်းဧရိယာအားဖြင့် စတုရန်း ၁၆ မိုင်ခန့် ဖြစ်ပေ၏။

ထိုအဆောက်အအုံများအနက် အချို့သည် စေတီပြို၊ လိုဏ်ဂူပျက်များဖြစ်၍ အချို့မှာမူ ဆိုင်ရာတို့က ထိန်းသိမ်းပြုပြင်ထားသဖြင့် သပ္ပာယ်သစ်လွင်နေကြသည်။ ဤမျှများပြားလှသော စေတီပုထိုးဂူကျောင်းတို့၏ဇာစ်မြစ်ကိုသိလိုသော် ပုဂံကောင်းစားခဲ့စဉ်ကာလကို ပြန်၍ကြည့်ရပေလိမ့်မည်။

အေဒီ(၂)ရာစုခေတ်၊ သရေခေတ္တရာအပျက်တွင်သမုဒ္ဒရာဇ်မင်းသည် နောက်လိုက်ဗိုလ်ပါများနှင့်တကွ မိမိတို့အမျိုးအနွယ်များရှိရာ ယခုပုဂံပြည်အရပ်သို့ဆန်တက်ခဲ့ပြီး ထီးနန်းစိုက်ထူခဲ့သည်ဟု သိရသည်။ သို့သော်မင်းဆက် ၃၄ ဆက်မြောက် ပျဉ်ပြားမင်းလက်ထက် ၈၄၉ ခုနှစ်တွင် ပုဂံသည်တံခါး ၁၂ ရပ်၊ ကျုံးမြို့ရိုးအစုံအလင်ဖြင့် ရာဇဌာနီမင်းနေပြည်ဖြစ်လာခဲ့သည်။ ပုဂံခေတ်ဦးပိုင်းသည် ဒဏ္ဍာရီပုံပြင်များနှင့်ရောနှောနေသဖြင့် မှုန်ရီမှုန်ဝါးဖြစ်သည်။ မင်းဆက် ၄၂ ဆက်မြောက် အနော်ရထာမင်းလက်ထက်ရောက်မှ သမိုင်းကြောင်းသည် ပီပြင်ထင်ရှားလာသည်။

အနော်ရထာမင်း ၁၀၄၄-၁၀၇၇ နန်းသက်မှသည် နရသီဟပတေ့မင်း ၁၂၅၆-၁၂၈၇ နန်းသက်အထိ ပုဂံသည်နှစ်ပေါင်း ၂၅၀ ကျော်တိုင်တိုင်ကြီးကျယ်ထည်ဝါခဲ့လေသည်။ ထို့နောက် ပြည်ပမွန်ဂိုစစ်ဒဏ်ကြောင့် ပုဂံသည်မင်းနေပြည်အဖြစ်မှ ရွှေ့လျောခဲ့လေသည်။

ထိုစဉ်က နိုင်ငံတော်၏အကျယ်အဝန်းသည် မြောက်ဘက်တွင် ဗန်းမော်အထိ၊ တောင်ဘက်တွင် ထားဝယ်အထိ၊ အရှေ့ဘက်တွင်သံလွင်မြစ်အထိ၊ အနောက်ဘက်တွင် အနောက်ရိုးမအထိရှိခဲ့ပေ၏။ ပုဂံသည်ပူပြင်းခြောက်သွေ့သောကြောင့် စိုက်ခင်းပျိုးခင်းမကောင်းဖြစ်ခဲ့၏။ မွန်တို့က တတ္တဒေသဟု ခေါ်ကြသည်။ သို့ရာတွင် ပုဂံ၏ အရှေ့မြောက်ဘက်မိုင် ၉၀ ခန့်အကွာရှိ ကျောက်ဆည်ဒေသတွင်လည်းကောင်း၊ ပုဂံ၏ တောင်ဘက်မိုင် ၇၀ ခန့်အကွာရှိ မင်းဘူးဒေသတွင် လည်းကောင်း ဆည်မြောင်းတူးဖောက်၍ ဆန်စပါးလှိုင်လှိုင်စိုက်ပျိုးကြသည်။ ထိုအခါ ကျောက်ဆည်နှင့် မင်းဘူးဒေသများကို ကျောထောက်နောက်ခံပြု၍ ပုဂံသည်မျိုးရိက္ခာများ ကုံလုံကြွယ်ဝလာသည်။ ထို့အပြင် ပုဂံသည် ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် ပင်လယ်ရပ်ခြားတိုင်းပြည်များနှင့် ဆက်သွယ်ရေးအဆင်ပြေခဲ့လေသည်။ ကုန်းလမ်းမှလည်း ပြည်ပနိုင်ငံများနှင့် ဆက်သွယ်နိုင်သဖြင့် စီးပွားရေး၊ လူမှုရေးတောင့်တင်းသော တိုင်းကြီးပြည်ကြီးဖြစ်ခဲ့၏။ သို့ရာတွင် ပုဂံပြည်အဖို့ ပို၍ထူးခြားသောအခြင်းအရာကား သာသနာရောင်ဝါထွန်းလင်းခဲ့ခြင်းဖြစ်သည်။

သီဟိုဠ်မဟာဝံသကျမ်းအလိုဆိုရသော် ဘီစီ(၃)ရာစုကာလ အသောကမင်းကြီး လက်ထက်တွင် သုဝဏ္ဏဘူမိ (သထုံပြည်)သို့ ရှင်သောဏနှင့်ရှင်ဥတ္တရတို့ ကြွရောက်သာသနာပြုခဲ့ကြသည်။ အချို့သုတေသီတို့ကမူ အသောကကျောက်စာများတွင် ထိုအချက်ဖော်ပြခြင်းမရှိသဖြင့် သုဝဏ္ဏဘူမိ(သထုံပြည်)၌ သာသနာရောက်ကြောင်းကို လက်မခံလိုကြ။ မည်သို့ပင်ဖြစ်စေ ရှေးဟောင်းသုတေသနဌာန၏ တူးဖော်တွေ့ရှိချက်အရ ပုဂံ၏အရှေ့တောင်ဘက်မိုင် ၉၀ ခန့်အကွာရှိ ဗိဿနိုးဒေသတွင် ၁ ရာစု၌ ဗုဒ္ဓဘာသာအယူဝါဒ ရှိနေပြီဖြစ်ကြောင်းကို အခိုင်အမာယူနိုင်လေသည်။ တစ်ဖန်ပုဂံ၏ တောင်ဘက်မိုင် ၁၆၀ အကွာရှိ သရေခေတ္တရာ၌လည်း ၅ ရာစုမှ ၉ ရာစုအထိ ဗုဒ္ဓသာသနာတည်တံ့ခဲ့လေသည်။

သို့ရာတွင် ပုဂံပြည်၌ ထေရဝါဒဂိုဏ်းဗုဒ္ဓဘာသာအယူဝါဒသာရှိသည်မဟုတ်။ အခြားဂိုဏ်းနှင့်အခြား ဘာသာအယူဝါဒများလည်းရှိလေသည်ပင်။ ဤနိုင်ငံ ဤဒေသအတွင်းသို့ ဗုဒ္ဓသာသနာရောက်မလာမီကပင် လူအများအဖို့ နဂါးကိုးကွယ်မှု မိရိုးဖလာနတ်ကိုးကွယ်မှု တို့ရှိခဲ့ပြီးဖြစ်သည်။ နတ်ကိုးကွယ်မှုနှင့် နတ်ကွန်းရှိရာဌာနဖြစ်ပြီး ပုဂံမင်းအချို့သည် နှစ်စဉ်နတ်တော်လတွင် ပုပ္ပားတောင်တက်၍ နတ်ကနားပေးကြမြဲဖြစ်သည်။

ပုဂံပြည်ကြီး ကောင်းစားစဉ်က စေတီဂူကျောင်းကဲ့သို့ကျောက်အုတ်ဖြင့် တည်ဆောက်သောသာသနိကအဆောက်အအုံအများအပြားရှိ၏။ နန်းတော်၊ လူနေအိမ်ကဲ့သို့ သစ်ဝါးဖြင့်တည်ဆောက်သော အဆောက်အအုံများလည်းရှိလေသည်။ သို့ရာတွင် သစ်၊ ဝါး အဆောက်အအုံများမှာ နှစ်ကာလကြာညောင်းလာသည်နှင့်အမျှ ပျက်စီးကုန်လေပြီ။ ကျန်ရှိနေသည်မှာ ကျောက်အုတ်အဆောက်အအုံများသာ ဖြစ်ကြသည်။

ကျောက်အုတ် အဆောက်အအုံအမျိုးအစားကို ရှေးလူတို့သည် ၁ ရာစု ဗိဿနိုးခေတ်ကတည်းက တည်ဆောက်ခဲ့ကြလေသည်။ နှစ် ၁၀၀၀ ခန့်အကြာ ပုဂံပြည်၌ဗုဒ္ဓသာသနာထွန်းကား၍ စေတီဘုရားအမြောက်အမြား တည်ဆောက်လာသည့်အခါ ပုဂံရှိပန်းရံသမား၊ ကျောက်ဆစ်သမားတို့မှာ ဘုရားဗိသုကာနှင့် အနုပညာဘက်၌ အတွေ့အကြုံကြွယ်ဝနေကြလေပြီဖြစ်သည်။ သူတို့သည် အုတ်ဆက်၊ အုတ်စီ၊ အုတ်နင်းတော်ကြပေသည်။ အုတ်နှင့်ကျောက်ကို သင့်လျော်အောင် ပူးတွဲသုံးတတ်ကြသည်။ အင်္ဂတေ၊ ထုံးသရွတ်အကိုင်လိမ္မာကြသည်။ ထို့အပြင် ပုဂံသည် ဗိသုကာနှင့်အနုပညာကို အိန္ဒိယမှ နည်းယူသင်ကြားခဲ့သည်မှန်၏။ သို့ရာတွင် ဤရေမြေ၌အဆောက်အအုံတည်ဆောက်လာသောအခါ မြန်မာ့ဗီဇ၊ မြန်မာ့ဟန်နှင့် လိုက်အောင် ပြုပြင်မွမ်းမံခဲ့လေသည်ဖြစ်၏။ တစ်ဖန် အိန္ဒိယရှိ အဆောက်အအုံများ၌မတွေ့ရသော သပ်စီပေါင်းကူးနှင့်ခုံးကို ပုဂံဗိသုကာတွင် ထိထိရောက်ရောက်အသုံးပြုနိုင်ခဲ့လေသည်။

ပုဂံခေတ်တစ်လျှောက်တွင် လိုဏ်ဂူဘုရားဗိသုကာအနုပညာသည် တိုးတက်ပြောင်းလဲလာခဲ့သည်။ ၁၂ ရာစု အစောပိုင်းပုံစံကို ခေတ်ဦးပိုင်းလက်ရာဟူ၍လည်းကောင်း၊ ၁၂ ရာစု နောက်ပိုင်းပုံစံကို ခေတ်နှောင်းပိုင်းလက်ရာဟူ၍လည်းကောင်း မှတ်ယူနိုင်လေသည်။ ခေတ်ဦးပိုင်းလက်ရာတွင် လိုဏ်ဂူ (ကုလားကျောင်း) အတွင်းခန်း၌ ပေါင်းကူးသည်နိမ့်၏။ အလင်းရောင်သည်လည်းအပြင်နံရံရှိကျောက်ပြတင်း၊ အုတ်ဇာပေါက်ပြတင်းမှဖြစ်စေ၊ ကုလားကျောင်းအထက် တစ်ဖက်ကော့အမိုး (မိုးလျှော)ရှိအလင်းရောင်ပေါက်မှဖြစ်စေအတွင်းသို့ ခပ်မှိန်မှိန်ဝင်လာ၏။ ထိုလိုဏ်ဂူဘုရားမျိုးမှာ ပုထိုးသားများ၊ နဂါးရုံ၊ ဂူပြောက်ကြီး(မြင်းကပါ)၊ အာနန္ဒာတို့ဖြစ်ကြသည်။ ခေတ်နှောင်းပိုင်းလက်ရာများတွင် တစ်ထပ်ဂူဘုရားများမှာ သကျမုနိ၊ သမ္ဗုလ၊ လေးမျက်နှာတို့ဖြစ်ကြ၍ နှစ်ထပ်ဂူ(လိုဏ်နှစ်ဆင့်)တို့မှာ စူဠာမဏိ၊ ဂေါ်တော်ပလ္လင်၊ ထီးလိုမင်းလိုတို့ ဖြစ်ကြလေသည်။

ပုဂံပြည်ကြီး တိမ်ကောလာချိန်သည် ၁၃၄၃ ခုနှစ်ဖြစ်သည်။ ထိုတိုင်းပြည်ကြီးကား သင်္ခါရသဘောရွေ့လျားခဲ့လေပြီ။ ကြွင်းကျန်ရစ်သည်မှာ စေတီအို၊ လိုဏ်ဂူဟောင်းတို့သာ ဖြစ်သည်။ ထိုစေတီ ထိုလိုဏ်ဂူများကို မျက်စိတဆုံးကြည့်လိုက်သည်ဆိုအံ့ ကြည့်ကာစတွင် ရှုခင်းသည်မှုန်မွှားမွှားဖြစ်သော်လည်း ရှုခင်းသည် တဖြည်းဖြည်းကြည်လင်လာကာ ဘုရားဖူးတို့၏အာရုံတွင် ပုဂံကျက်သရေသည် ထင်ထင်လင်းလင်းပေါ်လာလိမ့်မည်ဟု ကျွန်တော်ဆိုချင်ပါတော့သည်။

# ကချင်ပြည်နယ်၌ ကျေးလက်မီးလင်းရေး ရေအားလျှပ်စစ်စီမံကိန်းဆွေးနွေး

**ကချင် မေ ၁၅**

ကျေးရွာ မီးလင်းရေးအတွက် ငေါ်ချမ်းခ ရေအားအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးနှင့် ပတ်သက်၍ မေပထမပတ်က ကချင်ပြည်နယ်ချီဖွေမြို့နယ် ဖီမော်ဒေသနှင့် ဆော့လော်မြို့နယ် မျောဂျောင်းကျေးရွာတွင်လည်းကောင်း ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်အောင်ဝင်းက လျှပ်စစ်ကဏ္ဍ၏ အရေးပါပုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် IGOEC ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်မင်းက စီမံကိန်းသက်ရောက်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် ပြန်လည်ဆောင်ရွက်ပေးမည့် အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ငေါ်ချမ်းခရေအားလျှပ်စစ်စီမံကိန်းသည် မြစ်ကြီးနားမြို့အရှေ့မြောက်ဘက် ၁၂၅ မိုင်အကွာရှိ မေခမြစ်၏ မြစ်လက်တက်ဖြစ်သော ငေါ်ချမ်းခမြစ်ပေါ်တွင် တည်ဆောက်မည်ဖြစ်သည်။ အဆိုပါစီမံကိန်းကို တုံရှင်းချောင်၊ လောင်းဒင်၊ ဂေါလန်နှင့် ခန်ကန်းရေအားလျှပ်စစ်စီမံကိန်း လေးခုတို့ဖြင့် မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တရုတ်နိုင်ငံ YPIC International Energy Cooperation & Development Co.,Ltd. နှင့် မြန်မာနိုင်ငံသားပိုင် International Group of Entrepreneurs Co.,Ltd.(IGOEC) တို့ ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဂေါလန် ရေအားလျှပ်စစ်စီမံကိန်းကို ဆော့လော်မြို့နယ် အရှေ့တောင်ဘက်၊ မြန်မာ-တရုတ်နယ်စပ်နယ်ခြားမှတ်တိုင်(၂၁)မှ ၈၆ ဒသမ ၁ ကီလိုမီတာအကွာတွင်လည်းကောင်း၊ ခန်ကန်းရေအားလျှပ်စစ်စီမံကိန်းကို ဆော့လော်မြို့နယ် အရှေ့တောင်ဘက်၊ ဖီမော်ဒေသမှ ကီလိုမီတာ ၃၀ အကွာတွင်လည်းကောင်း၊ တုံရှင်းချောင်ရေအားလျှပ်စစ်စီမံကိန်းကို ဆော့လော်မြို့နယ်၏ အရှေ့တောင်ဘက်၊ ပေလမြစ်နှင့် ငေါ်ချမ်းခမြစ်တို့ဆုံရာ အောက်ဘက်တွင်လည်းကောင်း၊ လောင်းဒင်ရေအားလျှပ်စစ်စီမံကိန်းကို ဆော့လော်မြို့နယ်တွင်လည်းကောင်း တည်ဆောက်မည်ဖြစ်သည်။

၎င်း ရေအားလျှပ်စစ်စီမံကိန်းလေးခုပေါင်း၏ တပ်ဆင်စက်အင်အားမှာ မဂ္ဂါဝပ် ၁၂၀၀ ရှိပြီး နှစ်စဉ်ပျမ်းမျှဓာတ်အား နာရီသန်းပေါင်း ၅၈၆၉ ဒသမ ၅ ကီလိုဝပ် ထုတ်လုပ်နိုင်မည်ဖြစ်၍ တည်ဆောက်ရေးကာလမှာ ၁၀ နှစ်ကြာ မြင့် မည်ဖြစ်သည်။ ထွက်ရှိသည့်လျှပ်စစ်ဓာတ်အားများ အားလုံးကို မြန်မာနိုင်ငံအတွင်းသို့ ဖြန့်ဖြူးရမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံဦး**




# မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ရှင်းလင်း

**မူဆယ် မေ ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်၌ ဇဟိုစီမံကိန်းဇုန်များစွာ ပြုလုပ်ရန်အတွက် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ရှင်းလင်းပွဲကို မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၁၂ ရက်က ကျင်းပခဲ့သည်။


အဆိုပါ မြေယာစီမံခန့်ခွဲမှုဆိုင်ရာများတွင် နိုင်ငံတော်ကိုယ်စား မြေယာစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသော ဌာနဆိုင်ရာများကို မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ခရိုင်မြေစာရင်းမှ ခရိုင်ဦးစီးမှူးတို့က ရှင်းလင်းပြောကြားခဲ့သည်။

ယင်းဇဟို စီးပွားရေးဇုန်အဖြစ် (New Star Light ) စီးပွားရေးဇုန်နှင့် ထွန်းမောင်လုံကုမ္ပဏီမှ ပြုလုပ်မည့် ဇဟိုစီးပွားရေးဇုန်တို့ ဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး**(iprd)

# ပွင့်လင်းရာသီအတွက် အပန်းဖြေအနားယူလည်ပတ်စရာ ဒီးဒုတ်ရေပြာအိုင်

သတင်းနှင့် ဓာတ်ပုံ
တင်လှမောင်



မန္တလေးတိုင်း ဒေသကြီး မန္တလေးမြို့မှတစ်ဆင့် ပြင်ဦးလွင် အတက်လမ်းရှိ ရဲရွာရေအားလျှပ်စစ် စီမံကိန်းအနီးတွင် ဒီးဒုတ်ရေပြာအိုင် ရှိပြီး ပွင့်လင်းရာသီတွင် ခရီးသွား ပြည်သူများအတွက် အပန်းဖြေ အနားယူလည်ပတ်စရာကောင်းမွန် သောနေရာ တစ်နေရာလည်း ဖြစ်သည်။

ဒီးဒုတ်ရေပြာအိုင်အသွားလမ်း၌ ဒီးဒုတ်စီမံကိန်းသို့ ဆိုင်းဘုတ်ကို တွေ့မြင်ရပြီးနောက် လမ်းတစ်လျှောက် ဝင်ခဲ့မည်ဆိုလျှင် ရှုမောဖွယ်ရာ တောင်တန်းကြီးများ အားတွေ့မြင်ကြရမည်ဖြစ်သည်။

ရန်ကုန်မြို့မှ လာရောက်လည်ပတ်သည့် ခရီးသွား အမျိုးသမီးတစ်ဦးက “လှပတဲ့ ဒီးဒုတ်ရေပြာအိုင်ကို အပေါ်ကနေ ကြည့်ချင်လို့ တောင်ပေါ်လမ်းအတိုင်း နာရီဝက် လမ်းလျှောက်တက်ရပါတယ်။ ကန်ငါးဆင့်ကတော့ တောင်ပေါ်ရဲ့ ခရီးစဉ်တစ်ဝက်ပေါ့။ ကန်က ၁၁ ဆင့်အထိ ရှိပါတယ်။ တောင်ပေါ်တက်ရတာကတော့ ကန် ၁၀ ဆင့်က ဂိတ်ဆုံးပါ၊ ကန် ၁၀ ဆင့်ကနေ ကန်တွေအားလုံးကို တွေ့နေရပါတယ်၊ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေလည်း အများအပြား လာကြတာကို တွေ့မြင်ရပါတယ်။ ရေတံခွန်ကကျကတည်းက ရေကပြာနေတာပါ၊ ကျွန်မတို့ ကလေးတွေကတော့ ရေဆင်းကူးကြပါတယ်၊ တော်တော်ပျော်နေကြတာပေါ့” ဟုဆိုလေသည်။

“ရေပြာဆိုတာ အစကတည်းက ရှိပြီးသားပါ။ နောက်ကျတော့ ဒီးဒုတ်က လူတွေကသိပြီး ဆိုင်တွေလာဖွင့်ကြပါတယ်၊ လိုဏ်ဂူတွေက တော်တော်ကျယ်ပါတယ်။ ရှေးတုန်းက ကျောက်တုံးနံရံတွေမှာ တိရစ္ဆာန်ရုပ်ပုံတွေထွင်းတာရှိပါတယ်၊ လိုဏ်ဂူတွေကတော့ တော်တော်ရှေးကျနေပါပြီ၊ ကန်တွေကလည်း အောက်က ကန်ကတော့ ပြင်ထားတာဖြစ်ပြီး အပေါ်က နှစ်ကန်ကတော့ သဘာဝကန်တွေပါ။ ကန်အစပ်က လူတစ်ရပ်လောက် ရေမြုပ်ပါတယ်၊ ကျောက်တုံးရဲ့ မြောက်ဘက် ခလယ်ကတော့ လူတစ်ရပ်ကျော်ကို မြုပ်တာပါ” ဟု စားသောက်ဆိုင်ဝန်ထမ်းတစ်ဦးက ရှင်းပြသည်။

ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအတွက် ဆွဲဆောင်မှုအပန်းဖြေစရာအကောင်းဆုံးနေရာတစ်နေရာဖြစ်သည့် အဆိုပါဒီးဒုတ်ရေပြာအိုင်မှာ လွန်စွာလှပသည့် ပျော်ရွှင်စရာအပန်းဖြေနေရာတစ်နေရာဖြစ်ကြောင်းနှင့် ဒီးဒုတ်ရေပြာအိုင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အများပြည်သူအားလုံး ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်ကြမည်ဆိုလျှင် နိုင်ငံခြားသားခရီးသွားဧည့်သည်အများအပြား ပိုမိုဝင်ရောက်လာနိုင်ကြောင်း ခရီးသွားဧည့်သည်များက အကြံပြု သုံးသပ်ပြောဆိုကြသည်။

## ကျေးလက်မြေသားလမ်းဖွင့်ပွဲနှင့် ဒေသခံပြည်သူများတွေ့ဆုံပွဲကျင်းပ

**ရန်ကုန် မေ ၁၅**

ကျောက်တန်းမြို့နယ် ကြာကန်ကျေးရွာ(အရှေ့ကွင်း)၊ ကန်မြောင်ကျေးရွာ(အနောက်)၊ ချောင်းစောက်ကျေးရွာ(အရှေ့တောင်) ရွာသုံးရွာတို့မှ အဓိက ကျေးရွာချင်းဆက် အရှည် နှစ်မိုင်ရှိ မြေသားလမ်းဖွင့်ပွဲကို မေ ၁၂ ရက်က ယင်းကျေးရွာ အဝင်လမ်းရှိ မုခ်ဦး၌ ကျင်းပရာ ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောထွန်းအောင်မြင့်က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းပေါ်ရှိ အလျား ပေ ၃၀၊ အကျယ် ၁၀ ပေရှိ တံတား တစ်စင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုငွေကျပ် ၈၂ သိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ထပ်မံလိုအပ်သော အရှည်နှစ်မိုင်၊ အကျယ် ၁၅ ပေ၊ အမြင့် ၄ ပေ ရှိ မြေသား လမ်းနှင့် အလျားပေ ၂၀၊ အကျယ် ၁၀ ပေ ရှိ တံတားတစ်စင်းတို့ကို ကျေးရွာသုံးရွာမှ ဒေသခံပြည်သူ များ၏ ထည့်ဝင်ငွေနှင့်အတူ ရွှေမြန်မာမိုးနိုင်ကုမ္ပဏီက နည်း ပညာ စက်ယန္တရားများဖြင့် ကူညီ ပံ့ပိုး၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးသည် ကျေးရွာဓမ္မာရုံ၌ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံ၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး လုပ်ငန်းများ အောင်မြင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရ သည်။ **စိုးဝင်း(ကျောက်တန်း)**

## လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်

**သဲကုန်း မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း ဧပြီ ၂၃ ရက်က လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ကျေးရွာအုပ်စု ကိုးအုပ်စုမှ နေအိမ် ၁၀၇ လုံး နှင့် အခြားအဆောက်အအုံငါးလုံး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။

ထိုပျက်စီးဆုံးရှုံးခဲ့သော နေအိမ် ၁၀၇ လုံးနှင့် အဆောက်အအုံငါးလုံး ကို မိုးရာသီအမီ ပြင်ဆင်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေ ၄၄၄၈၃၇၅ ကျပ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဥက္ကဌ ဦးဝင်းတင်က ငွေကျပ်နှစ်သိန်း၊ သဲကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင်က ငွေကျပ် နှစ်သိန်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရဲလင်းအောင်နှင့် ဒေါ်ဥမ္မာမို့မို့ဇော်တို့က ငွေကျပ်တစ်သိန်း စီ၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ငွေကျပ်တစ်သိန်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေကျပ် ငါးသောင်း၊ မြို့နယ်အခွန်ဦးစီး မှူးက ငွေကျပ် သုံးသောင်းနှင့် မြို့နယ်လျှပ်စစ်မှူးက ငွေကျပ် နှစ်သောင်း စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၃၉၈၃၇၅ ကို လေဘေးသင့်ကျေးရွာအုပ်စု ကိုးအုပ်စုသို့ မေ ၈ ရက်နှင့် မေ ၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦး နှင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များက ကျေးရွာများသို့ ကိုယ်တိုင်သွားရောက်၍ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးမှု အရှိန်အဟုန်မြှင့်တင်ရေး ဆွေးနွေး

**ပြည် မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်နှင့် သာယာဝတီခရိုင်၏ ၂၀၁၅-၂၀၁၆ မိုးရာသီပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးပွဲများကို မေ ၉ ရက်က မင်းလှမြို့နယ် သရက်တပင်စိုက်ပျိုးပညာပေးစခန်းနှင့် ရွှေတောင်မြို့နယ် သာသနာ့ဗိမာန် ၌လည်းကောင်း၊ မေ ၁၀ ရက်က ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် ဇီးကုန်းမြို့နယ် ညောင်ဇင်စိုက်ပျိုး ပညာပေးစခန်း၌လည်းကောင်း ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ်နှင့် တိုင်းဒေသကြီး ဦးစီးမှူးတို့က လက်ရှိဆန်စပါးဈေးကွက်အခြေ အနေများ၊ ပုလဲသွယ်စပ်မျိုး စပါး၏ အနာဂတ်ဈေးကွက်အခြေအနေများ၊ ပြောင်းလဲလာသောရာသီဥတု အခြေအနေအရ ပုလဲသွယ်ကဲ့သို့သော သက် လျင်စပါးများပြောင်းလဲစိုက်ပျိုး ရန်လိုအပ်ပုံများကို ရှင်းလင်းဆွေးနွေးခဲ့ ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**



# ပြင်ဦးလွင်၌ ပူသည်ဆိုသော်လည်း မေလ၏ဖြစ်မြဲပျမ်းမျှအပူချိန်သာရှိ

**ပြင်ဦးလွင် မေ ၁၅**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ မြို့များဖြစ်သော ပြည်၊ မကွေး၊ မင်းဘူး၊ ပခုက္ကူ၊ ပေါက်၊ ဂန့်ဂေါ၊ မော်လိုက်၊ ချောက်စသည့်မြို့များ၏ မေလ နေ့စဉ်အပူချိန်သည် ၄၂ ဒီဂရီစင်တီဂရိတ်၊ ၄၃ ဒီဂရီစင်တီ ဂရိတ်ဖြစ်နေချိန်တွင် ပြင်ဦးလွင် မြို့၌လည်း အလွန်ပူပြင်းလာသည် ဟု မြို့နေပြည်သူများက ပြောဆို လျက်ရှိနေသောကြောင့် နေ့ရက် နှင့်တကွ အပူချိန်အတိအကျကို သိရှိရန် ပြင်ဦးလွင်ခရိုင် မိုးလေ ဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီး ဌာနသို့ သွားရောက်မေးမြန်းစုံစမ်း ခဲ့ရာ ပြင်ဦးလွင်မြို့၌ မေလ၏ ဖြစ်မြဲ ပျမ်းမျှအပူချိန်သည် ၂၇ ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၈၁ဒသမ ၉ ဒီဂရီ ဖာရင်ဟိုက်)ရှိနေသေးကြောင်း သိရ သည်။ ပြင်ဦးလွင်မြို့၌ ၁၉၉၂ ခုနှစ် မေလတွင် ဖြစ်ပေါ်ခဲ့သည့် ၃၅ဒသမ ၆ ဒီဂရီ စင်တီဂရိတ် (၉၆ ဒသမ ၁ ဒီဂရီဖာရင်ဟိုက်)သည် ထူးခြားသည့် စံချိန်သစ် အပူချိန်ဖြစ်ခဲ့ရပြီး ကျန် သည့်ရက်၊ လ၊ နှစ်များသည် ပုံမှန် အပူချိန်သာရှိနေကြောင်းနှင့် ထိုနှစ် ထက်အပူချိန်မြင့်တက်မှု မရှိသေး ကြောင်း သိရသည်။

ယခုနှစ် မေလ၌ အပူချိန်အမြင့် ဆုံးနေ့ရက်သည် မေ ၇ ရက်နေ့ ဖြစ်ပြီး ၃၃ ဒသမ ၅ ဒီဂရီစင်တီ ဂရိတ်ရှိကြောင်းနှင့် ၄င်းနေ့၏ အပူ ချိန်သည် ဖြစ်မြဲထက် အနည်းငယ် ပိုသည်ဆိုသော်လည်း လက်ရှိအခြေ အနေတွင် ပူသည်ဟုယူဆ၍မရနိုင် သေးကြောင်း ခရိုင်ဦးစီးမှူး၏ပြောပြ ချက်အရ သိရသည်။ ယခင်နှစ် ၂၀၁၄ ခုနှစ်တွင် အမြင့်ဆုံးအပူ ချိန် သည် ၃၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ် ထိ ရှိနေခဲ့ရပြီး ယခုနှစ်သည် ၃၁ ဒီဂရီစင်တီဂရိတ်ဝန်းကျင်၌သာ နေ့စဉ် အပူချိန်ရှိနေခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့၌ လက်ရှိအခြေ အနေတွင် မြို့သူမြို့သားများ အလွန် ပူပြင်းလာသည်ဟု ညည်းတွားမှုနှင့် စပ်လျဉ်း၍ မည်သို့ဖြစ်သည်ကို ဆက်လက်မေးမြန်းစုံစမ်းခဲ့ရာ ပြီးခဲ့ သည့်အပတ်က ပြင်ဦးလွင်မြို့၌ ရွာသွန်းခဲ့သည့်မိုးသည် ၀ ဒသမ ၇၉ လက်မ ရွာသွန်းခဲ့သော်လည်း နောက်ရက်များတွင် ဆက်လက်ရွာ သွန်းခြင်း မရှိတော့သဖြင့် မြေငွေ့ ပြန်ကာ အပူဒဏ်ခံစားနေရကြောင်း နှင့် မိုးအဆက်မပြတ်ရွာသွန်းမည် ဆိုပါက အပူချိန်လျော့ကျသွားနိုင် ပြီး ရွာတစ်လှည့်၊ ခြောက်တစ်လှည့် ဖြစ်ပေါ်နေပါက မြေငွေ့ကြောင့် အပူ ဒဏ်ခံစားရခြင်းသာဖြစ်ပြီး အပူချိန် မြင့်တက်မှုမရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## ကျောင်းဆောင်သစ်များ ဆောက်လုပ်ပြီးစီး

**ကလေး မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မြစ်သာမြစ် အရှေ့ဘက်ခြမ်း ရှိ အူဒူကျေးရွာအခြေခံပညာမူလတန်းကျောင်း ရွှေမြစ်သာကျောင်းဆောင် သစ်နှင့် မြစ်သာမြစ်အနောက်ဘက်ခြမ်းရှိ ရေလဲဦးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း မြဝတီကျောင်းဆောင်သစ်များကို မေ ၁၁ ရက်က ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အူဒူကျေးရွာ အခြေခံပညာမူလတန်းကျောင်း ရွှေမြစ်သာကျောင်းဆောင် သစ်နှင့် ရေလဲဦးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း မြဝတီကျောင်း ဆောင်သစ်များကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် ဆောက်လုပ်ခြင်း ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

# မြန်မာ့ပင်လယ်ပြင် ငါးသယံဇာတမရှားပါးရေး ပိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်

မြန်မာနိုင်ငံ၏ ငါးဖမ်းရေပိုင်နက်သည် စတုရန်းကီလိုမီတာ ၄၈၆၀၀၀ ရှိပြီး အဆိုပါရေပိုင်နက်အတွင်း တရွတ်ဆွဲငါးဖမ်းရေယာဉ် ၁၁၈၅ စင်း၊ ဝိုင်းချုပ်ပိုက်သင်္ဘော ၂၆၈ စင်း၊ ကျားပိုက် ၁၁၈ စင်း၊ မျှောပိုက် ၁၇၁ စင်း၊ မြှုးချ ၁၀၉ စင်း၊ ကင်းမွန် ၂၉၆ စင်း၊ ဘုံကျောင်းကျားပိုက် ၇၆ စင်း၊ အင်္ဂလန်ကျား ၂၂၄ စင်း၊ စိန်ပိုက် ၆၉ စင်းနှင့် ငါးမျှားတန်းရှစ်စင်း စုစုပေါင်း ၂၅၉၄ စင်းဖမ်းဆီးလျက်ရှိကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ်၏ မှတ်တမ်းအရ သိရသည်။

နိုင်ငံတော်၏ လူဦးရေတိုးပွားလာမှု၊ နိုင်ငံတကာဈေးကွက်များဆီသို့ တင်ပို့ရောင်းချနိုင်မှုတို့အတွက် ငါးသယံဇာတများ နှစ်စဉ်တိုးမြှင့်ဖမ်းဆီးရရှိရေးကို ခေတ်မီနည်းပညာများဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။ ၂၀ ရာစု နောက်ပိုင်း ကမ္ဘာ့နိုင်ငံအများစုမှာ ငါးသယံဇာတများ ရှားပါးမှုကြုံတွေ့နေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ငါးသယံဇာတများ ရှားပါးနေပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ သတင်းမှတ်တမ်းများ ဖော်ပြမှုအရ သိရသည်။

နိုင်ငံတော်အနေဖြင့် ငါးသယံဇာတများ မြန်မာ့ပင်လယ်ပြင်တွင် မရှားပါးစေရေးတို့အတွက် ၁၉၇၉-၁၉၈၀ ခုနှစ်များက ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO အကူအညီဖြင့် မြန်မာ့ပင်လယ်ပြင် စီးပွားရေးဇုန် EEZ ရေအနက်မီတာ ၂၀၀ မှ ၄၀၀ အတွင်း ငါးသယံဇာတအခြေအနေကို ရက်ပေါင်း ၁၂၀ ကြာကာလအထိ သုတေသနပြုလုပ်ခဲ့ရာ ငါးသယံဇာတ နှစ်စဉ် တန်ချိန်တစ်သန်းကျော်ပမာဏကို မျိုးမသုဉ်းစေဘဲ ဖမ်းယူနိုင်ကြောင်း မှတ်တမ်းများအရ သိရသော်လည်း အဆင့်မြင့် နည်းပညာများဖြင့် ဖမ်းဆီးခြင်း၊ ပိုက်ကွက်များစိပ်၍ ငါးအသေးရော၊ အကြီးပါမကျန် ဖမ်းဆီးနေခြင်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ စားလည်းစား၊ ထားလည်းထား၊ ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း၊ သေးတဲ့ငါးကိုကြီးစေလို ဖမ်းကိုမဖမ်းနှင့် စသည့်သတ်မှတ်စည်းကမ်းများကို မျက်ကွယ်ပြုသည့်အပြင် ဥချရာသီပင်မချန် တရားမဝင်ဖမ်းဆီးနေကြသည့်အတွက် အချို့ငါးမျိုးများ ပျောက်ကွယ်စပြုနေပြီး ငါးအများစုမှာလည်း ရှားပါးနေပြီဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရာသီဥတုမမှန်ကန်ခြင်းတို့ကြောင့် ငါးသယံဇာတများ တိုးမြှင့်ရှာဖွေရန်မှာ အနာဂတ်ကာလအတွက် မျှော်မှန်းရခက်နေသည်ဟု ပညာရှင်တို့က သုံးသပ်ထားကြသည်။

သို့အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၉ ရက်အထိ ၃၈ ရက်အကြာ နော်ဝေနိုင်ငံ Norwegin Agency For Development Cooperation(NORAD) နှင့် EAF-Nansen ၏ စီမံကိန်းအကူအညီဖြင့် အမေရိကန်ဒေါ်လာ ငါးသိန်းကျော် အကုန်အကျခံကာ သုတေသနပြုလုပ်ခဲ့ရာ ငါးသယံဇာတသည် ၄၀ ရာခိုင်နှုန်းသာ ကျန်ရှိတော့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်သည့်သတင်းမှတ်တမ်းအရ သိရသည်။

လက်ရှိကာလ မြန်မာနိုင်ငံ၏ ငါးသယံဇာတ ထိန်းသိမ်းမှုကို အထောက်အကူဖြစ်စေရန် နော်ဝေနိုင်ငံမှ ငါးသုတေသနသင်္ဘောဖြင့် Dr.Fridtjof Nansen သည် မြန်မာနိုင်ငံသို့ ဧပြီ ၂၇ ရက်တွင် ရောက်ရှိလာပြီး ဧပြီ ၂၈ ရက်မှ ဇွန် ၂၁ ရက်အထိ မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတများ သုတေသန ပြုလုပ်မည်ဖြစ်ပြီး ယခင် သုတေသနပြုလုပ်ခဲ့သည့် အခြေအနေများနှင့် ပေါင်းစပ်ပြီး အနာဂတ်ကာလ မြန်မာနိုင်ငံ၏ ငါးသယံဇာတကို ဘယ်လိုထိန်းသိမ်းလျှင်ကောင်းမည်ကို ပြန်လည် သုံးသပ်အဖြေထုတ်ရမှာဖြစ်ကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင်ချုပ် ဦးဟန်ထွန်းထံမှ သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ညှိနှိုင်းပြီး ငါးသယံဇာတထိန်းချုပ်သောအားဖြင့် မြန်မာ့ပင်လယ်ပြင်ရေပိုင်နက်တွင် နှစ်စဉ် ဧပြီ ၁ ရက်မှ မေ ၃၁ ရက်အထိ ငါးဖမ်းရေယာဉ် ၆၅ ရာခိုင်နှုန်းကိုသာ ငါးဖမ်းဆီးခွင့်ပြုခဲ့သော်လည်း ယခုနှစ်တွင် ပြည်သူ့လွှတ်တော်ဆုံးဖြတ်ချက်အရ ဇွန်လမှ စတင်ပြီး (မိုးတွင်းကာလ) သုံးလအထိ ငါးမဖမ်းရ ရာသီအဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်းသိရသည်။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ငါးသယံဇာတမရှားပါးစေရေးအတွက် FAO ၏ ကြီးကြပ်မှုဖြင့် ငါး

အောင်ဝင်း(ဖျာပုံ)

သယံဇာတများ ထိန်းသိမ်းရာ စည်းမျဉ်း စည်းကမ်းများ ထုတ်ပြန်ထားရှိသည်။ ငါးမဖမ်းရ ရာသီသတ်မှတ်ခြင်း၊ ငါးမဖမ်းရနယ်မြေ သတ်မှတ်ခြင်းနှင့် ကန့်သတ်ငါးဖမ်းဆီးကိရိယာများဖြင့်သာ ဖမ်းဆီးကြရန် သတ်မှတ်ထားရှိကြောင်း သိရသည်။ မြန်မာနိုင်ငံ ငါးဖမ်းရေယာဉ်ပိုင်ရှင်များနှင့် ရေလုပ်သားတို့အနေဖြင့် ယင်းစည်းကမ်းများအပြင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်မှသာလျှင် အနာဂတ်ကာလ ငါးသယံဇာတ အရေး ရင်အေးရမည်ဖြစ်သည်။

အိမ်နီးချင်း နိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ငါးသယံဇာတများရှားပါးနေပြီဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင်လည်း အကြောင်းကြောင်းကြောင့် လွန်ခဲ့သည့် နှစ် ၃၀ နှင့် နှိုင်းယှဉ်လျှင် ငါးသယံဇာတ ရာခိုင်နှုန်း ၈၀ ကျော် ကျဆင်းလျက်ရှိသည်ဟု သိရသည်။ သို့သော်လည်း အရှေ့တောင်အာရှနိုင်ငံများအတွင်း၌ ငါးသယံဇာတရရှိမှုသည် အမြင့်ဆုံးရပ်တည်လျက်ရှိနေသေးကြောင်း သိရသည်။ လက်ရှိအခြေအနေထက် ငါးသယံဇာတများ ကျဆင်းမသွားအောင် ရေလုပ်ငန်းရှင်ကြီးများနှင့် ရေလုပ်သားတို့ သတိထားထိန်းသိမ်း စောင့်ရှောက်သွားရန် အမှန်ပင် လိုအပ်လှပါကြောင်း။



မြန်မာ့ပင်လယ်ပြင်တွင် ရှားပါးနေပြီဖြစ်သည့် ငါးပုတ်သင်ငါး။




# မိုဘိုင်းအဖွဲ့ဖြင့် တီဘီလူနာများ ရှာဖွေဖော်ထုတ်ကုသပေးမည်

**မြဝတီ မေ ၁၅**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် Gene-X-pert စက်ဖြင့် တီဘီရောဂါရှိမရှိနှင့် Rifampicin တီဘီဆေးယဉ်ပါးမှု ရှိ မရှိကို Mobile team များဖြင့် ရှာဖွေဖော်ထုတ် ကုသပေးသွားမည်ဖြစ်ကြောင်း အမျိုးသား တီဘီတိုက်ဖျက်ရေးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ မေ ၁၂ ရက်က ကျင်းပခဲ့သည့် တီဘီရောဂါကွင်းဆင်းရှာဖွေ ဖော်ထုတ်ကုသရေး နယ်လှည့်ဆေးကုသခြင်း၊ Gene-X-pert စက်ဖြင့် တီဘီရောဂါရှိမရှိစစ်ဆေးခြင်းနှင့် Rifampicin တီဘီဆေးယဉ်ပါးမှု ရှိ မရှိစစ်ဆေးခြင်းအကြောင်း အသိပေးဆွေးနွေးပွဲ၌ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသား တီဘီတိုက်ဖျက်ရေးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်က ပြောကြားခဲ့ခြင်းဖြစ်သည်။ Gene-X-pert စက်ဖြင့် တီဘီရောဂါရှိမရှိ၊ Rifampicin တီဘီဆေးယဉ်ပါးမှု ရှိ မရှိကို မြဝတီမြို့နယ်အတွင်း မိုဘိုင်းအဖွဲ့ဖြင့် ရှာဖွေဖော်ထုတ်ကုသပေးမည့်အစီအစဉ်ကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီတိုက်ဖျက်ရေး ဒုတိယညွှန်ကြားရေးမှူးက မြန်မာနိုင်ငံတွင် တီဘီရောဂါ နှင့် ဆေးယဉ်ပါးတီဘီဖြစ်ပွားမှုအခြေအနေများ၊ ရောဂါကာကွယ်ကုသရေးလုပ်ငန်းများ စသည့် အကြောင်းအရာများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီတိုက်ဖျက်ရေးစီမံကိန်းမှ ပိုးမွှားဗေဒအထူးကုဆရာဝန် ဒေါက်တာဝင့်ဝင့်က Gene-X-pert စက်ဖြင့် တီဘီရောဂါရှိမရှိစစ်ဆေးခြင်းနှင့် တီဘီဆေးယဉ်ပါးမှု ရှိမရှိစစ်ဆေးခြင်းအကြောင်းကိုလည်းကောင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က နယ်လှည့်ကွင်းဆင်း တီဘီရောဂါရှာဖွေကုသပေးခြင်းအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ရေရှားပါးသော ကျေးရွာ ၁၄ ရွာ၌ ရေရရှိရေးဆောင်ရွက်နိုင်ခဲ့

**မြင်းမူ မေ ၁၅**

မြင်းမူမြို့နယ်အတွင်း၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်သူ့လွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှ ငွေကျပ် ၅၅၀ ဒသမ ၅ သိန်းဖြင့် ရေရရှိရေးလုပ်ငန်း ၁၄ ခုကို မြို့နယ်ဖွံ့ဖြိုးရေးနှင့် ရေရရှိရေးလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီက ကျေးရွာ ၁၄ ရွာ၌ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်အတွင်းရှိ ရေရှားပါးကျေးရွာများဖြစ်သော ကုန်းရွာ၊ မကျီးကန်၊ ကန်ဆွယ်၊ မကျီးစု၊ ငွေးပင်တောကျေးရွာအပါအဝင် ရွာငါးရွာ၌ ရေမီတာများတပ်ဆင်၍ အိမ်တိုင်ရာရောက် ရေတိုင်များသွယ်တန်းနိုင်ခဲ့သဖြင့် ရေလုံလောက်စွာ ရရှိနေပြီဖြစ်ကာ ခွက်ခွင်း၊ အုန်းပင်၊ သာယာပေါင်း၊ စည်ပင်၊ သူဌေးကုန်း (တောင်ရွာ)၊ ပျော့ရွာ၊ ယင်းမကိုင်း၊ ပဒတ္ထိုင်းရွာနှင့် မြင်းမူမြို့ပေါ် အမှတ်(၄)နယ်မြေတို့တွင် စက်ရေတွင်း တွင်းနက်တူးခြင်း၊ ရေသန့်စက်တပ်ဆင်ပေးခြင်း၊ ရေကန်ပြုလုပ်ခြင်း၊ ရေစက်နှင့် ကွန်ပရက်ဆာတပ်ဆင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မြင်းမူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင်နှင့် ရေရရှိရေးလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှအောင်၊ အမှုဆောင်အရာရှိ ဒေါ်နီနီခိုင်နှင့် အဖွဲ့ဝင်များက မေ ၉ ရက်မှ ၁၁ ရက်အထိ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**(၀၇၉)**



ရေဂါလန် ၉၀၀၀ ကျော်ကို မီးသတ်ရေသယ်ယာဉ်များဖြင့် နေ့စဉ်ဖြန့်ဝေပေး

**မော်လမြိုင် မေ ၁၅**

မော်လမြိုင်မြို့ရှိ သောက်သုံးရေလိုအပ်လျက်ရှိနေသော ရပ်ကွက်များအား မွန်ပြည်နယ် မီးသတ်တပ်ဖွဲ့က ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဧပြီနှင့် မေလအတွင်း အပူချိန်မြင့်မားသဖြင့် မော်လမြိုင်မြို့ရှိ ရေတွင်းတိုင်းလိုလိုပင် ရေခန်းမှုများဖြစ်နေပြီး မြို့ပေါ်ရပ်ကွက်အချို့တွင် သောက်သုံးရေအခက်အခဲ ကြုံတွေ့နေကြရကြောင်း၊ မုပွန်တိုးချဲ့ရပ်ကွက်ရှိ လမ်းရှစ်လမ်းတွင် နေထိုင်သည့် အိမ်ထောင်စု ၁၅၀၀ ကျော်အား ပြည်နယ်မီးသတ်တပ်ဖွဲ့မှူး ဦးမြကြိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးဇော်ဝင်းနှင့် ဦးစီး ၁၅ ဦးတို့က ရေဂါလန် ၉၀၀၀ ကျော်ကို မီးသတ်ဦးစီးဌာနပိုင် ရေသယ်ယာဉ်များဖြင့် နေ့စဉ်ဖြန့်ဝေပေးလျက်ရှိကြောင်း၊ သင်္ကြန်မတိုင်မီကတည်းက နေ့စဉ်ဖြန့်ဝေပေးနေခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အခုလိုမုပွန်တိုးချဲ့ရပ်ကွက်ကို နေ့စဉ်ရေလှူဖြစ်တာကတော့ နှစ်တိုင်းလိုလိုပဲ မုပွန်ရပ်ကွက်က သုံးလပိုင်းနောက်ပိုင်းဆို ရေအခက်အခဲဖြစ်တာကို တွေ့ရပါတယ်။ ကျန်တဲ့ရပ်ကွက်တွေကတော့ စည်ပင်သာယာရေရောက်ပါတယ်။ မုပွန်တိုးချဲ့ရပ်ကွက်ကပဲ ရေအခက်အခဲရှိတဲ့အတွက် မုပွန်ရပ်ကွက်ကိုပဲ ရေလှူဖြစ်တာပါ"ဟု မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးဇော်ဝင်းက ပြောသည်။ မုပွန်ရပ်ကွက်နှင့် တိုးချဲ့လမ်းပေါင်းရှစ်လမ်းတို့တွင် အဝီစိရေတွင်းတူးရန် ခက်ခဲပြီး ရေတွင်းများမှာလည်း နှစ်စဉ် မတ်လကုန်ဝန်းကျင်တွင် စတင်ရေခန်းခြောက်လေ့ရှိကြောင်း သိရသည်။

ရေဖြန့်ဝေပေးမှုနှင့် ပတ်သက်၍ မုပွန်တိုးချဲ့ရပ်ကွက်နေ ပြည်သူတစ်ဦး က "ရပ်ကွက်ထဲမှာ အဝီစိတွင်း တချို့တော့ရှိပါတယ်။ သူတို့က ရေရောင်းတာပါ။ တစ်စည်ကို ၂၀၀ နဲ့ရောင်းပါတယ်။ ရေလှည်းဆိုရင် တစ်စည်ကို ၃၀၀ ပေးရပါတယ်။ အိမ်မှာကိုယ်ခွဲမရှိတဲ့သူဆိုရင် ဝယ်သုံးကြရတာများပါတယ်။ ရပ်ကွက်ထဲမှာ အိမ်ထောင်စု ၃၀၀၀ ကျော်လောက်ရှိတဲ့ထဲမှာ ဝယ်သုံးနိုင်တာက အိမ်ထောင်စု ၁၀၀၀ လောက်ပဲရှိပါတယ်။ ကျန်တဲ့မိသားစုတွေကတော့ လက်လုပ်လက်စားသမားတွေပဲ များတော့ ရေဝယ်သုံးဖို့ အခက်တွေ့ကြရပါတယ်" ဟု ပြောသည်။ ယခုကဲ့သို့ မီးသတ်တပ်ဖွဲ့က မီးသတ်ဌာနပိုင် ရေသယ်ယာဉ်များဖြင့် နေ့စဉ်ရေလှူပေးနေ၍သာ ဒေသခံများ အဆင်ပြေနေခြင်းဖြစ်ကြောင်းလည်း ရပ်ကွက်နေပြည်သူအချို့၏ ပြောကြားချက်အရ သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

## သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ခြင်းဖြင့် ဂျပန်နိုင်ငံတွင် အလုပ်အကိုင် စီဇာရယူလိုသူများအတွက်

**အထူးအခွင့်အရေး**

ဂျပန်နိုင်ငံရှိ သက်ကြီးရွယ်အိုများအား လူမှုစောင့်ရှောက်ရေး၊ သူနာပြုစုခြင်းများ လိုအပ်နေမှုကြောင့် တိုကျိုလူမှုဖူလုံရေးတက္ကသိုလ်မှ
ပြုစုစောင့်ရှောက်နည်းနှင့်ပတ်သက်သော လမ်းညွှန်မှုများကို သင်ယူတတ်မြောက်၍
ဂျပန်နိုင်ငံအသိအမှတ်ပြု သူနာပြုလက်မှတ်ရရှိပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
(ကျောင်းလခများအား ချေးငွေအဖြစ်ကူညီပံ့ပိုးပေးမည်ဖြစ်ပြီး ဂျပန်စာအရည်အချင်း N3 နှင့်အထက်ရှိသူများဖြစ်ရမည်။)

- ဆက်သွယ်ရန် -
တိုကျိုလူမှုဖူလုံရေးတက္ကသိုလ် ( မြန်မာရုံး )
တိုက် (A-3-2)၊ အခန်း (၁၀၂)၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း - (၀၁) - ၃၉၃၃၇၀၊ ၀၉ - ၄၂၁၁၄၇၀၇၀။

## လိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ထူးချွန်အလတ်စား( ဝန်ဆောင်မှု )လုပ်ငန်းရှင် ( တတိယ )ဆု နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဝန်ဆောင်မှုထူးချွန်မှု ဂုဏ်ထူးဆောင်ဆု တို့ကို ရရှိသော စိမ်းလဲ့တင် Resort (ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း ၊ တိရစ္ဆာန်ဥယျာဉ်လုပ်ငန်း ၊ အပန်းဖြေဥယျာဉ်လုပ်ငန်း ၊ ဓာတုကင်းစင်ဥယျာဉ်လုပ်ငန်း၊ Adventure Land )လုပ်ငန်းများ၏ ဥက္ကဋ္ဌဖြစ်သူ **ဒေါက်တာ မျိုးမြင့်စိန်** အား ၊ လိုက်လှဲဝမ်းသာ ဂုဏ်ပြုအပ်ပါသည်။

ပင်ကိုစွမ်းရည် ၊ စွန့်ဦးတီထွင်အောင်မြင်မှုကိုလည်း သိမှတ်ကြည်နူးချီးကျူးပါသည်။အစဉ်သဖြင့်လည်း တိုင်းပြည်အကျိုး၊အမျိုးဘာသာ၊သာသနာအကျိုးကို ဆတက်ထမ်းပိုး အားကြိုးစွမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

**Yangon Laundry Service**

# ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ရဲ့ ရာသီကုန်လက်ကျန်ပွဲစဉ်များ

ပရီမီယာလိဂ်ပွဲစဉ်တွေကို လာမယ့် မေ ၁၈ ရက်မှာ ယှဉ်ပြိုင်ကစားဦးမှာဖြစ်ပါတယ်။ ရာသီကုန်လက်ကျန်ပွဲစဉ်တွေအဖြစ် ဝက်စ်ဘရွန်းနဲ့ ချယ်လ်ဆီး၊ အာဆင်နယ်နဲ့ ဆန်းဒါးလန်းတို့ပွဲတွေကလည်း အမှတ်ရသလောက်ယူဖို့ ကြိုးစားကြဦးမှာဖြစ်လို့ ကြည့်ကောင်းမယ့်ပွဲဖြစ်ပါတယ်။ အမှတ်မလိုပေမယ့် ဂုဏ်သိက္ခာအတွက်ကြိုးစားမယ့် ချယ်လ်ဆီးရဲ့ စွမ်းဆောင်မှုကိုလည်း အားပေးရဦးမှာဖြစ်ပါတယ်။

■ မိုးမြင့်လင်းလက်




**ဝက်စ်ဘရွန်းနှင့် ချယ်လ်ဆီး**

ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးခဲ့ပြီး ဖိအားကင်းကင်းနဲ့ ကစားမယ့် ချယ်လ်ဆီးတို့အနေနဲ့ ပြီးခဲ့တဲ့ပွဲမှာ လက်စတာကို နှစ်ဂိုး-သုံးဂိုးနဲ့ရှုံးပြီး လီဗာပူးကို ဂိုးမရှိသရေ၊ နယူးကာဆယ်ကို တ စ်ဂိုးစီသရေပွဲဖြစ်ခဲ့ပေမယ့် မန်ယူနဲ့ ခရစ္စတယ်ပဲလေ့စ်ကို နိုင်ပွဲရအောင်ကစားခဲ့တဲ့ ဝက်စ်ဘရွန်းကို လျှော့တွက်လို့မရပါဘူး။ ပထမအကျော့မှာ နှစ်ဂိုးပြတ်အနိုင်ရထားတဲ့ ချယ်လ်ဆီးတို့အတွက် ဝက်စ်ဘရွန်းကို အနိုင်ရအောင်ကစားပါလိမ့်မယ်။ ဝက်စ်ဘရွန်းတို့ကတော့ ဘီရာဟီနို၊ ဒါရင်ဖလက်ချာတို့ရဲ့ စွမ်းဆောင်မှုတွေနဲ့ အိမ်ကွင်းမှာ ချယ်လ်ဆီးကို အကောင်းဆုံး ပြင်ဆင်ပြီး ခုခံပါလိမ့်မယ်။ ဝက်စ်ဘရွန်းတို့ဟာ လောလောဆယ်မှာ ရလဒ်တွေ ကမောက်ကမဖြစ်နေပြီး ခြေစွမ်းမတည်ငြိမ်တာမို့ ချယ်လ်ဆီးကို ခြေရည်တူကစားနိုင်ဖို့တော့ မလွယ်ပါဘူး။ အရန်ကစားသမားတွေ ထုတ်သုံးလာနိုင်တဲ့ ချယ်လ်ဆီးရဲ့ ကစားအားကိုလည်း ဝက်စ်ဘရွန်းတို့ အပြင်းအထန်ခုခံကစားရမှာဖြစ်တာမို့ အနိုင်ရလဒ်ဖော်ဆောင်ဖို့တော့ မဖြစ်နိုင်ပါဘူး။ ချယ်လ်ဆီးတို့က ရာသီမကုန်ခင်ကတည်းက ဖလား ရရှိနေပေမယ့် ရာသီကုန်ပွဲစဉ်တွေမှာ အမှတ်ရသလောက် ယူဖို့ရှိတာမို့ ဝက်စ်ဘရွန်းတို့ မျှော်လင့်ရင်လည်း တစ်မှတ်ထက်တော့ မပိုနိုင်ပါဘူး။

**အာဆင်နယ်နှင့် ဆန်းဒါးလန်း**

ပထမအကျော့ပွဲစဉ်မှာ နှစ်ဂိုးပြတ်နဲ့ အာဆင်နယ်တို့ ရှုံးခဲ့တာမို့ အခုပွဲမှာတော့ ရှုံးကြွေးဆပ်ဖို့အခွင့်အရေး ရလာပြီဖြစ်ပါတယ်။ အာဆင်နယ်တို့က တတိယနေရာမှာ ရပ်တည်မှုမပြောင်းအောင် အားထုတ်နေတာဖြစ်ပြီး နောက်ဆုံးကစားခဲ့တဲ့ ရက်ဒင်းနဲ့ ဘန်လေတို့ကို နိုင်ပွဲရအောင် အားထုတ်နိုင်ခဲ့ပါတယ်။ အာဆင်နယ်ရဲ့ လက်ရှိခြေစွမ်းက ဂိုးသွင်းမထက် မြက်ပေမယ့် ရလဒ်ကောင်းအောင် အားထုတ်နိုင်စွမ်းရှိပါတယ်။ နည်းပြအာစင်ဝင်းဂါးဟာ စိတ်ဓာတ်ကောင်းပြီး ကစားသမားတွေ စိတ်ဓာတ်အင်အားတိုးမြင့်အောင်လည်း လုပ်ဆောင်နိုင်သူဖြစ်ပါတယ်။ ဒါပေမယ့် တည်ငြိမ်မှုမရှိတဲ့ ဆန်းဒါးလန်းရဲ့ ခြေစွမ်းဟာလည်း တစ်နေ့ရွှေ၊ တစ်နေ့ငွေဖြစ်နေတာမို့ နိုင်ပွဲရအောင် ကစားနိုင်ပါ့မလားရင်ပူစရာဖြစ်ပါတယ်။

ဆန်းဒါးလန်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှတ်တမ်းကို ကြည့်ရင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ ဒါ့အပြင် တန်းဆင်းဇုန်နားရစ်ဝဲနေတဲ့ ဆန်းဒါးလန်းတို့က အခုပွဲကို အားထည့်ပြီး ခြေကုန်ထုတ်ဖို့ ပြင်ဆင်လာမှာဖြစ်ပါတယ်။ တန်းမဆင်းရရေးအတွက် အားထုတ်လာမယ့် ဆန်းဒါးလန်းခြေစွမ်းကို ပေါ့ပေါ့ဆဆကစားရင်တော့ အာဆင်နယ်တို့ အမှတ်ခွဲပေးရပါလိမ့်မယ်။ အမှတ်မလိုပေမယ့် အာဆင်နယ်ဟာ ဆန်းဒါးလန်းကို အခွင့်အရေးပေးမှာတော့ မဟုတ်ပါဘူး။ ရာသီအစကတည်းက ခြေစွမ်းအတက်အကျရှိနေတဲ့ ဆန်းဒါးလန်းတို့ကလည်း ပြိုင်ဘက်ကို အလေးထားကစားတတ်တဲ့ အကျင့်ကောင်းရှိနေပါတယ်။ ဒါပေမယ့် အာဆင်နယ်က လက်ရှိကစားသမားတွေ အင်အားနဲ့ပဲ ဆန်းဒါးလန်းကို အနိုင်ကစားမှာဖြစ်တာကြောင့် သုံးမှတ်အပြည့်ယူဦးမယ့်ပွဲဖြစ်နေတာတော့ အမှန်ပါပဲ။ ။

# အေစီမီလန်ကို မပြန်ဘူးဆိုတဲ့ အီဘရာဟင်မိုဗစ်

ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာဟင်မိုဗစ်က သူ့အနေနဲ့ စီးရီးအေ ထိပ်တန်းကလပ် အေစီမီလန်သို့ ပြန်ဖို့အစီအစဉ်မရှိဘူးလို့ ပြောဆို လိုက်ပါတယ်။ လွန်ခဲ့တဲ့ရက်များက တိုက်စစ်မှူး အီဘရာဟင်မိုဗစ်ကို ပြန်လည်ခေါ်ယူဖို့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီဆွေးနွေးမှုတွေနဲ့ ပတ်သက်ပြီး နားမလည်နိုင်အောင် ဖြစ်ရပါတယ်လို့ ဆွီဒင်နိုင်ငံသား အီဘရာဟင်မိုဗစ်ရဲ့ အေးဂျင့်က ဆိုပါတယ်။ အီဘရာဟင်မိုဗစ်ဟာ ပီအက်စ်ဂျီအသင်းရဲ့ အဓိက ကစားသမားတစ်ဦး ဖြစ်ပါတယ်။ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အီဘရာဟင်မိုဗစ်ဟာ အသက်အရွယ်ရလာသော်လည်း ကစားအားကောင်းနေဆဲ ဖြစ်ပါတယ်။ ဒီနှစ်မှာလည်း ပီအက်စ်ဂျီအသင်းနဲ့အတူ ပြင်သစ်ပထမတန်း လီဂူးဖလားကို ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။

သူဟာ ၂၀၁၂ ခုနှစ် ဇူလိုင်လက ပီအက်စ်ဂျီသို့ မပြောင်းမီ အေစီမီလန်အသင်းနဲ့အတူ ၈၅ ပွဲကစားရာမှာ ၅၆ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဆွီဒင်ကြယ်ပွင့် အီဘရာဟင်မိုဗစ်ဟာ ပီအက်စ်ဂျီအသင်းမှာလည်း ထိပ်တန်းဂိုးသွင်းသမားဖြစ်ပြီး ယခုနှစ်ရာသီမှာ ၁၉ဂိုးအထိ သွင်းယူနိုင်ခဲ့တယ်လို့ဆိုပါတယ်။ ဂိုးသွင်းအားကောင်းနေတဲ့ အီဘရာဟင် မိုဗစ်အနေနဲ့ ပီအက်စ်ဂျီမှာပဲဆက်ကစားမယ်လို့ဆိုပါတယ်။

ကောင်းမြတ်သူ ➢ စုစည်းသည်။

# ပက်ကီယောင်းအနားယူတော့မည်လော

ပက်ကီယောင်းက သူ့အနေနဲ့ လက်ဝှေ့လောကမှ အနားယူဖို့၊ မယူဖို့ ဆုံးဖြတ်ချက်ချရတော့မယ်လို့ ဆိုပါတယ်။ မေ ၂ ရက်က ဝယ်တာဝိတ်တန်းပြိုင်ပွဲမှာ မေဝယ်သာကို အမှတ်နဲ့ရှုံးပြီးနောက် ဗုဒ္ဓဟူးနေ့က ဖိလစ်ပိုင်နိုင်ငံသို့ ပက်ကီယောင်းပြန်လာခဲ့ပါပြီ။ ပခုံးဒဏ်ရာခွဲစိတ်ပြီး ပြန်လာတဲ့ ပက်ကီယောင်းကို သူ့နိုင်ငံပရိသတ်တွေက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြပါတယ်။ ပက်ကီယောင်းက သူ့အနေနဲ့ လက်ဝှေ့ကစားခြင်းကို ဆက်လက်ပြုလုပ်မည်၊ မလုပ်မည်ဆိုတာနဲ့ပတ်သက်ပြီး ကြေညာသွားမယ်လို့လည်း ပြောဆိုလိုက်ပါတယ်။ လက်ဝှေ့လောကမှ အနားယူမယ်လို့တော့ ကျွန်တော်မပြောလိုပါဘူး။ သို့ပေမယ့် နီးစပ်ပါတယ်လို့ ပက်ကီယောင်းက ဆိုပါတယ်။ သူ့အနေနဲ့ လက်စ်ဗီးဂတ်စ်မြို့မှာ ထိုးသတ်တဲ့ပြိုင်ပွဲမှာ မေဝယ်သာကို အမှတ်နဲ့ရှုံးနိမ့်ခဲ့ပါတယ်။ သူဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ လွှတ်တော်အမတ်တစ်ဦးလည်း ဖြစ်ပါတယ်။ ပခုံးဒဏ်ရာခွဲစိတ်ခံရပြီးနောက် သူ့ကို ထောက်ခံသူတွေတိုးလာတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ပက်ကီယောင်းက မေဝယ်သာနဲ့နောက် တစ်ကြိမ်ထိုးသတ်ဖို့ စဉ်းစားနေတယ်လို့လည်း ဆိုပါတယ်။




# ဆီးဂိမ်းမှာ ဗီယက်နမ်ရေကူးကစားသမားများ အနည်းဆုံး ရွှေတံဆိပ် ၁၀ ခု ရယူမည်ဟုဆို

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး (ဆီးဂိမ်း) ကို ဇွန်လအတွင်းမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ ဗီယက်နမ်ရေကူးအားကစားသမားရှစ်ဦး ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပြီး အနည်းဆုံး ရွှေတံဆိပ် ၁၀ ခု ရယူသွားမယ်လို့ဆိုပါတယ်ကျွမ်းကျင်သူတွေရဲ့အဆိုအရ ဗီယက်နမ် အမျိုးသမီး ရေကူးအားကစားမယ် ငုယင်တီအင်ဗီယင်ဟာ ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေတံဆိပ်ဆု ခြောက်ခုလောက် ဆွတ်ခူးနိုင်တယ်လို့ ဆိုပါတယ်။

အင်ဗီယင်အပြင် အခြားသော အမျိုးသားရေကူးအားကစားသမားများဖြစ်ကြတဲ့ ဟောင်ကွေဖူ၊ လမ်ကွမ်ဟတ်၊ ထရွန်ဒရန်ကွိုင်းတို့ကလည်း ရွှေတံဆိပ်ဆွတ်ခူးဖို့ မျှော်လင့်ထားကြပြီး (၂၈)ကြိမ်မြောက် ဆီးဂိမ်းအတွက် ဂျပန်နိုင်ငံမှာသွားရောက်လေ့ကျင့်မှုတွေ ပြုလုပ်နေတယ်လို့ဆိုပါတယ်။

ဗီယက်နမ်ရေကူးအားကစားသမားတွေအနေနဲ့ ၂၀၁၅ ကမ္ဘာ့ချန်ပီယံရေကူးပြိုင်ပွဲနဲ့ ၂၀၁၆အိုလံပစ်ပြိုင်ပွဲတွေအတွက်ပါ ပြင်ဆင်ထားတယ်လို့ ဆိုပါတယ်။ ဗီယက်နမ်နိုင်ငံအနေဖြင့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းမှာ အားကစား နည်း ၃၆ မျိုးအနက် ၂၈ မျိုး ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပြီး အနည်းဆုံး ကစားသမား ၅၀၀ သွားရောက်ကာ ရွှေတံဆိပ် ၆၀မှ၇၀အထိဆွတ်ခူးနိုင်ဖို့ မျှော်မှန်းထားတယ်လို့ ဆိုပါတယ်။




SHARP
ဂျပန်အရည်အသွေးကောင်းပစ္စည်းများနှင့် နှစ်မြိုက်ပျော်မွေ့ပါ။
AQUOS
Quattron Pro
Ion
Plasmacluster
SHARP ကို ဂျပန်နိုင်ငံတွင် (၁၉၁၂) ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး
နှစ်ပေါင်း (၁၀၀)ကျော် ယုံကြည်အားထား လူကြိုက်များသော ဂျပန်ကုန်
တံဆိပ်ဖြစ်ပါသည်။ သင့်ဘဝနေထိုင်မှုစနစ်ကို SHARP နှင့်တကွ
ဂျပန်နည်းပညာများ နှင့်အတူ ပြောင်းလဲလိုက်ကြပါစို့။
Moe Yu San, Actress,
SHARP Ambassador
JAPAN TECHNOLOGY
မကွေးမြို့တွင် ကျင်းပပြုလုပ်သော
ကျွန်ုပ်တို့၏ "KOTEN"ဈေးရောင်းပွဲတော်သို့
ကြွရောက် လည်ပတ်ကြပါရန်
မေလ ၁၅ရက်နေ့မှ ၁၇ ရက်နေ့အထိ
Shwe Ayeyar Electronics
& Shopping Center
SDM COMPANY LIMITED.
Tel No.: +95-1-249585, 249588 – 89, 249591
KOTEN ပွဲတော်လိပ်စာ
ရွှေဧရာ အီလက်ထရောနစ် နှင့် ရှော့ပင်းစင်တာ
အမှတ် (၃၆)၊ ဗိုလ်ချုပ်လမ်း၊ မကွေးမြို့။
မကွေး ရှော့ပင်းမော
အမှတ် (၈)၊ ဗိုလ်ချုပ်လမ်း၊ ပွဲကြိုရပ်ကွက်၊ မကွေးမြို့။
SHARP MYANMAR :
https://www.facebook.com/Myanmar.Sharp
www.sharp.com.sg

**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ မေလ၊ ၂၃-၂၄၊ (၄၇)ကြိမ်မြောက် မျက်စိခွဲစိတ်နှစ်သစ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဧပြီလ (၂၅)ရက် (၄၆)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၅၉၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ မေလ (၂၃၊ ၂၄)ရက်တွင် ၄၆-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သိတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊** (ILBC ၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်စေမာသီရိလင်္ကာရ (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။




## ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အမိန့်ကြော်ငြာစာ ၁/၂၀၁၅ ဖြင့် နည်းပညာဘွဲ့ (B.Tech.) ရရှိသူများကို မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ (R.G.Tech.) လက်မှတ်နှင့် နည်းပညာဒီပလိုမာ (A.G.T.I.) ရရှိသူများကို မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် (R.Tech.) လျှောက်ထားနိုင်ရန် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ၎င်းကြေညာချက်အပြည့်အစုံကို Website , Facebook နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ကြော်ငြာသင်ပုန်းများတွင် အများသိစေရန်ဖြန့်ချိထုတ်ပြန်ထားပါသည်။ ပိုမိုပြည့်စုံစွာသိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းအမှတ် (သို့မဟုတ်) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 01 250987 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com

ဝါ ရင့် ပါ မော က္ခ ကြီး များ ကြီး ကြပ် စီ စဉ် သော
MOTHER'S LIGHT
မွေ့လက်ရာ
ထွက်ပြီ
အငှမတန်း GRADE-9
တိုင်းနှင့် ပြည်နယ်အားလုံး၏
၂၀၁၅ ခုနှစ် မေးခွန်းဟောင်းနှင့် စံပြအဖြေများ
အတွဲ(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဇီဝဗေဒ
အတွဲ(၂) သင်္ချာ၊ သမိုင်း၊ အထွေထွေသိပ္ပံ
၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်ဆေးခဲ့သော တိုင်းနှင့် ပြည်နယ်အားလုံး၏ အတန်းတင်စာမေးပွဲ မေးခွန်းများကိုသာ စုစည်းဖြေဆိုပေးထားပါသည်။ (နမူနာမေးခွန်းများ မပါဝင်ပါ)
စတုတ္ထတန်း GRADE-5
တိုင်းနှင့် ပြည်နယ်များမှ ခရိုင်များ၏
၂၀၁၅ ခုနှစ် မေးခွန်းဟောင်းနှင့် စံပြအဖြေများ
စနစ်သစ်မေးခွန်းပုံစံနှင့်အညီ ပြုစုထားသော အငှမတန်းနှင့် စတုတ္ထတန်း ဘာသာရပ်သင်ရိုးကုန် စာအုပ်များ ရရှိနိုင်ပါပြီ။
ဖြန့်ချိရေး - မွေ့လက်ရာစာပေ - အမှတ်(၂၄၇)၊ မြေညီထပ်၊ လမ်း(၃၀)၊ အထက်၊ ဗိုလ်ချုပ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၀၃၀၉၆၈၊ ၀၉-၅၀၆၃၄၅၁၊ ၀၉-၇၃၂၀၅၇၂၈။ အမြို့မြို့အနယ်နယ်ဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

## လူပျောက်ကြော်ငြာ

ဦးဇော်မြင့် ၁၂/ဒလန(နိုင်)၀၃၅၁၆၂၁-ဒေါ်စိုးစိုး ၁၂/ဥကတ(နိုင်) ၁၆၈၄၄၄ တို့၏သားဖြစ်သူ ဒုတိယနှစ်၊ တာဝ တက္ကသိုလ်မှ မောင်ဇညား ဇော်(ခ)အီးတုတ် ၁၂/ဒလန(နိုင်)၀၅၃၀၁၄သည် ကျောင်းမှအပြန် အိမ်သို့ ရောက်ရှိလာခြင်းမရှိသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ သွေးဆောင်ဖြားယောင်း လက်ခံထားသူအား ဥပဒေအရ အရေးယူသွားပါမည်။

**ဦးဇော်မြင့်**

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၂၃၀၆၇၇၊ ၀၉-၃၁၅၃၃၇၀၇**

ပါ ရ မီ ဆေး ရုံ
PARAMI General Hospital
ပါရမီအထွေထွေရောဂါကုဆေးရုံ
Parami General Hospital
UKAS MANAGEMENT SYSTEMS 0005
SYSTEM CERTIFICATION ISO 9001:2008 SGS

# ဂုဏ်ပြုသဝဏ်လွှာ

ပါရမီအထွေထွေရောဂါကုဆေးရုံ - ရန်ကုန် သည် ၂၀၁၅ ခုနှစ်၊ မတ်လမှ စတင်၍ အဆင့်မြင့် ဆေးရုံ စီမံအုပ်ချုပ်မှုဆိုင်ရာ အရည်အသွေးလက်မှတ် ISO 9001:2008 ကို အောင်မြင်စွာရရှိကြောင်း သိရှိရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ပါရမီအထွေထွေရောဂါကုဆေးရုံ - ရန်ကုန် ဒါရိုက်တာအဖွဲ့၊ အထူးကုဆရာဝန်ကြီးများ၊ ဝန်ထမ်းမိသားစုများ၊ မြန်မာနှစ်သစ်ကူး အခါသမယ၌ ကျန်းမာချမ်းသာစေကြောင်းနှင့် လာရောက်ကုသမှုခံယူကြသော လူနာများအားလုံးအတွက် ယခုထက်ဆထက်ထမ်းပိုး ပိုမိုဆောင်ရွက်ပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

GREEN HOSPITAL SUPPLY
GREEN HOSPITAL SUPPY.INC.
TOSHIBA Leading Innovation
GOLD LITE

# အသုံးများစပြုလာသည့် ယူနီကုတ်

**သူရဖြိုး**

အင်တာနက်ပေါ်တွင် မြန်မာစာအသုံးပြုနိုင်ရေးအတွက် ဇော်ဂျီမြန်မာစာစနစ် စတင်ပေါ်ပေါက်ခဲ့ပြီး အင်တာနက်ပေါ်တွင် အသုံးပြုရန် ဘာသာစကားအလိုက် သတ်မှတ်ပေးထားသည့် ယူနီကုတ်စံသတ်မှတ်ချက်များနှင့် မကိုက်ညီသော်လည်း စာရိုက်ရလွယ်ကူမှုကြောင့် အင်တာနက်သုံးသူတိုင်း ဇော်ဂျီကို အသုံးပြုခဲ့ကြသည်။

နောက်ပိုင်းတွင် ယူနီကုတ်စံသတ်မှတ်ချက်နှင့် ကိုက်ညီသည့် မြန်မာစာလုံး(Font) များကို တီထွင်လာခဲ့ပြီး မြန်မာ(၂)၊ မြန်မာ(၃)၊ ပိတောက် စသည့် စာလုံးပုံစံများ ပေါ်ပေါက်လာသည်။ ယူနီကုတ်၏ အားသာချက်များနှင့် နောင်တချိန်တွင် ယူနီကုတ်ကိုသာ မဖြစ်မနေအသုံးပြုရမည်ကိုသိသော ကွန်ပျူတာပညာရှင်များက ယူနီကုတ်ကိုသုံးရန် တိုက်တွန်းကြသော်လည်း ဇော်ဂျီသုံး၍ အသားကျနေပြီဖြစ်သည့် မြန်မာအင်တာနက်သုံးစွဲသူများကို ဆွဲဆောင်နိုင်ခြင်းမရှိဘဲ ဇော်ဂျီကိုသာ ဆက်လက်လူသုံးများခဲ့သည်။

ယခုအချိန်တွင်မူ ယခင်က တိုက်တွန်းသော်လည်း လူသုံးနည်းခဲ့သည့် ယူနီကုတ်ကို တဖြည်းဖြည်းအသုံးများလာနေပြီဖြစ်သည်။ မိုက်ခရိုဆော့ဖ်နှင့် Apple ကဲ့သို့သော ကွန်ပျူတာထုတ်လုပ်သူများက ၎င်းတို့၏ကွန်ပျူတာစနစ်များတွင် သီးခြားထည့်သွင်းရန်မလိုသည့် Built in မြန်မာစာစနစ်ကို စတင်ထည့်သွင်းပေးလာသောအခါ ယူနီကုတ်စနစ်အတိုင်းသာ ထည့်သွင်းပေးလာခြင်းကြောင့် ဖြစ်သည်။ ကွန်ပျူတာတွင် မြန်မာစာစနစ် Built in ပါဝင်ခြင်းကြောင့် ယူနီကုတ်ကို လူသုံးများမှုတိုးလာခဲ့သော်လည်း ကွန်ပျူတာသုံးသူဦးရေမှာ နည်းနေသေးသဖြင့် ယူနီကုတ်အသုံးပြုမှု တိုးလာသော်လည်း အလွန်သိသာခြင်းမရှိခဲ့ပေ။

ယူနီကုတ်အသုံးပြုမှု သိသိသာသာတိုးလာသည့်အချိန်မှာ မိုဘိုင်းဖုန်းများတွင်ပါ မြန်မာစာစနစ် စတင်ပါဝင်လာသည့်အချိန်ဖြစ်သည်။ ယခုနောက်ပိုင်းအသစ်ထွက် မိုဘိုင်းဖုန်းများတွင် မြန်မာစာပါဝင်လာချိန်၌လည်း ယူနီကုတ်ကိုသာ Built in အဖြစ် ဆက်လက်ထည့်သွင်းပေးခဲ့ရာ ဖုန်းဖြင့် အင်တာနက်သုံးသူဦးရေများနေသည့်အတွက် ယူနီကုတ်အသုံးပြုမှုလည်း သိသိသာသာ တိုးတက်လာနေပြီဖြစ်သည်။

ယခုအချိန်တွင် ယူနီကုတ်သုံးသူဦးရေ တိုးလာနေပြီဖြစ်သဖြင့် သတင်းဝက်ဘ်ဆိုက်များ၊ ကြော်ငြာလုပ်ငန်းများ၊ အွန်လိုင်းရှော့ပင်များတွင် ယူနီကုတ်ကို အသုံးပြုလာနေရပြီဖြစ်ကြောင်း သိရသည်။ အွန်လိုင်းရှော့ပင်များအနေဖြင့် ကုန်ပစ္စည်းများကို လူမှုကွန်ရက်များပေါ်တွင် ကြော်ငြာရာတွင် ဆွဲဆောင်မှုရှိသော ဓာတ်ပုံနှင့် ပစ္စည်းစစ်မှန်မှု၊ ဈေးကွက်ပေါက်ဈေးနှင့် ကိုက်ညီမှု စသည့်အချက်များအပြင် ယူနီကုတ်ဖြင့် တွဲဖက်ရေးသားပေးခြင်းကိုပါ ပြုလုပ်ပေးရန် လိုအပ်လာကြောင်း Kaymu အွန် လိုင်းရှော့ပင်းမှ တာဝန်ရှိ သူတစ်ဦးက ပြောသည်။

လူသုံးအများဆုံး လူမှုကွန်ရက်ဖြစ်သည့် ဖေ့စ်ဘုတ်ပေါ်ရှိ ပြည်တွင်းသတင်း၊ နည်းပညာ၊ စီးပွားရေးလုပ်ငန်းများ စသည့်ကဏ္ဍ ပေါင်းစုံမှ တင်ထားသည့် စာမျက်နှာများအနေဖြင့်လည်း ယခုအခါတွင် ဇော်ဂျီဖြင့်ရေးသားခြင်းအပြင် ယူနီကုတ်ဖြင့်ပါ တွဲဖက်ရေးသားသုံးစွဲလာကြသည်ကို တွေ့ရသည်။ လူမှုကွန်ရက်တွင်သာမက သတင်းဌာနများ၏ ဝက်ဘ်ဆိုက်များတွင်လည်း ယူနီကုတ်ကို တွဲဖက်ရေးသားလာကြသည်။ အွန်လိုင်းရှော့ပင်လုပ်ငန်း ဝက်ဘ်ဆိုက်များဖြစ်သည့် Kaymu.com.mm, Ads.com.mm, Shop.com.mm စသည့်ဝက်ဘ်ဆိုက်များတွင်လည်း ကုန်ပစ္စည်းကြော်ငြာများကိုယူနီကုတ်ဖြင့်ပါ တွဲဖက်ရေးသားကြော်ငြာလာရကြောင်း သိရသည်။

အင်တာနက်သုံး မြန်မာစာစနစ်တိုးတက်ရေးအတွက် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်နေသည့် ယူနီကုတ်ကို အချိန်အတော်ကြာသည်အထိ အသုံးနည်းခဲ့သော်လည်း ယခုအချိန်တွင် အသုံးပြုမှုနှုန်း စတင်တိုးတက်လာပြီဖြစ်ကာ ဆက်လက်၍ အသစ်ထွက်လာမည့် မိုဘိုင်းဖုန်းနှင့် ကွန်ပျူတာများတွင် ယူနီကုတ်ပါဝင်လာမှု အပေါ်မူတည်၍ မကြာမီအချိန်အတွင်း ယူနီကုတ်အသုံးပြုနှုန်းမှာလည်း အလျင်အမြန်တိုးတက်လာဖွယ်ရှိနေပြီဖြစ်သည်။

ယူနီကုတ်အသုံးပြုနှုန်းများလာသည်နှင့်အမျှ အင်တာနက်တွင် မြန်မာစာဖြင့် ရှာဖွေမှု၊ မြန်မာစာ အဘိဓာန်နှင့် လမ်းညွှန်များ၊ မြန်မာစွယ်စုံကျမ်း စသည့် မြန်မာစာစနစ်အခြေခံသည့် လုပ်ဆောင်မှု များလည်း တိုးတက်လာမည်ဖြစ်ရာ အင်တာနက်ပေါ်တွင် စနစ်ကျသော မြန်မာစာများကို မကြာမီအချိန်အတွင်း မြင်တွေ့ရနိုင်ဖွယ် ရှိနေပါသည်။ ။

## ကွန်ပျူတာပညာရှင်အသင်း နည်းပညာသင်တန်းဖွင့်မည်

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Java Programming နည်းပညာကို စိတ်ဝင်စားသော လူငယ်များအတွက် Java FX Course သင်တန်းကို မေ ၃၀ ရက်မှ ဇွန် ၇ ရက်အထိ စနေ၊ တနင်္ဂနွေ နှစ်ပတ်ဖွင့်လှစ်သွားမည်ဟု သိရသည်။ Java Programming နှင့်ပတ်သက်၍ အခြေခံအဆင့်ရှိပြီးသူများသာ တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများအနေဖြင့် လက်ပ်တော့များ ယူလာရန်လိုကြောင်း၊ Java Programming နည်းပညာကို စိတ်ဝင်စားပြီး အသက်မွေးဝမ်းကျောင်းပြုလိုသူများနှင့် ကျွမ်းကျင်စွာ အသုံးပြုလိုသူများ တက်ရောက်သင့်ပြီး သင်တန်းကြေး ကျပ်တစ်သောင်းခွဲဖြစ်ကာ သင်တန်းသား ၂၅ ဦး လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## ပညာရေးလေ့လာရေးအစီအစဉ် ဟောပြောပွဲကျင်းပ

**ရန်ကုန် မေ ၁၅**

နိုင်ငံခြားတက္ကသိုလ်များတွင် ပညာသင်ယူလိုသည့် မြန်မာကျောင်းသားများအတွက် အမေရိကန်နှင့် စင်ကာပူနိုင်ငံများရှိ တက္ကသိုလ်များ၏ ပညာရေးစနစ်များအကြောင်းကို ကိုယ်တိုင်သွားရောက်လေ့လာနိုင်မည့် ပညာရေးလေ့လာရေးအစီအစဉ်ကို အမေရိကန်နိုင်ငံရှိ Fortune Times Group နှင့် Arcturus Academy တို့က Ivy League College Experience အမည်ဖြင့် မိတ်ဆက်ခဲ့ပြီး အဆိုပါအစီအစဉ်နှင့်ပတ်သက်သည့် အသိပေးဆွေးနွေးပွဲကို KMD ကွန်ပျူတာ၏ ကူညီပံ့ပိုးမှုဖြင့် ရန်ကုန်မြို့ရှိ ရှန်ဂရီလာဟိုတယ်၌ မေ ၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါပညာရေးလေ့လာရေးအစီအစဉ်တွင် အမေရိကန်နိုင်ငံတွင် သွားရောက်ကျောင်းတက်လိုသည့် ကျောင်းသားများအတွက် ၁၀ ရက်ကြာလေ့လာရေးခရီးစဉ်နှင့် စင်ကာပူနိုင်ငံအတွက် ၁၄ ရက်ကြာလေ့လာရေးခရီးစဉ် နှစ်ခုသတ်မှတ်ထားပြီး သက်ဆိုင်ရာနိုင်ငံများရှိ တက္ကသိုလ်များသို့ လေ့လာခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်ခြင်း၊ တက္ကသိုလ်ဝင်ခွင့်နှင့် လူတွေ့စစ်ဆေးမှုဆိုင်ရာများ ပြင်ဆင်ခြင်း၊ နိုင်ငံအလိုက်လူနေမှုစနစ်၊ ယဉ်ကျေးမှုများနှင့် အထင်ကရနေရာများသို့ လေ့လာခြင်းစသည့် အစီအစဉ်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်နှင့် ပတ်သက်၍ ဝန်ဆောင်ခအပါအဝင် အသေးစိတ်အချက်များကို info@arcturusacademy.com နှင့် KMD ကွန်ပျူတာ Training Department တို့တွင် စုံစမ်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## ရှောင်မီ၏ ဖုန်းမော်ဒယ်သစ် ပြည်တွင်းဈေးကွက်သို့ မကြာမီဝင်ရောက်လာနိုင်

**ရန်ကုန် မေ ၁၅**

တရုတ်နိုင်ငံထုတ် ရှောင်မီအမှတ်တံဆိပ်၏ နောက်ဆုံးထွက် ဖုန်းမော်ဒယ်သစ်ဖြစ်သည့် Minote 4 ကို အာရှဈေးကွက်ဖြစ်သော အိန္ဒိယ၊ ဟောင်ကောင်နှင့် စင်ကာပူတို့တွင် မေ ၁၂ ရက်က စတင်ရောင်းချခဲ့ပြီဖြစ်ရာ စင်ကာပူဈေးကွက်မှတစ်ဆင့် မြန်မာနိုင်ငံသို့ မကြာမီဝင်ရောက်လာနိုင်ကြောင်း သိရသည်။

Minote 4 ကို အိန္ဒိယနိုင်ငံတွင် မေ ၁၀ ရက်က စတင်ရောင်းချပြီး ဟောင်ကောင်နှင့် စင်ကာပူတွင် မေ ၁၂ ရက်က စတင်ရောင်းချခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဖုန်းဈေးကွက်သည် အာရှဈေးကွက်အတွင်း တရုတ်နှင့် စင်ကာပူနိုင်ငံများနှင့် အဓိကချိတ်ဆက်ထားသဖြင့် စင်ကာပူဈေးကွက်တွင် ရောင်းချပါက မကြာမီအတွင်း မြန်မာနိုင်ငံဈေးကွက်သို့လည်း ရောက်ရှိလာနိုင်ဖွယ်ရှိကြောင်း သိရသည်။

Minote 4 သည် 4G Network ကို အထောက်အပံ့ပေးထားပြီး အန်းဒရွိုက်ဗားရှင်းမှာ 5.0(kitkat) ဖြစ်ကာ Snapdragon 615 processor, 16 Gb မင်မိုရီနှင့် ၁၃ မဂ္ဂါပစ်ဇယ်ကျောဘက်ကင်မရာများ ပါဝင်သည်။ စင်ကာပူဈေးကွက်တွင် ရောင်းချသည့်ရောင်းဈေးမှာ စင်ကာပူဒေါ်လာ ၂၇၉ ဒေါ်လာဖြစ်သည်။ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာဖွယ်ရှိသော်လည်း စင်ကာပူမှ ဝင်ရောက်သည့် အခြားဖုန်းများကဲ့သို့ ဝင်ရောက်စအချိန်တွင် ဈေးနှုန်းမြင့်တက်နေမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံဈေးကွက်အတွင်း ရောင်းချပြီး နောက်ပိုင်းမှသာ ဈေးနှုန်းလျော့ကျသွားနိုင်ကြောင်း ဈေးကွက်အတွင်းရှိ ဖုန်းဆိုင်အချို့မှ သိရသည်။

**သူရဖြိုး**



**အောင်စကြာဓမ္မရိပ်သာ ၁၅. ရက်အထူး တရားစခန်းပွဲ ၂၀၁၅ ခု၊ ဇွန်လ (၁) ရက်မှ (၁၅) ရက်**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ၌ (မဟာဓမ္မကထိကဗဟုဇနဟိတဓရ) အောင်စကြာဘဒ္ဒန္တစန္ဒသူရိယဆရာတော်သည်၊ သမထ ဝိပဿနာအလုပ်ပေးတရားတော်များကို ကိုယ်တိုင် ဟောပြောပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုလျှင် ရိပ်သာမှ စခန်းဝင်ပုံစံကို ကြိုတင်ယူ၍ လေ့လာပါ။ စခန်းဝင်ပုံစံပါ စည်းကမ်းနဲ့အညီ အားထုတ်နိုင်မည်ဆိုပါက စာရင်းပေးသွင်းပြီး ဇွန်လ(၁) ရက်နေ့နံက်(၆. ၃၀) နာရီအရောက် ရိပ်သာသို့ဝင်ကြရပါမည်။ တစ်နာရီထိုင် တစ်နာရီနား နားတဲ့နာရီတိုင်း ယောဂီအားလုံးတရားစစ်မည်ဖြစ်ပါ၍ (ယောဂီဦးရေ (၂၀) သာလက်ခံပါသည်) နေ့ဆွမ်း အရုဏ်ဆွမ်းအချိုပွဲ ဖျော်ရည်များကို ဖုန်း ၀၁၂၂၄၆၈၁ သို့ဆက်သွယ် စုံစမ်း လှူဒါန်းနိုင်ကြပါသည်။

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်(ပွဲစားမလို)**

၁။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့၊ ပြည်ထောင်စုကားလမ်းမကြီးပေါ်၊ မြို့နယ်လျှပ်စစ်ဓာတ်အားခွဲရုံအနီးတွင် တည်ရှိသော ခြံအကျယ်အဝန်း ၁၁ဒသမ၄၈ဧက၊ (လန-၃၉)ကျပြီး၊ အဆောက်အအုံဆောက်လုပ်ခွင့်ရရှိပြီးဖြစ်သော ကလောမြို့နတ်ရေကန်အနီးတွင်ရှိသောကြောင့် ရေရရှိမှုလဲကောင်း၊ လျှပ်စစ်မီးလဲရရှိပြီး၊ ရှုခင်းလဲကောင်းသောကြောင့် ဟိုတယ်လုပ်ငန်းကြီး လုပ်ကိုင်မည့်သူများအတွက် နေရာကောင်းဖြစ်ပါသည်။

၂။ ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့၊ ပြည်ထောင်စုကားလမ်းမကြီးပေါ်၊ ကမ်းပါးနီကျေးရွာ၊ ခုတင်(၇၀၀)ဆေးရုံအနီးတွင် တည်ရှိသောခြံအကျယ်အဝန်း (၄)ဧကကျော် (လန-၃၉)ကျပြီး၊ အဆောက်အအုံဆောက်လုပ်ခွင့်ရရှိပြီးဖြစ်သော နေရာကောင်းဖြစ်ပါသည်။

(ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဆီဆိုင်လုပ်ငန်းလုပ်ကိုင်မည့်သူများအတွက် အထူးသင့်လျော်ပါသည်။)

**မှတ်ချက်-အမှန်တကယ်စိတ်ဝင်စားသော သူများသာဆက်သွယ်ပါရန်။**

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၀၆၆၁၆၃၆၊ ၀၉-၄၉၆၆၁၆၃၆**

**ဝန်ထမ်းအလိုရှိသည်။**

ဆံပင်နှင့်မိတ်ကပ်အလှပြုပြင်ရေးဆိုင်တွင် ဘက်စုံသင်ကြားပေးမည်။ နေစရိတ်၊စားစရိတ် အပြီးအစီး (မ)ဝန်ထမ်းအလိုရှိသည်။

လှိုင်မြို့နယ်၊ ရန်ကုန်မြို့

ဆက်သွယ်ရန် – Ph: 09-36112291
09-450049686

**အဆင့်မြင့်တိုက်ခန်းအမြန်ငှားမည်**

ရန်ကင်းမြို့နယ်၊ Sedona Hotel အနီး၊ ရွှေအုန်းပင်အိမ်ရာ မျက်နှာချင်းဆိုင်၊ ရန်ကင်းမြို့မဈေးအနီး၊ ရန်ငြိမ်းလမ်းမပေါ်တွင်တည်ရှိသော ရန်ငြိမ်းအိမ်ရာ၊ စတုတ္ထထပ်၊ 1MB,2BM,4AC, FTTH အင်တာနက်လိုင်း (အဆင့်မြင့်ပြင်ဆင်ပြီး)၊ (Fully Furnished)

(နိုင်ငံခြားသားများအတွက် အထူးသင့်လျော်ပါသည်။)

**မှတ်ချက်** - နှစ်ရှည်ငှားရမ်းမည့်သူကို ပို၍ဦးစားပေးမည်။

**ဆက်သွယ်ရန်**-၀၉-၂၅၀၅၀၆၀၆၀၊ ၀၉-၃၃၄၉၀၀၀၇

**ဝန်ထမ်းအလိုရှိသည်**

အဆင့်မြင့်ကွန်ဒိုတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်-

| | | |
|---|---|---|
| 1. | Sales & Marketing | F (2)Posts |
| 2. | Architect | M (1)Post |
| 3. | HR Assistant | M/F (1)Post |
| 4. | HR Trainee | M/F (1)Post |
| 5. | M&E Engineer(EP) | M (1)Post |
| 6. | M&E ကျွမ်းကျင်လုပ်သား | M (3)Posts |
| 7. | Office Staff | M/F (2)Posts |
| 8. | Reception | F (1)Post |
| 9. | Cashier | F (2)Posts |
| 10. | Helper | M (2)Posts |

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားအပြည့်အစုံနှင့်အတူ ၃၀-၅-၂၀၁၅ရက် နောက်ဆုံးထား၍ လာရောက်ဆက်သွယ် လျှောက်ထားနိုင်ပါသည်။

**Shwe Zabu River View Complex ကမ်းနားလမ်း၊ အလုံစည်ပင်ရုံးအနီး၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**

**ဆက်သွယ်ရန် ဖုန်း-** ၀၁-၂၃၀၁၇၆၃၊ ၂၃၀၁၇၆၉ (ရုံးချိန်အတွင်း)
ဖုန်း-၀၉-၂၅၉၁၂၀၄၉၂၊ ၀၉-၇၉၈၇၂၅၂၇၇

## မြန်မာနိုင်ငံဆရာဝန်အသင်း

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၅-၄-၂၀၁၅ရက်တွင်ကျင်းပသော မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ (၃/၂၀၁၅) အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံဆရာဝန်အသင်း၊ သဟာယနှင့် အားကစားအဖွဲ့၏ Bar and Billiard အခန်းကို မျက်မြင်အတိုင်း ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းသို့ သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း ငှားရမ်းမည်ဖြစ်ပါသဖြင့်အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံရောင်းမည့်ရက်** | - ၅-၅-၂၀၁၅ရက် (အင်္ဂါနေ့)မှစ၍ ရုံးချိန်အတွင်း (တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။) |
| ၃။ | **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန်** | - ၂၉-၅-၂၀၁၅ရက် (သောကြာနေ့) ၁၆း၀၀နာရီ |
| ၄။ | **တင်ဒါတင်သွင်းရမည့်နေရာ** | - မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၊ အမှတ်(၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ |
| ၅။ | **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** | - ကြေညာပေးပါမည်။ |

၆။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံဆရာဝန်အသင်း၊ အမှတ်(၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၉-၈၆၀၁၆၇၈၊ ၀၁-၃၇၈၈၆၃၊ ၃၈၀၈၉၉၊ ၃၉၄၁၄၁၊ ၃၈၈၀၉၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စိတ်ကျန်းမာရေးဆေးရုံကြီး-မန္တလေးမြို့

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများ ကုသပေးရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၀-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၆-၂၀၁၅ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**စိတ်ကျန်းမာရေးဆေးရုံကြီး**
**မန္တလေးမြို့**
**ဖုန်း-၀၉-၉၇၅၂၇၂၀၃၉၊ ၀၉-၂၅၉၄၇၆၁၈၅**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကရင်ပြည်နယ်အစိုးရအဖွဲ့

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရှမ်းရွာသစ်မြို့ရုံး ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) (၄၄ပေ×၂၄ပေ×၁၁ပေ)+(၃၂ပေ×၂၀ပေ×၁၁ပေ)

၂။ စိတ်ဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် ဆောက်လုပ်မည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ကရင်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘားအံမြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၅-၂၀၁၅ ရက်
**တင်ဒါပုံစံရောင်းချမှုနောက်ဆုံးရက်** - ၃၁-၅-၂၀၁၅ ရက်

၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) ဖုန်း-၀၅၈-၂၃၄၀၄ ၊ ရုံးအဖွဲ့၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ကရင်ပြည်နယ်။
(ခ) ဖုန်း-၀၅၈-၂၁၁၅၈၊ ပြည်နယ်ရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဘားအံမြို့။
(ဂ) ဖုန်း-၀၅၈-၂၁၀၃၆ ၊ ခရိုင်ရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘားအံမြို့။

**တင်ဒါရွေးချယ်ကြီးကြပ်ရေးကော်မတီ**

---

## ပြည်ထဲရေးဝန်ကြီးဌာန
## (မီးသတ်ဦးစီးဌာန)
## ကရင်ပြည်နယ်မီးသတ်ဦးစီးဌာန၊ ဘားအံမြို့

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်မီးသတ်ဦးစီးဌာနတွင် အောက်ဖော်ပြပါ မြို့နယ်များတွင်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများအား တင်ဒါတင်သွင်း သွားရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဘားအံစက်မှုဇုန်နယ်မြေမီးသတ်စခန်း (၄၅'×၅၀'×၂၆') ၂ထပ်
(ခ) မြိုင်ကြီးငူနယ်မြေမီးသတ်စခန်း (၄၅'×၅၀'×၂၆') ၂ထပ်

၂။ တင်ဒါများကို ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ ဘားအံမြို့တွင် အောက်ပါအတိုင်း တင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁၈-၅-၂၀၁၅ ရက်မှ - ၅-၆-၂၀၁၅ ရက်အထိ
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၈-၆-၂၀၁၅ ရက်၊ ၁၆း၃၀နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါများစိစစ်ရွေးချယ်မည့်ရက်** - ၁၁-၆-၂၀၁၅ ရက်၊ ၁၀း၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ ဘားအံမြို့ ဖုန်း-၀၅၈-၂၂၆၀၆၊ ၀၅၈-၂၁၅၀၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကရင်ပြည်နယ်တင်ဒါကြီးကြပ်ရေးကော်မတီ**
**ဘားအံမြို့**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်(ငွေလုံးငွေရင်း/ပြင်ထိန်း)ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သော တည်ဆောက်ရေးပစ္စည်း ကတ္တရာ (၈၀/၁၀၀)ကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့်ပစ္စည်းအသေးစိတ်စာရင်းများကို လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ဖလမ်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၀-၄၀၀၅၈ တွင် ၁၃-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၈-၅-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ
**တင်ဒါရွေးချယ်မည့်ရက်၊ အချိန်** - ၂၀-၅-၂၀၁၅ ရက်
**တင်ဒါရွေးချယ်မည့်နေရာ** - ဖလမ်းခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး

**တင်ဒါစိစစ်ရေးကော်မတီ**

---

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ၃/၂၀၁၅-၂၀၁၆ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး၊ ခွဲသား

# ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့)နံနက်၀၉း၃၀နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး(၂၁၉)တန်ခန့်၊ သစ်မာသစ်လုံး(၅၇၀၂)တန်ခန့်၊ ကျွန်းခွဲသား(၅၃)တန်ခန့်၊ သစ်မာခွဲသား(၁၅)တန်ခန့်၊ (ပိတောက်/တမလန်းခွဲသားများ ပါဝင်ပါသည်။)
(ဂ) **ရောင်းချမည့်နေရာ** - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန (ရုံးချုပ်)မြန်မာ့သစ်လုပ်ငန်း၊အမှတ်(၇၂/၇၄) ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈ များ တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ၊ ပြည်တွင်းရောင်း/စက်**

---

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

# စိုက်ပျိုးရေးဆိုင်ရာသုတေသနအခြေပြုပါရဂူဘွဲ့ သင်တန်းသားခေါ်ယူခြင်း

## (Research Oriented Doctoral Program in Agriculture)

လယ်ယာကဏ္ဍနှင့်သက်ဆိုင်သော အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းကဏ္ဍအသီးသီးတွင် ဦးဆောင်ဦးရွက်ပြုနေကြသူများအတွက် သုတေသနအခြေပြု ပါရဂူဘွဲ့သင်တန်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အောက်ပါအစီအစဉ်အတိုင်း စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။ ဤသင်တန်းသည် အချိန်ပိုင်းသင်တန်းသာဖြစ်၍ အစိုးရဌာနအသီးသီးတွင်လုပ်ကိုင်နေသော ဝန်ထမ်းများလည်း မိမိအလုပ်အကိုင်မပျက် သင်ယူလေ့လာနိုင်ပါသည်။ ပါရဂူဘွဲ့သို့ မတက်ရောက်မီက ရေးသားဆောင်ရွက်ခဲ့သော စာတမ်းများ (Publications)ရှိပါက လူတွေ့စစ်ဆေးသည့်အခါ တစ်ပါတည်းယူဆောင်လာရန်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် လျှောက်လွှာများ ရယူလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

### သင်တန်းဖွင့်လှစ်မည့်အစီအစဉ်

| | | |
|---|---|---|
| ၁။ | သင်တန်းအမည် | - စိုက်ပျိုးရေးဆိုင်ရာ သုတေသနအခြေပြုပါရဂူဘွဲ့ သင်တန်း |
| ၂။ | သင်ကြားမည့်ဘာသာရပ်များ | - (က) လယ်ယာသီးနှံစိုက်ပျိုးရေးပညာအထူးပြု<br>(ခ) မြေဆီလွှာနှင့်ရေသိပ္ပံအထူးပြု<br>(ဂ) ကိမိလဗေဒအထူးပြု<br>(ဃ) စိုက်ပျိုးစီးပွားပညာအထူးပြု |
| ၃။ | သင်တန်းကာလ | - (၅)နှစ် (အချိန်ပိုင်းသင်တန်း ဖြစ်ပါသည်။) |
| ၄။ | သင်တန်းဝင်ခွင့် | - ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပညာရေးအဖွဲ့မှ လူတွေ့စစ်ဆေး၍ လက်ခံပါမည်။ |
| ၅။ | လျှောက်လွှာစတင် ရယူနိုင်သည့်ရက် | - ၂၀၁၅ ခုနှစ် ဇွန်လ ၁ရက် |
| ၆။ | လျှောက်လွှာပိတ်ရက် | - ၂၀၁၅ ခုနှစ် ဩဂုတ် ၂၈ရက် |
| ၇။ | သင်တန်းစတင်မည့်ရက် | - ၂၀၁၅ ခုနှစ် နိုဝင်ဘာလ |
| ၈။ | လူတွေ့စစ်ဆေးမည့်ရက် | - အသေးစိတ်ကိုထပ်မံကြေညာပါမည်။ |

### သင်တန်းသားအရည်အချင်းသတ်မှတ်ချက်

(က) လျှောက်ထားသူသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဌာနဆိုင်ရာ/ ပုဂ္ဂလိက၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများတွင် အောင်မြင်စွာဖြင့် (သို့မဟုတ်) သိသာထင်ရှားစွာ ပါဝင်ဆောင်ရွက်နေသူဖြစ်ရမည်။
(ခ) သုတေသနအခြေပြုပါရဂူဘွဲ့သင်တန်းအား တက်ရောက်ရန် လျှောက်ထားသူသည် သက်ဆိုင်ရာဘာသာရပ်နှင့်နီးနွယ်သည့် သင်တန်းတွင် အသိအမှတ်ပြုတက္ကသိုလ် တစ်ခုခုမှ မဟာဘွဲ့(သို့)ယင်းဘွဲ့နှင့်ညီမျှသော ဘွဲ့ရရှိထားသူဖြစ်ရမည်။ (ဥပမာ- M.Agr.Sc, M.Sc, M.S,M.A,etc.)
(ဂ) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ဃ) လျှောက်ထားသူသည် (မဟာဘွဲ့သင်တန်းတွင်ဖြစ်စေ) သက်ဆိုင်ရာဘာသာရပ်နယ်ပယ်တွင် သုတေသနမှတ်တမ်းများ ဆောင်ရွက်ထားရှိဖူးသူဖြစ်ရမည်ဖြစ်ပြီး တက်ရောက်မည့်ဘာသာရပ်နှင့်ကိုက်ညီသော သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စာတွေ့လက်တွေ့အခြေခံရှိရမည်။
(င) လျှောက်ထားသူသည် လေ့လာဆောင်ရွက်မည့်သုတေသနအား အထောက်အပံ့ပြုနိုင်မည့် ဘာသာရပ်ဆိုင်ရာ အခြေခံသဘောတရားများနှင့် လက်တွေ့ကို ဆက်စပ်တွေးခေါ်နိုင်သော ဗဟုသုတများနှင့် ကျွမ်းကျင်မှုများရှိရမည်ဖြစ်သည်။
(စ) လျှောက်ထားသူသည် သက်ဆိုင်ရာလုပ်ငန်းခွင် အကြီးအကဲ(သို့) အထောက်အပံ့ပေးသူမှ ဤသင်တန်းကို တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(Letter of Recommendation) နှင့်တကွ တင်ပြရမည်ဖြစ်သည်။(တစ်ဦးချင်းလျှောက်ထားခြင်းကို လက်ခံမည်မဟုတ်ပါ)

အသေးစိတ်မေးမြန်းလိုပါက ဒုတိယပါမောက္ခချုပ်(သင်ကြားရေး) ဖုန်း-၀၆၇-၄၁၆၅၁၆၊ ကျောင်းသားရေးရာဌာန ဖုန်း-၀၆၇-၄၁၆၅၁၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

## ပြည်ထဲရေးဝန်ကြီးဌာန
## (မီးသတ်ဦးစီးဌာန)
## ကရင်ပြည်နယ်မီးသတ်ဦးစီးဌာန၊ ဘားအံမြို့

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနတွင် အောက်ဖော်ပြပါပစ္စည်းများဝယ်ယူရန် ပြည်တွင်း/ ပြည်ပကုမ္ပဏီများအား တင်ဒါတင်သွင်းသွားရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မီးငြိမ်းသတ်ယာဉ် (၂၀) စီး
(ခ) မီးသတ်ရေသယ်ယာဉ် (၁၇)စီး
(ဂ) အုပ်ချုပ်မှုယာဉ် (၄) စီး
(ဃ) ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ
(င) မီးငြိမ်းသတ်ရေးပစ္စည်းများ

၂။ တင်ဒါများကို ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ ဘားအံမြို့တွင် အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁၈-၅-၂၀၁၅ ရက်မှ ၅-၆-၂၀၁၅ ရက်အထိ
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၈-၆-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါများစိစစ်ရွေးချယ်မည့်ရက်** - ၁၁-၆-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ ဘားအံမြို့ ဖုန်း-၀၅၈-၂၂၆၀၆၊ ၀၅၈-၂၁၅၀၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကရင်ပြည်နယ်တင်ဒါကြီးကြပ်ရေးကော်မတီ**
**ဘားအံမြို့**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံစာရင်းကောင်စီ

# အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၂၀-၂-၂၀၁၅ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅)အရ နိုင်ငံခြားတိုင်းပြည်များမှ အောက်ဖော်ပြပါ စာရင်းပညာဆိုင်ရာ လက်မှတ်ရရှိထားသည့် နိုင်ငံသားများအား လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အဖြစ် မှတ်ပုံတင်ရန် အရည်အချင်းစစ်စာမေးပွဲ ကျင်းပမည်ဖြစ်ပါသည်-

(က) ACCA ၏ စာမေးပွဲအားလုံးအောင်မြင်ပြီးသူများ
(ခ) CIMA ၏ စာမေးပွဲအားလုံးအောင်မြင်ပြီးသူများ
(ဂ) အထက်အပိုဒ်(က)နှင့်(ခ)တို့နှင့် အဆင့်တူသော နိုင်ငံခြားစာရင်းပညာ ဆိုင်ရာ လက်မှတ်ရရှိထားသူများ

၂။ အရည်အချင်းစစ်စာမေးပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| စဉ် | ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|---|
| (က) | ၈-၇-၂၀၁၅ရက် | ၁၀း၀၀နာရီ | Commercial and Industrial Laws |
| (ခ) | ၉-၇-၂၀၁၅ရက် | ၁၀း၀၀နာရီ | Taxation |
| (ဂ) | ၁၀-၇-၂၀၁၅ရက် | ၁၀း၀၀နာရီ | Practical Auditing I & II |

၃။ Commercial and Industrial Laws နှင့် Taxation ဘာသာရပ်များကို မြန်မာဘာသာဖြင့်လည်းကောင်း၊ Practical Auditing I & II ဘာသာရပ်ကို English ဘာသာဖြင့်လည်းကောင်း ဖြေဆိုရပါမည်။ စာမေးပွဲသင်ရိုးညွှန်းတမ်းမှာ အထက်အပိုဒ်(၁)ပါ ရုံးအမိန့်တွင် ဖော်ပြထားသည့်အတိုင်းဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်းပါ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရည်ညွှန်းဖြေဆိုရန်ဖြစ်ပါသည်။

၄။ သတ်မှတ်အရည်အချင်းပြည့်မီသော အရည်အချင်းစစ်စာမေးပွဲဖြေဆိုလိုသူများသည် အထက်အပိုဒ်(၂)ပါလိပ်စာတွင် လျှောက်လွှာကြေး ကျပ် ၁၀၀၀၊ စာမေးပွဲကြေး ကျပ် ၅၀၀၀ ပေးသွင်း၍ ၁၈-၅-၂၀၁၅ ရက်မှ ၂၉-၅-၂၀၁၅ ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံစာရင်းကောင်စီရုံး၏ ဖုန်း-၀၁-၂၂၃၁၄၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**

---

# ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး) အသင်းရုံးအဆောက်အအုံတည်ဆောက်ရန်အတွက်

# အလှူငွေများပါဝင်လှူဒါန်းနိုင်

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ ထောက်ပံ့ငွေဖြင့် ဝယ်ယူထားသော ချမ်းမြသာစည်မြို့နယ်၊ အကွက်(၄၀၆)၊ မြေကွက်အမှတ်(၉၈-ဍ/၉၈-ဎ)ပေါ်တွင် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး)အသင်းရုံး လေးထပ်အဆောက်အအုံ တည်ဆောက်မည်ဖြစ်ပါသဖြင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များမှ အလှူငွေများ ထည့်ဝင်လှူဒါန်းပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မှတ်ချက်-** အလှူငွေများကို အခမ်းအနားဖြင့်လှူဒါန်းလိုလျှင်သော်လည်းကောင်း၊ အိမ်တိုင်ရာရောက် အလှူခံ၍သော်လည်းကောင်း လှူဒါန်းနိုင်ပါသည်။

**ဆက်သွယ်လှူဒါန်းလိုပါက-** ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး)၊ ၃၄ လမ်း၊ ၈၅ လမ်းထောင့်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၂၄၇၇၉၊ ၀၂-၆၅၂၆၀

**ဘဏ္ဍာငွေရှာဖွေရေးနှင့်**
**အသင်းရုံးဆောက်လုပ်ရေးဆပ်ကော်မတီ**
**ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး)**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ကလေးဆေးရုံကြီး (ဒဂုံမြို့နယ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်ကလေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရ ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၇-၆-၂၀၁၅ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊**
**ရန်ကုန်ကလေးဆေးရုံကြီး**
**ဖုန်း-၀၁-၂၂၁၄၂၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး
## မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် မြို့နယ်စာရင်းစစ်ရုံးများတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါလုပ်ငန်းများဆောင်ရွက်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

(၁) ညွှန်ကြားရေးမှူး အိမ်ရာဆောက်လုပ်ခြင်း ပင်မဆောင် (၄၅'×၃၆') ပေါ်တီကို (၂၆'×၂၆')RC
(၂) ချောင်းဆုံမြို့နယ် စာရင်းစစ်ရုံး (၄၂'×၃၆') ခြောက်ခန်းတွဲ တစ်ထပ်RC အိမ်ရာ တစ်လုံးဆောက်လုပ်ခြင်း (ရေ/မီးအပါအဝင်)
(၃) မုဒုံမြို့နယ်စာရင်းစစ်ရုံး (၂၆'×၃၀') နှစ်ခန်းတွဲ နှစ်ထပ် RC ဝန်ထမ်းအိမ်ရာ တစ်လုံးဆောက်လုပ်ခြင်း (ရေ/မီးအပါအဝင်)

၂။ ဒေသခံကုမ္ပဏီအား ဦးစားပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ မော်လမြိုင်မြို့သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းသည့်အချိန်တွင် အဆောက်အအုံပုံစံဒီဇိုင်းနှင့်အတူ ခန့်မှန်းခြေ စာရင်းရေးဆွဲတင်ပြရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၄။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၂၅-၅-၂၀၁၅ ရက် ၉း၃၀နာရီ |
| ၅။ | **တင်ဒါပိတ်မည့်ရက်** | - ၅-၆-၂၀၁၅ ရက် |
| ၆။ | **တင်ဒါပိတ်မည့်အချိန်** | - ၁၆း၀၀ နာရီ |
| ၇။ | **ဆက်သွယ်ရမည့်ဖုန်း** | - ၀၅၇-၂၄၇၃၄ |

**တင်ဒါခေါ်ယူရေးကော်မတီ**
**မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး**
**မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ယာဉ်အပိုပစ္စည်းနှင့် လက်သုံးကိရိယာများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) ယာဉ်အပိုပစ္စည်း (၄၁) မျိုး
(ခ) တာယာ (၁၄) မျိုး
(ဂ) ဘက်ထရီ (၁၀) မျိုး
(ဃ) အင်ဂျင်ဝိုင် (၂) မျိုး
(င) လက်သုံးကိရိယာ (၂၇) မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၅-၂၀၁၅ရက်မှ ၂၇-၅-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၀၀နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်နှင့် ပစ္စည်းထိန်းဌာနခွဲ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တို့တွင် ပုံစံတစ်စောင်လျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဖြင့် လာရောက် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၅-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၃း၀၀နာရီတွင် နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းကြရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**အိတ်ဖွင့်တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**
**ရုံးအမှတ် ၃၂၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၆၁၆၇၊ ၀၆၇-၄၀၆၂၆၉၊ ၀၆၇-၄၀၆၁၉၈**

## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ အရှေ့သာစည်ရပ်ကွက်၊ ၂ မိုင်အောင်သာရှိ ဦးပိုင်အမှတ် ၇၄၊ ကွင်းအမှတ် ၇၀၊ ဦးသန်းဌေး အမည်ပေါက် မြေကွက်အား ကျွန်တော် ဦးအေးလွင် ၁/ဗမန(နိုင်)၀၂၂၀၃၈ မှ ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းမြေကွက် ကို အမည်ပြောင်းလဲမည်ဖြစ်၍ ၎င်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ခုနစ်ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဗန်းမော်မြို့နယ် မြေစာရင်းဦးစီးဌာနသို့ လိပ်မူပြီး ကန့်ကွက်နိုင်ပါကြောင်း။

**ဦးအေးလွင် ၁/ဗမန(နိုင်)၀၂၂၀၃၈**
**ဟန်းတဲရပ်ကွက်၊ ဗန်းမော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/မစိုးရိမ်အရှေ့၊ မြေကွက်/ဦးပိုင်အမှတ်(၁၅ဃ)၊ ဧရိယာ ၀ဒသမ၃၁၂ ဧကရှိ ဦးဌေးအောင်(ပါ)၂ အမည်ပေါက်ဘိုးဘပိုင်မြေကွက်အား ဦးတင်ထွေး၉/ပမန(နိုင်)၀၁၉၃၈၂ (ဘ) ဦးမြင့်ဆွေမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### တာချီလိတ်ခရိုင်တရားရုံး
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅

| | | |
|---|---|---|
| မထွေးထွေး<br>၀က/၂၆၁၊ ဝိန်းကျောက်ရပ်ကွက်၊<br>တာချီလိတ်မြို့။ | **နှင့်** | ဦးထွန်းနော်<br>(ယခင်လိပ်စာ)<br>၀က/၂၆၁၊ ဝိန်းကျောက်ရပ်ကွက်၊<br>တာချီလိတ်မြို့။<br>(ယခုလိပ်စာမသိပါ) |
| **တရားလို** | | **တရားပြိုင်** |

တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ အိမ်အမှတ် (၀က/၂၆၁)နေ ဦးထွန်းနော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

မထွေးထွေးက "လင်မယားကွာလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် မေ၁၉ရက် (၁၃၇၇ခုနှစ် နယုန်လဆန်း ၂ ရက်၊ အင်္ဂါနေ့)မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ထွန်း)**
**ခရိုင်တရားသူကြီး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### တောင်ကြီးခရိုင်တရားရုံး
### ၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၁၂၁

| | | |
|---|---|---|
| ဒေါ်ယဉ်ယဉ်(ခ)အေးလှ(ခ)အားလန် | **နှင့်** | ၁။ ဒေါ်ချိုချိုသက်<br>၂။ ဒေါ်ချိုချိုဝင်း (ကွယ်လွန်) |
| **တရားလို** | | **တရားပြိုင်များ** |

တောင်ကြီးမြို့၊ ရတနာသီရိရပ်၊ ပုလဲလမ်း၊ အမှတ် (၈၅/၅)နေ (ယခုနေရပ်လိပ်စာမသိ) နေ မောင်ထိန်ဝင်းနှင့် မဝတ်ရည်ထက် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၉၄၄၅၈၉၀၀ိ/- ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၁၈ ရက် (၁၃၇၇ခုနှစ် နယုန်လဆန်း ၁ ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ထုချေ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးဌေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**တောင်ကြီးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ကြီးခရိုင်တရားရုံး
### ၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၁၂၀

| | | |
|---|---|---|
| ဒေါ်ယဉ်ယဉ်(ခ)အေးလှ(ခ)အားလန် | **နှင့်** | ၁။ ဒေါ်ချိုချိုသက်<br>၂။ ဒေါ်ချိုချိုဝင်း(ကွယ်လွန်) |
| **တရားလို** | | **တရားပြိုင်များ** |

တောင်ကြီးမြို့၊ ရတနာသီရိရပ်၊ ပုလဲလမ်း၊ အမှတ် (၈၅/၅) နေ (ယခုနေရပ်လိပ်စာမသိ) နေ မောင်ထိန်ဝင်း နှင့် မဝတ်ရည်ထက်သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်(၅၃၇၇၁၂၂၅ိ/-)ရလိုကြောင်း နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၁၈ ရက် (၁၃၇၇ ခုနှစ် နယုန်လဆန်း ၁ရက်)မွန်းမတည့်မီ အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့်သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးဌေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်/ဦးပိုင်အမှတ် (၃၉၄)၊ ဧရိယာ ၀ဒသမ၀၈၂ ဧကရှိ ဦးကြည်အမည်ပေါက် မြေငှားဂရန် မြေကွက်အား ဒေါ်ကြူကြူ၁၂/သဃက(နိုင်)၀၀၇၁၉၉ (ဘ) ဦးလွင်မောင်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

YPGG ဂေါက်သီးရိုက်အသင်း၏ အကြိမ် (၆၀)ပြည့် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် မေ ၂၅ ရက် (တနင်္လာနေ့) နံနက် ၅း၃၀ နာရီတွင် (၉ မိုင် မြန်မာဂေါက်ကွင်း) ရန်ကုန်တွင်ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း ပါဝင်ကြရန်နှင့် အသေးစိတ်သိလိုပါက **ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆** ထံတွင် ဆက်သွယ် စုံစမ်းနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မော်လမြိုင်ခရိုင်တရားမရုံးတော်၌
### ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၀

| | | |
|---|---|---|
| မဝင်းသန္တာဦး | **နှင့်** | ၁။ ဦးထွန်းရီ<br>၂။ ဒေါ်ခင်ညွန့်(ခ)ဒေါ်တွတ်<br>အတူနေလင်မယား |
| **တရားလို** | | **တရားပြိုင်များ** |

သံဖြူဇရပ်မြို့နယ်၊ ဝဲရက်ကျေးရွာအုပ်စု၊ ဝယ်သွန်ချောင်ကျေးရွာ၊ အပေါ်ပိုင်းနေ (၁) ဦးထွန်းရီ၊ (၂)ဒေါ်ခင်ညွန့်(ခ)ဒေါ်တွတ် (အတူနေလင်မယား) ယခုနေရပ် လိပ်စာမသိ သိစေရမည်။

သင့်အပေါ်၌ တရားလို မဝင်းသန္တာဦးက ချေးငွေကျန်ငွေ ၃၆၀၀၀၀၀ိ-/(သိန်းသုံးရာခြောက်ဆယ်)ကို ဥပဒေအရခံစားပိုင်ခွင့်ရှိသော အတိုးနှုန်းနှင့်တကွ ပြန်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၁၉ရက် (၁၃၇၇ခုနှစ် နယုန်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့ သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချယ်ရီခင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### သထုံခရိုင်တရားရုံး
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇

| | | |
|---|---|---|
| ဒေါ်ဝင်းဝင်းမော် | **နှင့်** | ၁။ ဒေါ်နွယ်နီဖူး<br>၂။ ဒေါ်ချယ်ရီဖူး<br>၃။ ဒေါ်ခင်ထားရီ |
| **တရားလို** | | **တရားပြိုင်များ** |

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ရွှေလေ့ကျေးရွာ၊ နယ်မြေ (၂)နေ ၁။ ဒေါ်နွယ်နီဖူး၊ ၂။ ဒေါ်ချယ်ရီဖူး၊ ၃။ ဒေါ်ခင်ထားရီ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ငွေကျပ် (၂၁၂)သိန်း ပြန်ရလိုမှု" ကို လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၂၅ ရက် (၁၃၇၇ခုနှစ် နယုန်လဆန်း၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင့်ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းနွဲ့)**
**ဒုတိယခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

## ဒေါ်နုနုအေး ၁၃/နမတ(နိုင်)၀၀၀၂၆၁ ၏ ၁၀-၅-၂၀၁၅
## ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြေညာချက်နှင့်ပတ်သက်၍
## ကန့်ကွက်ကြောင်း ဒေါ်နုနုအေးနှင့်
## အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်လွင်လွင်ချို ၁၃/လရန(နိုင်)၀၃၀၆၀၂ အိမ်အမှတ် ၂/၁၅၃ (က)၊ ၂/၂၉၇ (ခ)၊ နယ်မြေ (ဂ)၊ ရပ်ကွက်(၁)၊ ကျောက်တောင်ရပ်၊ လားရှိုးမြို့ နေထိုင်သူ က အောက်ပါအတိုင်း ဒေါ်နုနုအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နုနုအေး၏ ၁၀-၅-၂၀၁၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ကြေညာထားသည့် အထက်လိပ်စာပါအတိုင်း အိမ်နှင့်မြေကွက်များကို ကျွန်မ အမှန်တကယ်ရောင်းချထားခြင်းမပြုခဲ့ပါ။ယင်းအိမ်နှင့် မြေကွက်များကို ကျပ်သိန်း ၁၃၀၀၀၀၀၀၀ိ/-(ကျပ်သိန်းထောင့်သုံးရာတိတိ)ဖြင့် မြန်မာနိုင်ငံ၊ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (လားရှိုး ရုံးခွဲ) တွင် ၁၈-၈-၂၀၁၄ ရက်စွဲဖြင့် နှစ်ဦးသဘောတူ အိမ်မြေကွက် အပြီးအပိုင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုခဲ့ခြင်း လုံးဝ(လုံးဝ)မရှိခဲ့ပါ။

အထက်ပါအကြောင်းအချက်များဖြင့် ဒေါ်နုနုအေး၏ ၁၀-၅-၂၀၁၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်များကို ကန့်ကွက်ပါကြောင်း ဒေါ်နုနုအေးနှင့် အများသိသာနိုင်ရန် ကြေညာအပ်ပါသည်။

**ဒေါ်လွင်လွင်ချို**
**၁၃/လရန(နိုင်)၀၃၀၆၀၂**
**ဖုန်း-၀၉-၂၆၁၄၃၈၉၂၂**

# မြန်မာရေလုပ်သားဒုက္ခသည် ၁၃၇ ဦး မေ ၁၇ ရက်တွင် မြန်မာနိုင်ငံသို့ ထပ်မံရောက်ရှိမည်



မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းမှ အခမဲ့ခေါ်ဆောင်လာသော မြန်မာနိုင်ငံသားရေလုပ်သားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မိုးမခ

**ရန်ကုန် မေ ၁၅**

အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်း၊ တူရယ်ကျွန်းနှင့် ဒိုဘိုကျွန်းတို့၌ လူကုန်ကူးခံရပြီး အခမ့်စေခိုင်းခံနေရသည့် မြန်မာနိုင်ငံမှ ရေလုပ်သား ဒုက္ခသည်များကို ကမ္ဘောဇဘဏ်၏ အကူအညီဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းက မေ ၁၇ ရက်တွင် ဒုတိယအသုတ်အနေဖြင့် ၁၃၇ ဦးကို အခမဲ့ ပြန်လည်ခေါ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ ကမ္ဘောဇဘဏ်နဲ့ မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းတို့က အခုလာမယ့် မေ ၁၇ ရက်မှာ ဘန်ဂျီနာကျွန်းရောက် မြန်မာရေလုပ်သားတွေကို ဒုတိယအကြိမ် အခမဲ့ ခေါ်ဆောင်ပေးဦးမှာဖြစ်ပါတယ်။ ခု ဒုတိယအသုတ်မှာ ၁၃၇ ဦး ခေါ်ဆောင်ဖို့ စီစဉ်ထားပါတယ်။ ပြီးခဲ့တဲ့ မေ ၁၅ ရက်ကလည်း ဒုက္ခသည် ၁၂၅ ဦးကို ပထမအသုတ်အနေနဲ့ ခေါ်ယူခဲ့ပြီးပါပြီ။ နောက် မေ ၁၈ ရက်နဲ့ ၂၂ ရက်တို့မှာလည်း ခေါ်ဆောင်သွားဖို့ရှိပါတယ်။ စုစုပေါင်း လေးခေါက်ကို ဒုက္ခသည် ၅၀၀ အခမဲ့ ခေါ်ဆောင်ကူသိုလ်ပြုပေးသွားမှာဖြစ်ပါတယ်" ဟု မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းမှ ပြန်ကြားရေးတာဝန်ခံ ဒေါ်အေးမရသာက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်း၊ တူရယ်ကျွန်းနှင့် ဒိုဘိုကျွန်းတို့၌ ရောက်ရှိနေသော မြန်မာရေလုပ်သား ဒုက္ခသည် ၅၀၀ ကျော်သည် လူကုန်ကူးခံရခြင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ❖

## ယနေ့ မာတိကာ


မြန်မာယူ-၂၃ ဗေယျာရွှေမြေကို ဂိုးပြတ်နိုင် စာ ၃

ပျောက်ဆုံး အမေရိကန် ရဟတ်ယာဉ်အပျက်အစီးများ တွေ့ရှိ စာ ၁၂

နိုင်ငံခြားငွေကြေးဈေးကွက် ထိန်းချုပ်မှု မှန်ကန်တဲ့ နည်းလမ်း သုံးစွဲနိုင်ပြီလား စာ ၁၄


# မြန်မာယူ-၂၀ အသင်း မဲလ်ဘုန်းလူငယ်အသင်းနှင့် ခြေစမ်းမည်

သတင်း-ရဲရင့်ရှိုင်း

**မဲလ်ဘုန်း မေ ၁၅**

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ဩစတြေးလျနိုင်ငံတွင် လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာယူ-၂၀ အသင်းသည် မေ ၁၈ ရက်တွင် မဲလ်ဘုန်း စီးတီးလူငယ်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာယူ-၂၀ အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် နောက်ဆုံးပြင်ဆင်သည့်အနေဖြင့် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် သွားရောက်လေ့ကျင့်နေခြင်းဖြစ်ပြီး ပထမဆုံး ခြေစမ်းပွဲကစားခြင်းဖြစ်သည်။

မြန်မာယူ-၂၀ အသင်းသည် မေ ၁၄ ရက်မှ ၂၃ ရက်အထိ လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ပြီး ဩစတြေးလျ ယူ-၂၀ အသင်းနှင့်လည်း ထပ်မံခြေစမ်းမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၄ ◆

# ဖုန်ကြားရှင်၏ MNDAA သောင်းကျန်းသူများ အခိုင်အမာ အခြေပြုခံစစ်ဆင်ထားသော ပွိုင့်-၂၂၀၂ တောင်ကုန်းအား တပ်မတော်က အောင်မြင်စွာ သိမ်းပိုက်ရရှိ

**နေပြည်တော် မေ ၁၅**

ဖုန်ကြားရှင်၏ MNDAA သောင်းကျန်းသူများ အခိုင်အမာခံစစ်ဆင်ထားသော လောက်ကိုင်မြို့မြောက်ဘက် စီကော်လုံဒေသရှိ ပွိုင့်-၂၂၀၂ တောင်ကုန်းအား ဧပြီ ၂၄ ရက်မှစ၍ ရာသီဥတုဆိုးရွားခြင်း၊ မြေအနေအထား မတ်စောက်ကြမ်းတမ်းခြင်းနှင့် ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် ပိတ်ဆို့ရင်ဆိုင်ထိန်းချုပ်ထားပြီး မေ ၁၂ ရက်တွင် ရာသီဥတုပြန်လည်ကောင်းမွန်လာခြင်းကြောင့် တပ်မတော်စစ်ကြောင်းများက ကြမ်းတမ်းကန့်သတ်ချက်များအား သုံးသပ်ပြီး မြေပြင်ပစ်အမြောက်တပ်ဖွဲ့၊ သံချပ်ကာတိုက်ယာဉ်များနှင့် လေကြောင်းပစ်ကူများဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ မေ ၁၄ ရက် ည ၁၀ နာရီ မိနစ် ၂၀ တွင် အချက်အချာဖြစ်သည့် ပွိုင့်-၂၂၀၂ တောင်ကုန်းအား အောင်မြင်စွာ သိမ်းပိုက်ရရှိသည်။

လောက်ကိုင်ဒေသအတွင်း ကျူးကျော်ဝင်ရောက်လာသော MNDAA သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ရဲဝံ့စွန့်စားစွာဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် သောင်းကျန်းသူများသည် အင်အားများ ပြိုကွဲ၍ ဆုတ်ခွာထွက်ပြေးခဲ့ပြီး ပြန်လည်စုစည်းကာ ဟိုထိုလင်ရွာတောင်ဘက် နှစ်နိုင်ငံ နယ်နိမိတ် မှတ်တိုင်အမှတ်(၁၂၀)အနီးရှိ မတ်စောက်သော ကျောက်တောင်တစ်ခုဖြစ်သည့် ပွိုင့်-၂၂၀၂ တောင်ကုန်းတွင် ခံစစ်ဆင်ခဲ့ခြင်း ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ■



# အာရှယူ-၂၃ ဘော်လီဘောပြိုင်ပွဲ မြန်မာအသင်း ဆော်ဒီအာရေဗျကို သုံးပွဲပြတ်နိုင်ပြီး အုပ်စုပထမဖြင့် နောက်တစ်ဆင့်တက်

သတင်းနှင့်ဓာတ်ပုံ-တင်မောင်လွင်(မြန်မာ့အလင်း)

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ် အာရှယူ-၂၃ အမျိုးသားဘော်လီဘောပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များကို မေ ၁၅ ရက် (ယနေ့)မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ဆက်လက်ကျင်းပလျက်ရှိရာ အိမ်ရှင် မြန်မာအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ပွဲစဉ်တွင် မြန်မာအသင်းက ဆော်ဒီအာရေဗျအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စုပထမအဖြစ် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာအသင်းသည် ဆော်ဒီအာရေဗျအသင်းကို အနိုင်ရရှိအောင် ကြိုးစားပြီး အကြိတ်အနယ်ယှဉ်ပြိုင်ရာ ၂၅-၁၂ မှတ်၊ ၂၅-၁၄ မှတ်၊ ၂၅-၁၆ မှတ်ဖြင့် သုံးပွဲပြတ်အနိုင်ယူခဲ့ခြင်းဖြစ်သည်။ လာမည့် စင်ကာပူဆီးဂိမ်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင် လူငယ်ကစားသမားအများစုကို အခြေခံဖွဲ့စည်းထားသည့် မြန်မာအသင်းသည် ယခုပြိုင်ပွဲ၌ သုံးပွဲ

စာမျက်နှာ ၅ ကော်လံ ၅ ❍





နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ ကြော်ငြာ ၀၁-၅၅၉၈၃၄။
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

